The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 35 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 19 , 2016




## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံခြားသား မခွဲခြားဘဲတန်းတူအခွင့်အရေးများ ပေးမည်ဟုဆို

|pmr;uEs- 6|

## မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ လေးသန်းကျော်သာရှိ

|pmr;uEs- 22|

## ဖျာပုံမြို့မှ အထွာဝါဇော် ကုမ္ပဏီ လီမိတက်က မြန်မာ့ရေထွက် ပစ္စည်းများအား ASEAN Trade Fair 2016 တွင် သွားရောက်ပြသမည်

|pmr;uEs- 23|

|ရှင်မင်းအို (တန့်ဆည်)|



မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်ရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာလ ပထမ ပတ်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ကျော်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၅၀၀ ကျော်ရှိပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန် ဒေါ်လာသန်း ၁၁၀၀၀ ကျော်ရှိရာ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ပို့ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ပိုမို တင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ သွင်းကုန် တင်သွင်းမှုအနေဖြင့် အမေရိကန် ဒေါ်လာသန်း ၄၂၆ ကျော် လျော့နည်း တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရပါတယ်။

ဒီနှစ်မှာ ပိုမိုတင်ပို့နိုင်တဲ့ ပစ္စည်းတွေကတော့ CMP ချုပ် ပြီးအထည်က

|pmr;uEs- 18|

## မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြဖို့ ဘယ်လောက်အထိ စိတ်ဝင်စားနေကြပြီလဲ

အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံကိုပြည်ပနိုင်ငံအတော်များများက စိတ်ဝင်စားနေကြသလိုလေ့လာမှုတွေတော်တော်များများ လုပ်နေကြတာကိုလည်း သိရှိနေရပါတယ်။ စိတ်ဝင်တစားနဲ့ မေးမြန်းစုံစမ်းမှုတွေရှိသလို စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတဲ့သူတွေကလည်း ဒုနဲ့ဒေးပါ။

အဲဒီလို စောင့်ကြည့်နေရတဲ့ အကြောင်းရင်းကတော့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်း

|pmr;uEs- 12|

## ရွေးချယ်စရာ သဘာဝအလှနှင့် wpfPtvS


|pmr;uEs- 30|






# Shwe Pu Zun
## Cafeteria & Bakery House








**SHWE PU ZUN Cafeteria & Bakery House**

**Shop(1)** No.246/248, Anawrahta Rd, Lanmadaw Township,Yangon.
*Tel : 01-222305, 211709, 227171, Fax : 951-227771*

**Shop(2)** No.14-A, Minnandar Rd, Dawbon Township, Yangon.
*Tel : 01-553062, 553063, 553064*

**Shop(3)** No.42, Oaktarathiri Township, Near InGyinPanWyne, Nay Pyi Taw
*Tel : 067-417100, 417200, 417201*

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ် – ဗီယက်နမ်နယ်စပ် ပေါင်းစပ်အထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ကိုနှင့် မြန်မာကိုယ်ရေး ကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦးတို့ လိုက်ပါလျက် နန်နင်းမြို့မှ စက်တင်ဘာလ ၁၃ ရက်တွင် စတင်ထွက်ခွာလာရာ နေ့လယ်ပိုင်း၌ တရုတ် - ဗီယက်နမ် နယ်စပ်၊ ဖျင်ရှန်မြို့ရှိ (Guangxi Pingxiang Intergrated Free Trade Zone) သို့ရောက်ရှိရာ ဖျင်ရှန်မြို့၊ ဒုတိယမြို့တော်ဝန် Mr. Luo Zhen Rong နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး စီမံကိန်း ရှင်းလင်း ဆောင်တွင် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး Mr. Wan Ming က စီမံကိန်းလုပ်ငန်းဆိုင်ရာ အချက် အလက်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များအား ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ် - ဗီယက်နမ် နယ်စပ် ယိုယိကွမ်းဂိတ်သို့ သွားရောက်၍ နှစ်နိုင်ငံ ပြည်သူများနှင့် တတိယနိုင်ငံသားများ နယ်စပ်ဂိတ်မှ ဝင်ထွက်သွားလာနေမှု၊ နယ်စပ်ဂိတ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ် - ဗီယက်နမ် Guangxi Pingxiang Intergrated Free Trade Zone စစ်ဆေးရေးဂိတ်သို့ သွားရောက်ကာ Export Check Point Area၊ Import Check Point Area၊ Storage Area များတည်ဆောက်ထားမှုနှင့် လုပ်ငန်းလည်ပတ်မှု အခြေအနေများကို ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

အဆိုပါ Guangxi Pingxiang Intergrated Free Trade Zone သည် စုစုပေါင်း စတုရန်းကီလိုမီတာ ၅ ဒသမ ၈ ပေါ်တွင် အဆင့်သုံးဆင့်ခွဲ၍ တည်ဆောက်ရန် ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံတော်ကောင်စီမှ စတင်ခွင့်ပြုခဲ့ပြီး ၎င်း Intergrated Free Trade Zone သည် ဗီယက်နမ်နိုင်ငံ၊ Lang Son Border Trade Zone နှင့် နှစ်နိုင်ငံပူးပေါင်း၍ Single Entry တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းဇုန်သည် တရုတ် - ဗီယက်နမ် နယ်စပ်မှ အစပြုကာ အာဆီယံနိုင်ငံများသို့ မီးရထားလမ်း၊ ကားလမ်းစသည့် လမ်း ကွန်ရက်များကို အခြေခံသည့် ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုပေါ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။ Guangxi Pingxiang Intergrated Free Trade Zone သည် တရုတ်နိုင်ငံ၏ နယ်စပ်စီးပွားရေးဇုန်များတွင် အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံအတွက် သစ်သီးဝလံအများဆုံး တင်သွင်းသည့် နယ်စပ်စီးပွားရေးဇုန်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC(CIR)**

# ပုဂ္ဂလိကလုပ်ငန်းရှင်များအား National Trade Portal and Trade Repository Website အား မိတ်ဆက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် USAID တို့ ပူးပေါင်း၍ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များအား National Trade Portal and Trade Repository Website အား မိတ်ဆက်သည့် အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်ခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ မိတ်ဆက်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ညွှန်ကြားရေးမှူး ဒေါ်တင်စန်းရီ၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုး ခိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုး၊ USAID မှ မစ္စတာ စတိဖ်ပါကာ၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး) တာဝန်ခံ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအေးမင်းထွန်း၊ ဖိတ်ကြားထားသော တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များ၊ ကုန်သွယ်မှုအခြေခံသင်တန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

မိတ်ဆက်ပွဲအခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက National Trade Portal and Trade Repository Website ကို ၂၀၁၆ ခုနှစ် မေ ၂၆ ရက်တွင် နိုင်ငံတော် ဒုတိယသမ္မတ တက်ရောက်ပြီး တရားဝင်လွှင့်တင်ပွဲ အခမ်းအနားဖြင့် စတင်ထုတ် လွှင့်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် မိတ်ဆက်သည့် အခမ်းအနားအား ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၄ ရက်က ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဝက်ဘ်ဆိုက်တည်ထောင်ရသည့် ရည်ရွယ်ချက်မှာ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို လွယ်လွယ်ကူကူ သိရှိစေရန်နှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန်၊ အချိန်နှင့် ကုန်ကျစရိတ်တို့ကို သက်သာစေရန်တို့ ဖြစ်ပါကြောင်း၊ ကုန်စည်များတင်သွင်း၊ တင်ပို့လိုသည့် လုပ်ငန်းရှင်များအနေဖြင့် သတင်းအချက်အလက်များကို လွယ်လွယ်ကူကူရရှိနိုင်မှာဖြစ်ပါကြောင်း၊ ဒီဝက်ဘ်ဆိုက်ကို အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှု ပြုလုပ်သူများသာမက ရင်းနှီးမြှုပ်နှံသူတွေ၊ သုတေသနပညာရှင်တွေစတဲ့ နယ်ပယ်စုံကလူတွေအနေနဲ့ ကုန်သွယ်မှုအချက်အလက်တွေကို အချိန်တိုအတွင်းမှာ ရှာဖွေသိရှိနိုင်မှာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများမှာ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်အတွက် ကုန်သည်လုပ်ငန်းရှင်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ USAID မှ မစ္စတာ စတိဖ်ပါကာကလည်း မိတ်ဆက်စကားပြောကြားပြီးနောက် National Trade Portal and Trade Repository Website အသုံးပြုပုံများကို ကုန်သွယ်ရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုးနှင့် ဦးစီးအရာရှိ ဒေါ်ဟေမာန်သိန်းဦးတို့က လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



**AMT(MDY)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 16, No.35 Monday September 19 2016

# ဆန်ကြမ်းဈေးဆက်ကျပြီး အရောင်းအဝယ်အေးလျက်ရှိ

ရန်ကုန်မြို့ ဝါးတန်းဆန်ဈေးကွက်ရဲ့ ဩဂုတ် ၁၅ ရက် လက်ကားဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းထိပ်စ တစ်အိတ်ကို ကျပ် ၃၅၅၀၀၊ လတ်စတစ်အိတ်ကို ကျပ် ၃၃၀၀၀၊ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀ နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း အပြောင်းအလဲသိပ် မရှိဘဲ ဆန်ချောအညံ့သာ တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေး ကျသွားကြောင်း သိရှိရပါတယ်။

ဆန်ကြမ်းဈေးလည်း တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ကြားဈေးကျကြောင်း သိရပါတယ်။ ဧည့်မထဆန် ထိပ်စ တစ်အိတ် ကျပ် ၂၀၅၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၁၉၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကိုကျပ် ၃၀၀ မှ ကျပ် ၇၀၀ အထိဈေးကျကြောင်း သိရှိရပါတယ်။ နွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၁၈၅၀၀ မှ ကျပ် ၁၉၅၀၀နဲ့ တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်အထိဈေးကျပြီး၊ ရက် ၉၀ နွေ ဆန် တစ်အိတ် ကျပ် ၂၀၀၀၀ မှ ကျပ် ၂၂၀၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၆၀၀၀မှ ကျပ် ၂၇၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ်ဆန်တစ်အိတ် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၂၀၀ ဈေးနဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်မှာ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်အဝင် ပုံမှန်ရှိသော်လည်း အရောင်းအဝယ်ပါးကြောင်း၊ ဆန်ဈေး ကွက်မှာလည်း ပြည်တွင်းဈေးကွက်သာ ရှိနေတဲ့အတွက် လောလောဆယ်ကာလတွင် ဆန်ဈေးဆက်မတက်နိုင်သေး ကြောင်း ဝါးတန်းဆန်ဈေးကွက်မှသိရှိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ဩဂုတ် ၁၆ ရက်ဆန်ဈေးနှုန်းမှာ ဧည့်မထ ၅မှတ် မော်ဘီ တစ်အိတ် ၁၃၈ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၅ မှတ် စူပါတစ်အိတ် ယွမ် ၁၄၀ မှ ၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ၁၃၈ ယွမ်မှ ၁၃၉ ယွမ်၊ မနောသုခ ၂၅ မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၃၉ယွမ်မှ ယွမ် ၁၄၀၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၃၄ ယွမ် မှ ၁၃၇ ယွမ်၊ ငစိန် ၂၅ မှတ်-တစ်အိတ် ယွမ် ၁၃၀ မှ ၁၃၂ ယွမ်ဖြစ်ပြီး ယခင်တစ်ပတ် အတိုင်း ဈေးနှုန်းမပြောင်းလဲကြောင်း သိရှိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်း ဆန်တန်ချိန် ၄၃၅၆ တန်ဝင်ရောက်မှုရှိပြီး၊ ယခင်တစ်ပတ်ထက် ဆန် အဝင် ၂၄၅၂ တန်လျော့နည်းကြောင်း သိရှိရပါတယ်။ အဝင်လျော့ကျရခြင်းမှာ အရောင်းအဝယ်ပါးခြင်းကြောင့် ဖြစ်ပြီး ယခုတစ်ပတ်အတွင်း စက်တင်ဘာ ၁၆ ရက်ဟာ တရုတ်လူမျိုးတို့ရဲ့ "လမုန့်စားပွဲတော်"ကျင်းပတဲ့နေ့ဖြစ်ပါ တယ်။

တရုတ်ကုန်သည်များ နေရပ်ပြန်ကြပြီး မိသားစုစုံညီပွဲ တွေကျင်းပကြတာကြောင့် ဆန်အဝယ်ပါးတဲ့အတွက် အဝင် လည်းနည်းရခြင်းဖြစ်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရှိရ ပါတယ်။ စက်တင်ဘာ ၁၆ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၈၂ ကျပ်ဈေးရှိကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ဆန်စပါးဈေးကွက်တွင် အရောင်းအဝယ်အေးပြီး ဈေးကျလာ

စက်တင်ဘာလအတွင်း ပြည်ဆန်စပါးဈေးကျလာတာတွေ့ရပါတယ်။ ဇူလိုင်နဲ့ ဩဂုတ် ဒုတိယပတ်အထိ ဆန်၊ စပါး ဈေးတက်နေရာမှ အတော်လေးဈေးငြိမ်ကာ ယခုလအတွင်းမှာတော့ ဈေးတွေကျလာတာဖြစ်ပါ တယ်။ ဆန်အရည်အသွေး မှာလည်း အညံ့မရှိဘဲ ထိပ်စ၊ အလတ်စအဆင့် ရှိနေပြီး၊ နယ်သို့တင်ပို့မှုနည်းလာကာ ဒေသအတွင်းဈေးကျလာတာဖြစ်ပါတယ်။

ယခုတစ်ပတ် တောင်ပျံစပါးဈေးမှာ ၄၆ ပေါင်တင်း ၁၀၀ လျှင် ၈၂၉၆၀၀ ကျပ်အထိ ဈေးကျလာပါတယ်။ တောင်ပျံ မွှေးဆန်တစ်အိတ်လျှင် (ထိပ်စ) ၃၆၅၀၀ ကျပ်နှင့်(လတ်စ) ၃၆၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဧည့်မထ စပါးဈေးကတော့ တင်း ၁၀၀ လျှင် ကျပ် ၅၃၃၆၀၀ ဈေးဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေးကတော့ ကျပ် ၂၀၀၀၀ တို့ဖြစ်ပါတယ်။ နယ်တင်ပို့မှုတွေ လည်း အတော်လေးခြားလာပါတယ်။ ယခင်လများတွင် မန္တလေးသို့တောင်ပျံမွှေးတင်ပို့မှု တစ်လအတွင်း အိတ်နှစ်သောင်း ကျော်၊ သုံးသောင်းအနည်းဆုံး တင်ပို့ ခဲ့ရပြီး ယခုအခါ တစ်လအတွင်းအိတ် ၁၀၀၀၀ နီးပါးသာ တင်ပို့နိုင်တော့ကြောင်း လည်း သိရပါတယ်။ ဧည့်မထဆန်တင်ပို့မှုအေးနေပြီး ဒေသ တွင်း အရောင်းလောက်သာရှိနေပါတယ်။ ဆန်ချောရော၊ ဆန်ကြမ်းပါ ဈေးကျနေခြင်းဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၉-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၈ | ၃၉၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၆ | ၃၇၀ | ▽ | ၃၄၅ | ၃၃၅ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၃၅ | ၃၂၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၇၁ | ၃၆၅ | ▽ | ၃၃၅ | ၃၂၆ | ▽ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၁ | ၃၆၀ | ▽ | ၃၃၂ | ၃၂၃ | ▽ | ၃၄၀ | ၃၄၀ | □ | ၃၃၅ | ၃၃၀ | ▽ |
| ပေါင်းဆန် | ၃၈၆ | ၃၇၈ | ▽ | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၆-၉-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၅၈၉၀ | ▽ | ၂၄၀၀၀ | □ | ၇၈၉၀ | ▽ | ၃၃၀၀၀ | ▽ |
| ပဲခူး | ၅၆၀၀ | □ | ၂၁၀၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၂၃၅၀ | △ | ၄၁၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | ▽ | ၁၉၅၀၀ | ▽ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၂-၉-၂၀၁၆ မှ ၁၆-၉-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 347 | 18,394,888.096 |
| 2 | Form D | 49 | 2,529,832.966 |
| 3 | Form E | 108 | 1,568,094.870 |
| 4 | Korea GSP | 9 | 235,456.775 |
| 5 | Form AK | 82 | 6,082,925.340 |
| 6 | Form AJ | 6 | 183,209.000 |
| 7 | Form AI | 59 | 2,206,967.240 |
| 8 | Form AANZ | 4 | 17,247.940 |
| 9 | Form DFTP | - | - |
| **Grand Total** | | **664** | **31,218,622.228** |

# ယခုတစ်ပတ် ဆန်တင်ပို့မှုလျော့ကျ

စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၇ သန်းတန်ဖိုးရှိ ဆန် ၁၀၂၀၇ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၅၁၇၃ တန် ကျော်နဲ့ ဧည့်မထဆန် တန် ၁၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ငစိန်ဆန် ၃၀၂ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေး စခန်းမှ ငစိန်ဆန် ၃၆၃၂ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်-တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၉၁၄ တန် လျော့နည်းခဲ့ပါ တယ်။

ဆန်ကွဲတင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၁၄၅၀ တန်နဲ့ လွယ်ဂျယ်မှ ၃၁၄ တန်ခန့်တင်ပို့ခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၃ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၇၆၄တန်ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်တစ် ပတ်တင်ပို့မှုထက် ၁၆ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၀၅ သန်းတန်ဖိုးရှိ ဆန် ၁၈၈ တန်ခန့်ကို တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်နဲ့ ပိုလန် နိုင်ငံသို့ ဧည့်မထဆန် ၆၃တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ် ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန် ၁၈၄၀ လျော့နည်းခဲ့ပါ တယ်။ အလားတူဆန်ကွဲတင်ပို့နိုင်မှုမှာလည်း အမေရိကန် ဒေါ်လာ သုည ဒသမ ၁၇၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၂ တန် ကျော်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ် တင်ပို့မှု အောက် ၁၆၃၃ တန်လျော့နည်းခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စ ဧပြီ ၁ရက်မှ စက်တင်ဘာ ၉ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၉၂၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၅၄၆၃၉ တန် ကျော်နဲ့ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆၉၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၂၁၇၂ တန်ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၆၁၈သန်း တန်ဖိုးရှိ ဆန်နဲ့ဆန်ကွဲစုစုပေါင်း တန်ချိန် ၄၇၅၈၁၂ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယမန် နှစ်ကာလတူ တင်ပို့နိုင်မှုနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၄၄၂ သန်းနဲ့ တန်ချိန် ၂၀၄၇၈၄ ခန့်လျော့နည်း နေကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၉-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၉/၉ | ၁၆/၉ | ပြောင်းလဲမှု | ၉/၉ | ၁၆/၉ | ပြောင်းလဲမှု | ၉/၉ | ၁၆/၉ | ပြောင်းလဲမှု | ၉/၉ | ၁၆/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၉၅ | ၂၂၆၂ | ▲ | - | ၂၂၅၀ | - | - | - | - | ၂၃၅၀ | ၂၀၂၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၇၆၄ | ၁၇၈၂ | ▲ | ၁၈၃၃ | - | - | - | - | - | ၁၈၅၀ | ၁၇၇၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၃၀၀ | ၁၃၀၀ | ■ | ၁၁၅၆ | ၁၁၀၂ | ▼ | ၁၁၀၄ | ၁၂၁၁ | ▲ | ၁၀၃၀ | ၁၀၀၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၆၀၀ | ▲ | - | - | - | - | - | - | ၂၀၀၀ | ၂၀၈၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၆၅ | ■ | - | - | - | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၆၀ | ■ | ၆၀၄ | ၆၀၄ | ■ | - | - | - | ၆၁၅ | ၅၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၉-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၃၀ | ၁၁၈၀ | ▲ | ၁၀၀၄ | ၁၁၀၅ | ▲ | ၁၀၅၄ | ၁၀၆၀ | ▲ |
| ၂ | ပဲစင်းငုံ | ၉၄၀ | ၉၄၀ | ■ | ၁၀၀၈ | ၁၀၆၀ | ▲ | ၁၀၃၉ | ၁၀၄၅ | ▲ |
| ၃ | ပဲတီစိမ်း | ၇၅၀ | ၆၂၀ | ▼ | ၆၇၇ | ၆၈၇ | ▲ | ၆၉၂ | ၇၄၇ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၈၉ | ၁၂၆၉ | ▲ | ၁၂၄၉ | ၁၂၈၄ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၆) မှ |
| | (၃.၉.၁၆)ထိ | (၁၀.၉.၁၆)ထိ | (၁၀.၉.၁၆) ထိ |
| မတ်ပဲ | ၃၁၀၄ | ၄၇၃၉ | ၃၉၁၁၆၈ |
| ပဲတီစိမ်း | ၁၈၁၀ | ၂၀၆ | ၁၄၇၇၃၁ |
| ပဲစင်းငုံ | ၁၆၇၄ | ၂၀၈ | ၁၇၇၉၄၉ |
| ကုလားပဲ | ၅၉ | ၅၀ | ၂၅၈၁၅ |
| ပဲလွန်းဖြူ | ၂၀၉ | ၆၃ | ၁၅၄၉၂ |
| မြေထောက်ပဲ | ၃၆၄ | ၁၃ | ၉၉၉၃ |



## ပြည်မြေပဲဆန် ဝင်အားကောင်းသလောက် အရောင်းအဝယ်ဖြစ်ပြီး ဈေးကျလာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆန်အိတ် အများအပြားဝင်ရောက်လာသဖြင့် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ ပြည်၊ အောင်လံကြားကျေးရွာများနဲ့ မြန်အောင်၊ ကြံခင်း၊ ဝက်ထီးကန်၊ ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ တစ်နေ့လျှင် အိတ် ၂၅၀၀ မှ ၃၀၀၀ အထိ ဝင်ရောက်လာတဲ့အတွက် ဈေးကွက်တွင် ပဲလက်ကျန် များလာတာတွေ့ရပါတယ်။

ပဲလက်ကျန်များလာသဖြင့် ဈေးနှုန်းကျလာတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်ထက်စာလျှင် ယခုတစ်ပတ်မှာ လုံးဆန် အဝင်ပိုများလာ ခဲ့ကာ လုံးဆန်ကို ရန်ကုန်ဆီစက်များက အဝယ်ရှိပြီး ဆီဆန်ကိုမကွေးဆီစက်နဲ့ပြည်ဆီ စက်များက အဝယ်ရှိနေပေမယ့် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ ယခု တစ်ပတ်တွင် မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၁၅၀၀ ကျပ်နှင့်လုံးဆန်တစ်ပိဿာလျှင် ၂၁၀၀ ကျပ်ဖြင့် ဈေးကျလာ သလို မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ၄၅၀၀ ကျပ်ဖြင့် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဈေးကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စက်တင်ဘာလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲကြီးသီးနှံများ ဈေးအနည်းငယ်ပိုလာပေမယ့် မတ်ပဲနှင့် ပဲစင်းငုံဈေးမြင့်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း အဓိကအရောင်းအဝယ်ဖြစ်လျက်ရှိတဲ့ ပဲများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများအားလုံးတွင် ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲသီးနှံများ နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်ပေမယ့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံအနေဖြင့် ယခုစက်တင်ဘာလအတွင်း နေ့စဉ်ရောင်းဝယ်မှုမဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲဈေးနှုန်းများကတော့ ပဲတီစိမ်း၊ ကုလားပဲနှင့် ပဲကြီးသီးနှံများ လဆန်းရက်ထက် ဈေးအနည်းငယ်ပိုရလာပြီး မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးလျော့နည်းနေတယ်လို့သိရပါတယ်။

မတ်ပဲသီးနှံမှာ တောင်သူများထံမှာ ပဲလက်ကျန်နည်းခဲ့လို့ နေ့စဉ်ပဲဝင်ရောက်မှု မရှိတော့တဲ့အတွက် ပန်းတောင်း၊ ပေါက်ခေါင်းမြို့နယ်များမှာ တစ်ခါတစ်ရံ အိတ် ၁၅၀ ကျော် ဝင်ရောက်ပြီး ရန်ကုန်ဝယ်လက် နေ့စဉ်အဝယ်ရှိပေမယ့် ရောင်းချသူနည်းလို့ နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ ရောင်းချနိုင်ခဲ့ပါတယ်။ ပဲဈေးမှာ လဆန်းရက်က ဈေးအတိုင်း ဈေးပြန်လျော့နည်းသွားခဲ့ပါတယ်။ စက်တင်ဘာ ဒုတိယပတ်အတွင်း မတ်ပဲသီးနှံဈေး ပြန်လည်မြင့်တက်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ လဆန်းရက်ကဈေးအတိုင်း တစ်တင်း ၄၂၅၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေသလို ယခင်နှစ် စက်တင်ဘာလလယ်ဈေးထက်လည်း ဈေးလျော့နည်းနေခဲ့ကြောင်းသိရှိရပါတယ်။ ယခင်နှစ်က စက်တင်ဘာလလယ်တွင် မတ်ပဲသီးနှံမှာ တစ်တင်း ၄၇၇၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ တစ်ရက်ကို အိတ် ၂၀၀-၂၅၀ ကျော် ပေါက်ခေါင်း၊ ပေါင်းတလည်ဘက်မှ ဝင်ရောက်နေပြီး မန္တလေးဝယ်လက်ကတော့ ဝင်လာသမျှပဲ အားလုံးဝယ်ယူနေတာကြောင့် နေ့စဉ် အိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲဈေးနှုန်းမှာ ဈေးအေးခဲ့လို့ တစ်တင်း ကျပ်နှစ်သောင်းတစ်ပတ်လည် သာရရှိခဲ့ကာ ယခုတစ်ပတ် တစ်တင်း ၂၀၅၀၀ ကျပ်ရရှိနေခဲ့ပါတယ်။ ယခင်နှစ် စက်တင်ဘာလအတွင်းက တစ်တင်း ကျပ်လေးသောင်းအထိ ရရှိခဲ့တာကြောင့် ယခုနှစ်ဈေးက ယခင်နှစ်ရဲ့ထက်ဝက်ခန့်သာ ရရှိခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ ပဲတီစိမ်းသီးနှံနဲ့ယှဉ်လျှင် ဈေးပိုရခဲ့ပေမယ့် ပဲလက်ကျန်လည်းသိပ်မရှိတော့သလို ပဲဝင်ရောက်မှုကလည်း မရှိတော့တဲ့အတွက် ရန်ကုန်ဝယ်လက်က ရက်ခြားသာ ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဒါကြောင့် အရောင်းအဝယ်ဖြစ်တဲ့ရက်မှာ အိတ် ၃၀၀ ခန့် ရောင်းဝယ်ခဲ့ကြကာ ပဲဈေးမှာ တစ်တင်း ၃၆၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်က ဈေးထက်ထပ်မံလျော့နည်းသွားခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံသီးနှံတစ်တင်း ၃၈၅၀၀ ကျပ်အထိ ရရှိခဲ့တယ်လို့သိရပြီး ယခင်နှစ် စက်တင်ဘာလလယ်မှာတော့ တစ်တင်း ကျပ်ငါးသောင်းကျော်အထိရရှိခဲ့ကာ မတ်ပဲသီးနှံ ဈေးထက်ပင်ပိုသွားခဲ့ကြောင်းသိရှိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်နည်းသွားခဲ့လို့ တစ်ရက် အိတ် ၁၅၀ ကျော် ဝင်ရောက်ခဲ့ပြီး ခွဲစက်သမားပုံမှန်ဝယ်ယူလျက်ရှိခဲ့ပါတယ်။ အဝယ်လိုက်သည့်ရက်တွင် အိတ် ၃၀၀ ကျော်အထိအရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ ယခင်တစ်ပတ်ထက်အနည်းငယ်ပိုလာခဲ့တယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက် မတ်ပဲသီးနှံ တစ်တင်း ၄၁၅၀၀ ကျပ်နီးပါးအထိ ဈေးရရှိလာသလို ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက်ပင် ဈေးကောင်းပိုရနေတယ်လို့သိရပါတယ်။

ယခင်နှစ် စက်တင်ဘာလလယ်က ကုလားပဲသီးနှံဈေးမှာ တစ်တင်း ၃၂၅၀၀ ကျပ်သာ ရရှိပြီး ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးတို့ထက်လည်း ဈေးလျော့နည်းခဲ့တာကိုတွေ့ရပါတယ်။ ပဲကြီးသီးနှံမှာ ယခုနှစ်အတွင်း ဈေးအေးခဲ့သလို ဈေးငြိမ်ငြိမ်နဲ့သာ ရောင်းချခဲ့ကြပေမယ့် စက်တင်ဘာလလယ်မှာတော့ ပဲဈေးနှုန်း အနည်းငယ်မြင့်တက်လာတာကို တွေ့ရပြီး (ကမ်းနား)ပဲကြီးတစ်တင်း ၂၅၀၀၀ ကျပ်၊ (ရွှေကျွန်း) ပဲကြီးတစ်တင်း ၂၇၅၀၀ ကျပ်ဖြင့် ပဲအဝင်လည်းရှိသလို လက်ကျန်ပဲလည်းရှိလို့ ပဲကြော်ဖိုသမားများ နေ့စဉ်ဝယ်ယူမှုအပေါ် လိုသလောက် ရောင်းချနိုင်ခဲ့ကြောင်းသိရပါတယ်။

အခြားလက်လီပဲများဖြစ်သော ထောပတ်ပဲ၊ ပဲနီပြား၊ ပဲပုပ်သီးနှံများမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်လည်းအနည်းငယ်သာဖြစ်ခဲ့ကာ ထောပတ်ပဲတစ်တင်း ၁၄၀၀၀ ကျပ်၊ ပဲနီပြားတစ်တင်း ၂၄၅၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၂၂၀၀၀ ကျပ် ဖြင့် ရောင်းဝယ်ခဲ့ကြကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**


## မုံရွာကုန်စည်ဒိုင်၏ စက်တင်ဘာလဝက် ပဲဈေးကွက်တွင် ကုလားပဲမျိုးစုံ ဈေးအနည်းငယ်ပြန်တက်

မုံရွာကုန်စည်ဒိုင်ရဲ့ စက်တင်ဘာလဝက်ပဲဈေးကွက်မှာ ပြည်ပဝယ်လက် ပဲတွေ အရောင်းအဝယ်ငြိမ်ဈေးအေးခဲ့သလောက် ဒေသသုံးအဝယ်တောက်လျှောက်သွက်ခဲ့လို့ ကုလားပဲမျိုးစုံ ဈေးအနည်းငယ် ပြန်တက်လာခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ကုလားပဲဖြူလုံးကြီးမှာ တစ်တင်း ၄၀၅၀၀ ကျပ်၊ ထိုင်ဝမ်မှာတစ်တင်း ၃၉၅၀၀ ကျပ်နဲ့ 929 မှာ တစ်တင်း ၃၉၀၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့ပြီး၊ ဒေသတွင်း ပဲခွဲစက်လုပ်ငန်းနဲ့ ကြာဆန်လုပ်ငန်းသမားတို့ မရှိမဖြစ် ကုန်ကြမ်းအဖြစ် ဝယ်လိုအားပုံမှန်ရှိနေကာ တစ်ရက်ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ငုံနီဈေးကွက်မှာတော့ စက်တင်ဘာလဆန်းပိုင်းကလို ဈေးအတက်အကျမကြမ်းတော့ပေမယ့် ယခုတစ်ပတ်မှာ တစ်ရက်တစ်ဈေး ပေါက်ဈေးမငြိမ်ခဲ့ဘဲ တစ်တင်း ၃၄၅၀၀ ကျပ်၊ ၃၅၀၀၀ ကျပ်နဲ့ ၃၆၀၀၀ ကျပ်အသီးသီးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ပဲလက်ကျန်နည်းပြီး အသစ်အဝင်ပါးခဲ့သလို ဝယ်လက်ကလည်း အားပျော့နေတဲ့ အတွက် ဈေးအေးလျက်ရှိရာ တစ်တင်း(အသစ်) ၃၈၀၀၀ ကျပ်နဲ့ (အဟောင်း) ၄၅၀၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ခဲ့ ပြီး တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲတီစိမ်းကြီး ဈေးကွက်လည်း ယခုတစ်ပတ်ဒိုင်မှာ ပဲအဝင်နည်းပြီး ဝယ်လက်အဆွဲလည်းအေးလို့ တစ်တင်း ၂၃၀၀၀ ကျပ်၊ ၂၁၅၀၀ ကျပ်ဈေးနဲ့ ဆက်လက်ငြိမ်နေခဲ့ကာ တစ်ရက်အိတ် ၂၀၀ မှ ၄၀၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အခြား ဒေသသုံးပဲတွေပါ ယခုတစ်ပတ်မှာ တစ်တင်း ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ ဈေးကျသွားခဲ့ကာ ထောပတ်ပဲ



တစ်တင်း ၁၁၀၀၀ ကျပ်၊ စွန်တာနီတစ်တင်း ၁၃၅၀၀ ကျပ်၊ ပဲနီကြားတစ်တင်း ၁၆၀၀၀ ကျပ်၊ ပဲကြီးတစ် တင်း ၂၆၀၀၀ ကျပ်၊ ၂၄၅၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၁၇၂၀၀ ကျပ်၊ ပုဂံပဲတစ်တင်း ၁၇၅၀၀ ကျပ်နဲ့ မြေထောက်ပဲတစ်တင်း ၁၈၀၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး လက်လီ အရောင်းသာဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကလေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်စားတော်ပဲဈေးပိုလာသော်လည်း ယခင်လကဈေးကိုမမီ

ပြည်ပဲဈေးကွက်အတွင်းမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများအသင့်အတင့်ရှိလို့ နေ့စဉ်လက်လီ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စားတော်ပဲသီးနှံဟာ လက်လီပဲဈေးကွက်ထဲမှာ ဈေးကောင်းရတဲ့ ပဲသီးနှံ ဖြစ်သလို ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံတို့ထက် ဈေးပိုရနေတာကိုတွေ့ရပါတယ်။ ပဲတစ်တင်းလျှင် ၃၉၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်က ဈေးထက်လည်း ဈေးအနည်းငယ်ပိုရနေခဲ့ပါတယ်။

ဩဂုတ်လအတွင်းက လဆန်းရက်မှာ တစ်တင်း ၃၈၅၀၀ ကျပ်ရရှိပြီး လလယ်မှာ တစ်တင်း ၄၀၀၀၀ ကျပ်အထိဈေးပိုရလာတဲ့အတွက် ယခု စက်တင်ဘာလမှာလည်း လဆန်းရက်ထက်လလယ်မှာ ဈေးပိုခဲ့ပေ မယ့် ယခင်လရဲ့ဈေးကိုတော့ မမီသေးတာတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ ဈေးငြိမ်နေပြီး ယခင်နှစ်ထက်လည်းဈေးလျော့နေ

စက်တင်ဘာလလယ်အတွင်း ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်မဖြစ်ခဲ့တဲ့ ပဲလွန်း ဖြူသီးနှံဟာ တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့်ဈေးငြိမ်လျက်ရှိခဲ့ပြီး လက်ကျန်ပဲအနည်းငယ် အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူသီးနှံဈေးဟာ လဆန်းရက်က တစ်တင်း ၂၇၅၀၀ ကျပ် ရရှိပေမယ့် ဒုတိယပတ်မှစ၍ ပဲဈေးလျော့သွားခဲ့ကာ ယခုလလယ်မှာတော့ ၎င်းဈေးအတိုင်း ဈေးငြိမ်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲလွန်းဖြူသီးနှံဈေးဟာ စက်တင်ဘာလဆန်းမှာ အရောင်းအဝယ် မဖြစ်ခဲ့ဘဲ ဒုတိယပတ်မှစ၍ ပြန်လည်အရောင်းအဝယ်ဖြစ်ပြီး တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်အထိအရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်ပဲလွန်းဖြူ သီးနှံဈေးဟာ ယခင်နှစ်ဈေးထက် ဈေးလျော့ နည်းနေခဲ့ ကြောင်းသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ပဲတီစိမ်း၊ နှမ်းညိုနဲ့ နှမ်းနက်(စမုံ) ဈေးအနည်းငယ်အေးပြီး နှမ်းနက်ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ မန်းကုန်စည်ဒိုင်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)ကို နေ့စဉ်(ဥပုသ်နေ့မှအပ) အနယ်နယ် အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များလာ ရောက်ပြီး လယ်ယာထွက်ကုန်သီးနှံများကို အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ စက်တင်ဘာလ ဒုတိယပတ်ရဲ့ ဈေးနှုန်းနဲ့ ယခင်လကာလတူဈေးနှုန်းကို နှိုင်းယှဉ်ပါက-

| သီးနှံအမည် | ၈/၂၀၁၆ | ၉/၂၀၁၆ |
|---|---|---|
| ပဲတီစိမ်း | ၁၃၈၇ | ၁၂၈၀ |
| ပဲကြီး | ၁၅၃၈ | ၁၅၂၀ |
| ပဲနီပြား | ၁၁၂၂ | ၁၁၇၆ |
| ပဲပုပ်(ရှမ်း) | ၉၉၅ | ၉၇၇ |
| ပဲပုပ်(ဗမာ) | ၉၉၅ | ၉၃၉ |
| ပဲယင်း | ၇၅၀ | ၇၁၇ |
| ထောပတ်ပဲ | ၁၀၆၇ | ၁၀၃၁ |
| မြေထောက်ပဲ | ၁၂၀၄ | ၁၂၂၂ |
| မတ်ပဲ | ၂၁၆၇ | ၂၀၈၃ |
| ကုလားပဲဖြူကြီး | ၂၀၀၉ | ၁၇၄၇ |
| ကုလားပဲထိုင်ဝမ် | ၁၉၉၁ | ၁၈၃၄ |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၉၈ | ၄၀၇ |
| ပြောင်းဖူးစေ့(ဗမာ) | ၃၇၀ | ၃၅၂ |
| ပြောင်းဖူးစေ့(စီပီ) | ၃၉၈ | ၄၂၆ |
| အထွက်တိုးပြောင်း | ၅၀၉ | ၄၉၁ |
| ဆန်ပြောင်း | ၅၄၀ | ၅၄၀ |
| နှမ်းဖြူ | ၂၂၂၂ | ၂၁၁၁ |
| နှမ်းညို | ၁၇၁၁ | ၁၄၈၉ |
| နှမ်းနက် | ၂၅၅၆ | ၃၀၀၀ |
| နှမ်းနက် (စမုံ) | ၃၆၆၇ | ၃၄၄၄ |
| ပန်းနှမ်း | ၁၈၂၂ | ၂၀၀၀ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၄၀၀ | ၁၉၀၀ |

ပြည်ပ(တရုတ်) ဝယ်လိုအားပုံမှန်ရှိနေတဲ့ ပဲတီစိမ်း ကြီး ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၀၇ ကျပ် (တစ်တန် ၆၅၅၂၆ ကျပ်)ဈေးအေးလို့ ယခုတစ်ပတ်မှာ တစ် ပိဿာ ၁၂၈၀ကျပ် (တစ်တန် ၇၈၃၀၅၉ ကျပ်)နဲ့ နေ့စဉ် သုံး တင်းအိတ် ၃၀၀၀ ကျော်၊ ပဲကြီးတစ်ပိဿာ ၁၅၂၀ ကျပ် (တစ် တန် ၉၃၀၀၃၃ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၁၁၇၆ ကျပ်(တစ်တန် ၇၂၀၁၇၀ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၂၀၀ ကျော်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၉၇၇ ကျပ်(တစ်တန် ၅၉၈၃၀၅ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၃၉ ကျပ်(တစ်တန် ၅၇၅၀၁၄ ကျပ်)နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲယင်းတစ်ပိဿာ ၇၁၇ ကျပ်(တစ်တန် ၄၃၉၀၀၄ ကျပ်)နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၅၀ ကျော်၊ ထောပတ်ပဲ တစ်ပိဿာ ၁၀၃၁ ကျပ်(တစ်တန် ၆၃၁၃၇၄ ကျပ်)နဲ့နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၂၂၂ ကျပ် (တစ်တန် ၇၄၈၃၄၁ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပြည်ပ(အိန္ဒိယ) ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်မှ အဝယ်ရှိတဲ့ မတ်ပဲက ယခင်လကာလတူဈေးအောက် တစ်ပိဿာ ၈၄ ကျပ်(တစ်တန် ၅၁၄၄၁ ကျပ်) ဈေးအေးသွား လို့ ယခု တစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၂၀၈၃ ကျပ်(တစ်တန် ၁၂၇၅၆၀၈ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ခန့်၊ ထို့အတူ ကုလားပဲဈေးနှုန်းများ အနည်းငယ်အေးတဲ့အတွက် ယခုတစ် ပတ်မှာ ကုလားပဲဖြူကြီးတစ်ပိဿာ ၁၇၄၇ ကျပ်(တစ်တန် ၁၀၆၉၈၇၅ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၈၃၄ ကျပ်(တစ်တန် ၁၁၂၃၁၂၃ကျပ်)နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိ ပါတယ်။

ယခုတစ်ပတ်ပြောင်းဖူးစေ့ရဲ့ဈေးနှုန်းများမှာ ပြောင်းဖူး စေ့(ရှမ်း) တစ်ပိဿာ ၄၀၇ ကျပ်(တစ်တန် ၂၄၉၂၇၃ကျပ်)၊ ပြောင်းဖူးစေ့(ဗမာ) တစ်ပိဿာ ၃၅၂ ကျပ်(တစ်တန် ၂၁၅၅၆၁ ကျပ်)၊ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်)၊ အထွက်တိုးပြောင်းတစ်ပိဿာ ၄၉၁ ကျပ်(တစ်တန် ၃၀၀၆၀၃ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၄၀ ကျပ်(တစ်တန် ၃၃၀၆၉၀ ကျပ်)နဲ့ အဆိုပါပြောင်းဖူးစေ့ ငါးမျိုးပေါင်းနေ့စဉ်သုံးတင်းအိတ် ၁၅၀၀ ကျော် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ရာသီမရွေး အရောင်းအဝယ် ဖြစ်တဲ့ သီးနှံလည်းဖြစ် ပြည်တွင်းရော ပြည်ပ(တရုတ်) ဝယ် လိုအားပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ယခု တစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၀၀၁ ကျပ်(တစ်တန် ၁၂၉၂၇၅၅ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၄၈၉ ကျပ်(တစ်တန် ၉၁၁၈၄၉ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ကျပ် ၃၀၀၀ (တစ်တန် ၁၈၃၇၁၇၀ ကျပ်)၊ နှမ်း နက်(စမုံ) တစ်ပိဿာ ၃၄၄၄ ကျပ်(တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာကျပ် ၂၀၀၀(တစ်တန် ၁၂၂၄၇၈၀ ကျပ်)နဲ့ အဆိုပါ နှမ်းငါးမျိုးနေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မြေပဲ (S1 လုံးဆန်) တစ်ပိဿာ ၁၉၀၀ ကျပ်(တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

မန္တလေးကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ဖြစ်မှု ၆၀ ရာခိုင်နှုန်းကျော်ကို ပြည်ပ(တရုတ်) ကဝယ်ယူမှုရှိတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများအနက် ပဲတီစိမ်း၊ နှမ်း ရောင်စုံနဲ့ မြေပဲဆန်မှာ အဓိကအရောင်းအဝယ်ပြုလုပ်တဲ့ သီးနှံများဖြစ်ကြောင်း၊ ယခုတစ်ပတ် ပဲတီစိမ်းဈေးအနည်းငယ် အေးပေမယ့် အရောင်းအဝယ်ကမအေးပါဘူး။ ထို့အတူ တစ် နှစ်ပတ်လုံးအရောင်းအဝယ်ဖြစ်တဲ့ နှမ်းရောင်စုံများအနက် နှမ်းညိုနဲ့နှမ်းနက်(စမုံ) တစ်ပိဿာ ကျပ် ၂၀၀ လောက် ဈေး အေးနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး နှမ်းနက်မှာ တစ်ပိဿာ ၄၅၀ ကျပ်ကျော်ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်ပွဲစားကြီးတစ်ဦးမှ ပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံခြားသား မခွဲခြားဘဲ တန်းတူအခွင့်အရေးများပေးမည်ဟုဆို

အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံခြား သားမခွဲခြားဘဲ တန်းတူအခွင့်အရေးများ ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေပြည်တော် MICC-2 ၌ကျင်းပခဲ့သည့် Myanmar Global Investment Forum ၌ ပြောကြားခဲ့သည်။

“အခု ပြဋ္ဌာန်းတော့မယ့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ သိသာတာကို ပြောရ မယ်ဆိုရင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေအတွက် မျှတတဲ့ဥပဒေသစ် တစ်ခု ဖြစ်လာမှာပါ။ လုပ်ငန်းပေါ်မှာမူတည်ပြီး အခွင့်အရေးတွေတန်းတူ ရရှိလာမှာပါ” ဟု ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းက ဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အစိုးရသစ်၏ပေါ်လစီနှင့် ပတ်သက် ၍ စောင့်ကြည့်နေကြခြင်းကြောင့် အစိုးရသစ်လက်ထက်တွင် နိုင်ငံခြားရင်းနှီးမြှုပ် နှံမှုပမာဏများ နည်းပါးနေရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေ ဖြင့် အစိုးရ၏ပေါ်လစီကို ရှင်းရှင်းလင်းလင်းသိမြင်လာပါက နိုင်ငံခြားရင်းနှီးမြှုပ် နှံမှုများအလုံးအရင်းဖြင့် ဝင်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြည့် စွက်ပြောကြားခဲ့သည်။

ယခင်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းသောဥပဒေတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ လုပ်ငန်းအတွက် တင်သွင်းလာ သည့် လုပ်ငန်းသုံးပစ္စည်းများကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် များပေးထား သည်။ သို့သော် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အဆိုပါအခွင့်အရေးများ မရ ရှိခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ယခင်အစိုးရလက်ထက်တွင် ပူးပေါင်းပြင်ဆင်ရန်စီစဉ်ခဲ့သည်။

ယခုအခါတွင် ယင်းဥပဒေနှစ်ခုကို ပူးပေါင်းထားသည့် ဥပဒေကြမ်းကို အများ ပြည်သူလေ့လာနိုင်ရန် စက်တင်ဘာ ၁၂ ရက်ကစတင်ပြီး နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းကြေညာခဲ့သည်။ ထို့ပြင်ထုတ်ပြန်ထားပြီးဖြစ်သည့် စီးပွားရေးမူဝါဒ ၁၂ ချက်နှင့်ပတ်သက်၍ အသေးစိတ်လုပ်ငန်းစဉ်များကို ယခုလအတွင်း ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ **မယ်သီတာ**

## ချင်း



### မောင်တောမှ ချင်းစိုနဲ့ မြဝတီမှ ချင်းခြောက် တင်ပို့

စက်တင်ဘာ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၆၀၀၀ တန်ဖိုးရှိ ချင်းစို တန် ၁၅၀ နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၆၆၈၄ တန်ဖိုးရှိ ချင်းခြောက် ကိုးတန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အခြားနယ်စပ်စခန်းများမှ ချင်းခြောက်တင်ပို့မှုမရှိဘဲ မောင်တောနဲ့ စစ်တွေမှ ချင်းစို ၁၇၉ တန်တင်ပို့ခဲ့ပါတယ်။

မောင်တောနယ်စပ်မှာ ချင်းစိုတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ငွေလဲနှုန်းအရ ၂၉၀၄၀၀ ကျပ်ဖြစ်ပြီး မြဝတီကုန်စည်ဒိုင်မှာတော့ ချင်းခြောက်တစ်တန်ကို ၁၃၂၆၉၂၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ဟိုပုံးချင်းရော အောင်ပန်းချင်းပါ အရောင်းအဝယ်ကောင်း

မြန်မာတစ်နိုင်ငံလုံး စားသုံးနေတဲ့ ချင်းဟာ ရှမ်းပြည်နယ်တောင်ပိုင်းက အများဆုံးထွက်ရှိတာ ဖြစ်ပါတယ်။ ရှမ်းတောင်ကထွက်တဲ့ ချင်းတွေကလည်း လမ်းဆုံမြို့ဖြစ်တဲ့ အောင်ပန်းဈေးကွက်ကို အများဆုံးဝင်ရောက်ပါတယ်။ ဟိုပုံးနယ်ဘက်ကထွက်တဲ့ ချင်းတွေကတော့ ဟိုပုံးဈေးကွက်ကိုသာ ဝင်ပါတယ်။ ချင်းကတစ်နှစ်ကို နှစ်ခါထွက်ပြီး ချင်း(ဥမ)ကတော့ သိပ်ပြီးအထားမခံပါဘူး။ ဥမက ပိုပြီးတော့ လျှီးလို့ကောင်းတာကြောင့် လျှီးချင်းလုပ်ဖို့အတွက် ပိုပြီးတော့ အဝယ်များပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ သဘာဝဘေးကြောင့် ချင်း(ဥမ)ကော၊ ချင်းတက်ပါ အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဈေးကလည်းထင်သလောက် မကောင်းလို့ ချင်းတက်တွေကို ပြုတ်ခြောက် လုပ်ချင်ပေမယ့် မိုးက အဆက်မပြတ်ရွာနေလို့ အခြောက်ခံနေလှန်းဖို့ အခက်အခဲရှိတာကြောင့် ချင်းခြောက်လည်း မလုပ်နိုင်ဘူးလို့ ဒေသခံတွေက ဆိုပါတယ်။ ဟိုပုံးချင်းကတော့ ဈေးကွက်အခြေအနေကြောင့် အစိုက်နည်းလာပါတယ်။ ချင်း(ဥမ) တွေကို သိပ်ပြီးမဖော်ဖြစ်တော့တာကြောင့် အခုလတ်တလော ဈေးကွက်မှာ ချင်းလက်ကျန်လည်း မရှိတော့ဘူးလို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း (ဥမ)ကို ပြည်တွင်းသုံးအတွက်သာ အဓိက ဝယ်ယူနေကြပြီး အဓိကဝယ်လက်ကတော့ ရန်ကုန်နဲ့ တပ်ကုန်းလို့ သိရပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၈ သိန်းအရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဈေးနှုန်းက ချင်း(ဥမ) တစ်ပိဿာ ၂၅၀ကျပ်မှ ၃၀၀ ကျပ် ဈေးရှိပြီး၊ ချင်းခြောက်ကတော့ ၁၇၀၀ ကျပ် ဈေးရှိပါတယ်။

**ဧခိုင် (တောင်ကြီး)**

## နနွင်း

### မူဆယ်မှ နနွင်းတက်တန် ၁၀၀ နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၃ ရက်မှ ၉ ရက် သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၆၉၉၉၇ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၉၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ် မှ ၆၄ တန်၊ မောင်တောမှ ၃၂ တန်ကျော်နဲ့ စစ်တွေမှ ခုနစ်တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာငွေလဲနှုန်းအရ ၉၂၆၃၈၅-၉၃၈၆၅၅ ကျပ်ရှိတယ်လို့ သိရပါတယ်။ တစ်ဖက်တရုတ်နိုင်ငံမှာ နနွင်းကို ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုကြတာလို့ သိရပါတယ်။ **မော်မော်အောင်**

### ယခင်တစ်ပတ်ထက် နနွင်းတင်ပို့မှုလျော့ခဲ့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း နနွင်း ၃၃ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၄၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၇ တန်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၄၉၁၅၀င်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ နနွင်းတန်ချိန် ၁၆၀ ကျော်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီနှစ် ဒီအချိန်မှာ နနွင်းတစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ ၇၅၀-၇၅၅အတွင်း ရရှိခဲ့သော်လည်း ယခင်နှစ် ဒီလိုအချိန်မှာ နနွင်းတစ်တန်ကို ပျမ်းမျှကန်ဒေါ်လာ၅၆၅-၅၇၀ သာရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### အောင်ပန်းနဲ့ ဟိုပုံးနနွင်း ဈေးကွက်အဝင်နည်း လက်ကျန်တွေသာ အရောင်းအဝယ်ဖြစ်

အခု လတ်တလောမှာတော့ နနွင်းက အဝင်နည်းနေပါတယ်။ အောင်ပန်း၊ ဟိုပုံးဈေးကွက်တွေမှာ အဝင်နည်းနေတဲ့အတွက် လက်ကျန်နနွင်းတွေကိုသာ အရောင်းအဝယ် လုပ်နေရတယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ရန်ကုန်ဝယ်လက်တွေက အဝယ်ရှိနေပေမယ့် ကုန်သည်တွေရော တောင်သူတွေပါ ကြိုက်ဈေးမရလို့ မရောင်းချင်ကြပါဘူး။ ဝယ်လက်တွေက တစ်ပိဿာကို ၁၇၀၀ကျပ် ဈေးပေးပေမယ့် ကုန်သည်တွေနဲ့ ပွဲရုံတွေက တစ်ပိဿာကို ၁၈၀၀ကျပ်မှ ၁၉၀၀ ကျပ်ခန့် လိုချင်တာကြောင့် အရောင်းအဝယ် မဖြစ်ဘူးလို့ သိရပါတယ်။ လက်ကျန်နနွင်းကတော့ ပိဿာချိန် နှစ်သိန်း၊ သုံးသိန်းခန့် ကျန်ရှိနေသေးတယ်လို့လည်း ဒေသခံနနွင်းပွဲရုံတွေက သိရှိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ရန်ကုန်ဝယ်လက်နဲ့ နေပြည်တော် ဝယ်လက်တွေက ဝယ်ယူနေလို့ တစ်ပတ်အတွင်းမှာ ပိဿာချိန် ခုနစ်သောင်းခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာပေါက်ဈေးက တောင်ပို့လစတွေဆိုရင် တစ် ပိဿာ ၁၇၀၀ ကျပ်မှ ၁၉၀၀ ကျပ်၊ ဆင်တောင်နနွင်းက တစ်ပိဿာ ၂၇၀၀ ကျပ် ဈေးရှိတယ်လို့ အောင်ပန်း နနွင်းပွဲရုံတွေက သိရှိပါတယ်။

**ဧခိုင် (တောင်ကြီး)**

## မန်ကျည်း

### မန်ကျည်းမှည့်ဈေး အနည်းငယ်တက်ပြီး အရောင်းအဝယ်ပြန်ဖြစ်

ပြည်မန်ကျည်းမှည့် ပွဲရုံများတွင် စက်တင်ဘာ ပထမပတ်မှစ၍ မန်ကျည်းမှည့် အရောင်းအဝယ်ပုံမှန်ပြန်ရှိနေပြီး ယခုဒုတိယပတ်မှာတော့ ဈေးပြန်မြင့်တက်လာတာ တွေ့ရပါတယ်။ ရခိုင်ဘက်မှ အဝယ်မရှိသလောက် ဖြစ်နေရာမှ ဩဂုတ်လ နောက်ဆုံးပတ်မှာတော့ ပြန်လည် အဝယ်လိုက်လာတာကြောင့် မန်ကျည်းမှည့်ဈေး အတော်လေး ငြိမ်နေရာမှ ဩဂုတ်လတတိယပတ်မှာ ဈေးအနည်းငယ်ကျလာကာ ယခုစက်တင်ဘာလအတွင်းမှာ ဈေးပြန်တက်လာတာ တွေ့ရပါတယ်။

မန်ကျည်းမှည့် တစ်ပိဿာ(ပွဲရုံဈေး) ၂၈၀၀ ကျပ်နှင့် (လက်လီဈေး) ကျပ် ၃၀၀၀ မှ ၃၅၀၀ ကျပ်အထိ ဖြစ်ပေါ်လျက်ရှိပါတယ်။ သံတွဲ၊ ရခိုင်ဘက်သို့ တစ်ရက်ခြားအိတ် ၃၀ လောက် တင်ပို့လျက်ရှိနေကြောင်း သိရပါတယ်။ ဝယ်လက်အနည်းငယ်ရှိလာတာကြောင့် အရောင်းအဝယ်လည်းလှုပ်လာတာတွေ့ရပါတယ်။


**နီနီဝင်း**

### ယခင်တစ်ပတ်ထက် မန်ကျည်း တန်ချိန် ၅၀ ကျော် ပိုမိုတင်ပို့

စက်တင်ဘာ၄ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၉၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စင်ကာပူ နိုင်ငံသို့ ၁၆ တန်နဲ့ ဘင်္ဂလားဒေ့ရှ်သို့ ၇၅ တန် တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ၃၈ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် ၅၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၆၅၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**



## ကြက်သွန်

### ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ကြက်သွန်နီတင်ပို့မှု လျော့နည်း

စက်တင်ဘာ ၃ ရက်မှ ၉ ရက် သီတင်းပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၅၃၃၉ တန်ဖိုးရှိ ကြက်သွန်နီ ၉၈ တန်ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇၉၄၅၇ တန်ဖိုးရှိ ကြက်သွန်နီ ၂၂၃ တန်ကျော်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၀၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၂၀၀ ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှတန် ၅၅၀၊ မြဝတီမှ တန် ၅၂၀ ကျော်နဲ့ တာချီလိတ်မှ တန် ၃၀၀ တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ကြက်သွန်နီတင်ပို့မှုက ယခင်ရက်သတ္တပတ်နဲ့နှိုင်းယှဉ်ရင် လျော့နည်းခဲ့တာတွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၅၄၂၅၀ တန်ဖိုးရှိ ကြက်သွန်ဖြူ ၃၅ တန်နဲ့ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၇၃၆ တန်ဖိုးရှိ ကြက်သွန်ဖြူ ခြောက်တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီဈေးကျ၍ အဝယ်လိုက်

ပြည်ကြက်သွန်နီပွဲရုံများ၌ ယခုတစ်ပတ် ပွဲရုံဈေး ပိဿာ ၃၀ ဝင်တစ်အိတ်လျှင် ပျမ်းမျှ ၂၅၀၀ ကျပ်ခန့် ဈေးကျသွားပါတယ်။ ပြည်ဒေသတွင်း လက်လီဈေးများတွင်လည်း တစ်ပိဿာလျှင် အရွယ်အစားအလိုက် ၁၀၀ ကျပ်နှုန်း ဈေးကျဆင်းသွားကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံများတွင် လက်ကား တစ်ပိဿာလျှင် (ကြီး) ၅၅၀ကျပ်၊ (လတ်) ၅၀၀ကျပ်၊ (သေး) ၄၃၀ကျပ်တို့ဖြစ်ပြီး လက်လီဈေးအားဖြင့် (ရှယ်သန့်) ၇၅၀ ကျပ်၊ (ကြီး) ၇၀၀-၆၅၀ကျပ်၊ (လတ်) ၆၀၀ ကျပ်၊ (သေး) ၅၅၀-၅၀၀ ကျပ်တို့နဲ့ ရောင်းဝယ်မှု ရှိနေပါတယ်။ စိုက်ပျိုးသူ တောင်သူများအနေနဲ့ ဈေးနှုန်းကျဆင်းမှုကြောင့် အမြတ်ရရှိမှု နည်းပါးပေမယ့်စားသုံးသူများကတော့ ဈေးကျဆင်းမှုအပေါ် စိတ်ကျေနပ်နေကြောင်း သိရပါတယ်။

ဝင်ရောက်မှုအနေနဲ့ မကွေးတိုင်း ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေနံချောင်း စသည့်နယ်တို့မှ ပိဿာ ၃၀ ဝင်အိတ် ၆၀၀ ခန့် ရက်ခြားအဝင်ရှိနေပြီး ယခင်ရက်သတ္တပတ်များကထက် အရောင်းအဝယ်ကောင်းလာကြောင်း သိရပါတယ်။ ဈေးအနည်းငယ်ကျလို့ အိတ်ဆွဲသမားများ အဝယ်လိုက်နေပြီး ဒေသတွင်း ပုံမှန်ဝယ်လက်များနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့ခြင်း အပါအဝင် တစ်ရက်ကို အိတ် ၄၂၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ပြည်မြို့ အနီးပတ်ဝန်းကျင်ဒေသမှာ စိုက်ပျိုးတဲ့ မှော်ဇာကြက်သွန်၊ ကုန်းရိုးကြက်သွန်တို့မှာလည်း စိုက်ပျိုးသူ တောင်သူများကိုယ်တိုင် နီးစပ်ရာ စားသုံးသူများထံသို့ တာရှည်အထားခံသည့် မြိတ်ထုံး ကြက်သွန်နီပုံစံဖြင့် တစ်ပိဿာလျှင် (ဂွန်) ၇၀၀ ကျပ်နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

# jcifokd,eSifwjcifq;rsm;\ tE&m,fbpdSifjcifG

|ဒေါက်တာလပြည့်ခင်|

လူအများနေထိုင်ရာ ပတ်ဝန်းကျင်တွင် ခြင်မပေါက်ပွားစေရန် ခြင်ပေါက်ပွားနိုင်သည့် ရေမြောင်းများကိုရေစီးရေလာ ကောင်းမွန် အောင်ပြုပြင်ခြင်း၊ ရေမြောင်းများအား စနစ်တကျ ဖုံးအုပ်ထားခြင်း၊ တစ်ပတ်တစ်ခါ ဆေးဖြန်းပေးခြင်းနှင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်ခြင်း၊ ရေကြည်ရေသန့်များဖြစ်သည့် ရေအိုး၊ ရေခွက်၊ ရေစည်၊ ညောင်ရေအိုးများကို လဲလှယ်ပေးခြင်း၊ အသုံးပြုနေသော ရေစည် များတွင် အဘိတ်ဆေး ခတ်ပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် နေ့ဘက်တွင် ခြင်မကိုက်အောင် သတိပြုနေထိုင်ခြင်းဖြင့် ခြင်အန္တရာယ် ကာကွယ်နိုင်ပါသည်။ ထို့အပြင် ရေသွန်လဲရန် ခက်ခဲသည့် ရေစည်၊ ရေကန်နှင့် အုတ်ကန်များတွင် ပိုးလောက်လမ်းစားငါးများ ထည့်သွင်းမွေးမြူခြင်း သို့မဟုတ် အဘိတ်ဆေးထည့်ခြင်းဖြင့် ခြင်မဖြစ်မီ ပိုးလောက်လန်းဘဝတွင် နှိမ်နင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်နှိမ်နင်းရေးစနစ်များဖြင့် ခြင်ကျားများ မပေါက်ပွားအောင် ဆောင်ရွက်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းဖြင့်လည်း ခြင်အန္တရာယ်ကို ကာကွယ်နိုင်ပါသည်။

ထိုသို့ကာကွယ်သည့်ကြားမှ ခြင်များပေါက်ဖွားလေ့ရှိသည့် မိုးရာသီအချိန်တွင် အေဒီးစ်ခေါ် ခြင်ကျားကိုက်ခံရခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါတို့ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေး ရောဂါသည် ယခင်က အသက်ငါးနှစ်အောက်ကလေးများသာ ဖြစ်ပွားလေ့ရှိခဲ့ရာမှ ယခုအခါ အသက် ၁၅ နှစ်အောက်ကလေးများတွင် အများဆုံး ဖြစ်ပွားလျက်ရှိနေပြီး လူကြီးလူငယ်မရွေး၊ ရာသီမရွေး၊ ဒေသမရွေး ရောဂါကူးစက်ပြန့်ပွားလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများ အနေဖြင့် နှစ်ရက်မှ ခုနစ်ရက်ခန့် အပြင်းဖျားပြီး ပျို့အန်ကာ ကိုယ်ခန္ဓာတွင် အနီအစက်အပျောက်များ ထွက်လာခြင်းနှင့် ဖျားနေစဉ် သုံးရက်မှ ငါးရက်အတွင်း သွေးလန့် သည့်လက္ခဏာများ ဖြစ်ပေါ်ပြီး အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါ သည်။ ဇီကာဗိုင်းရပ်စ်ရောဂါသည်လည်း အေဒီးစ် ခြင်ကျား ကိုက်ခံရပြီးနောက် ရက်အနည်းငယ် အကြာတွင် ရောဂါလက္ခဏာများ စတင်ဖြစ်ပွားပြီး ရုတ်တရက်ဖျားခြင်း၊ အရေပြားတွင် အနီရောင်အစက်အကွက်များ ထွက်ခြင်း၊ မျက်သားနီ၍ ရောင်ရမ်းခြင်း၊ မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်းတို့ ခံစားကြရပါသည်။ ထိုရောဂါများမဖြစ်ပွားအောင် ခြင်ကျားကာကွယ်နှိမ်နင်းရာတွင် ခြင်အကောင်မဖြစ်မီ ပိုးလောက်လန်းဘဝတွင် နှိမ်နင်းခြင်းက ပိုမိုထိရောက်စေပါသည်။

အနောဖလိခြင်ကိုက်ခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်နိုင်ပြီး ကျူးလက်စ်ခြင်ကိုက်ခြင်းကြောင့် ဆင်ခြေ ထောက်ရောဂါ ဖြစ်ပွားတတ်ပါသည်။ အနောဖလိခြင်သည် ပုပ်သိုးနေသော ရေတွင် ပေါက်ပွားလေ့မရှိဘဲ ရေကြည်ရေသန့်ရေရှင်



ရှိသော နေရာများတွင်သာ ပေါက်ပွားလေ့ရှိပြီး များသောအားဖြင့် တောတောင်စိမ့်စမ်း ဒေသရှိ မြက်ပင်၊ ဗေဒါပင်တို့ရှိသော ရေစပ်များ၌ ပေါက်ပွားတတ်သောကြောင့် တောတောင်ဒေသများတွင် ငှက်ဖျားရောဂါ အဖြစ်များလေ့ရှိခြင်းပင်ဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ခြင်ပေါက်ပွားလေ့ရှိသော နေရာများကို ရှင်းလင်းခြင်း၊ ညအိပ်ရာဝင်လျှင် ခြင်ထောင်ဖြင့် အိပ်ခြင်း၊ ဖြစ်နိုင်လျှင် ငှက်ဖျားဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်း၊ တောတောင်ထဲသို့သွားသည့်အခါ ငှက်ဖျားကာကွယ်ဆေး ကြိုတင်သောက်ခြင်းတို့ဖြင့် ငှက်ဖျားရောဂါကို ကာကွယ်နိုင်ပါသည်။

နောက်ထပ်ခြင်တစ်မျိုးမှာ ရေဆိုးမြောင်းများ၊ မလုံခြုံသော အိမ်သာကျင်းများတွင် ပေါက်ဖွားပြီးညအခါတွင်ကိုက်လေ့ရှိသော ကျူးလက်စ်ခြင်အမျိုးအစားဖြစ်ပြီး ဆင်ခြေထောက်ရောဂါ ဖြစ်ပွား စေနိုင်ပါသည်။ ၎င်းရောဂါသည် သွေးကြောထဲတွင်နေသော သန်ကောင်အမျိုးအစား ကပ်ပါးပိုးကြောင့်ဖြစ်ပွားပြီး ခြင်ကိုက်ခြင်းကြောင့် ကူးစက်ခြင်းဖြစ်ပါသည်။ ရောဂါနုစဉ်ကာလအတွင်း ချမ်းတုန်၍ဖျားခြင်း၊ ယားယံ၍အင်ပြင်ထွက်ခြင်း၊ အကြိတ်များရောင်ခြင်း၊ ဝှေးစေ့များယောင်၍နာခြင်း၊ အောင့်ခြင်း၊ ခြေလက်တစ်ဖက်တည်း (သို့မဟုတ်) နှစ်ဖက်လုံးနီရဲပူလောင်ခြင်း၊ ကပ်ပယ်အိတ်(မုတ္တ)ကြီးခြင်း၊ ဆန်ဆေးရေကဲ့သို့ အဖြူရောင်ဆီး ပျစ်ပျစ်သွားခြင်း၊ ဆီးထဲ၌ သွေးပါခြင်း၊ ပန်းနာရင်ကြပ်ကဲ့သို့ ချောင်းဆိုးရင်ကြပ်ခြင်းများ ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါသက်ရင့်လာလျှင် ခြေ၊ လက်၊ ရင်သား စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ တစ်ဖက်တည်း (သို့မဟုတ်) နှစ်ဖက်လုံးကြီးလာခြင်းဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ခြေထောက်၊ လက်များကြီးရာမှ အရေပြားတွန့်ခေါက်ပြီး ဆင်ခြေထောက်အသွင် ဖြစ်လာသောကြောင့် ဆင်ခြေထောက်ရောဂါဟု ခေါ်ကြခြင်းဖြစ်ပါသည်။

မည်သို့သော ခြင်ကိုက်သည်ဖြစ်စေ ရောဂါဖြစ်စေသည်မို့ ပြည်သူ ပြည်သားများ ဒုက္ခရောက်ရသည်ချည်းပင်ဖြစ်သည်။ ထို့ကြောင့် ခြင်များပေါက်ပွားလေ့ရှိသော ယခုလို မိုးရာသီအခါသမယတွင် ခြင်နှိမ်နင်းရေး လုပ်ငန်းများကို အစိုးရနှင့် ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခြင်ကိုက်ခံရခြင်းမှ ကင်းဝေးပြီး ခြင်ကြောင့် ဖြစ်ပွားတတ်သောရောဂါများလည်း ကင်းဝေးစေမည် ဖြစ်ပါသည်။ ထိုသို့ တားဆီးကာကွယ်ရေး ပြုလုပ်သည့်အပြင် ခြင်ကြောင့် ဖြစ်တတ်သည့် ရောဂါများကို ကြောက်ရွံ့သဖြင့် မိသားစုတစ်စုခြင်းအလိုက်၊ တစ်ဦးခြင်းအလိုက် တော်တော်များများသည် ခြင်ဆေးခွေအမျိုးမျိုးကို အသုံးပြုနေကြရပါသည်။ ထိုခြင်ဆေးခွေများတွင် ခြင်ကိုနှိမ်နင်းနိုင်မည့် အတိုင်းအဆလောက်သာ ဓာတုပစ္စည်းများကို ထည့်သွင်းထုတ်လုပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်ထားသော်လည်း စီးပွားဖြစ်ထုတ်လုပ်ရောင်းချသူများမှ ခြင်ကိုသေစေနိုင်ရုံသာမက လူသားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများကို ပိုမိုထည့်သွင်းသုံးစွဲနေကြသဖြင့် ပိုးသတ်ဆေးဥပဒေ (Pesticide Law) အရ တားမြစ် ပိတ်ပင်ထားပါ သည်။

ဒီဒီတီ (Dichlorodiphenyltrichloroethane -DDT) ဟုခေါ်သည့် ငှက်ဖျားရောဂါကာကွယ်သည့် ခြင်သတ်ဆေး အပါအဝင် ပိုးမွှားသတ်ဆေး အမျိုးမျိုးသည် ကြာရှည်စွာတည် မြဲနေနိုင်ပြီး ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေသည့် အော်ဂဲနစ်ဓာတုဒြပ်ပစ္စည်းများဖြစ်သောကြောင့် ၎င်းတို့ကို Persistent Organic Pollutants (POPs) ဟုခေါ်ပါသည်။

ခြင်ဆေးခွေ တွင် ခြင်ပြေးစေရန် သုံးသော ဓာတုပစ္စည်းတစ်မျိုး မှာ ပိုင်ရီသရင်း (Pyrethrin) ဖြစ်ပြီး ယင်းကို Pyrethrum Flower မှ ထုတ်လုပ်ပါသည်။ သို့သော်လည်း ယခုအခါတွင် အခြားဓာတု (Synthetic) ဓာတ်ပေါင်းဖြစ်သော အယ်လကာလီ ဓာတ်ပေါင်း (Pyrethrin Base) များဖြစ်သည့် Allethrin ၊ Tetramethrin၊ Permethrin၊ Cyphenothrin၊ Cypermethrin၊ Cyfluthrin တို့ကို WHO ၏ သတ်မှတ်ချက်အတိုင်း ထည့်သွင်း အသုံးပြုလာကြပါသည်။ ခြင်ပေါများလှသော မြန်မာနိုင်ငံ၌ ခြင်ဆေးခွေတံဆိပ်အမျိုးမျိုးကို ဈေးကွက်တွင် ကျယ်ပြန့်စွာ တွေ့ရှိနေရပါသည်။ ထိုခြင်ဆေးခွေများတွင် ခြင်ပြေးစေရန် အသုံးပြုသော ဓာတုပစ္စည်း Active Ingredients အနေဖြင့် Dallethrin ကို သုည ဒသမ ၁ ရာခိုင်နှုန်း မှ သုည ဒသမ ၃ ရာခိုင်နှုန်း အသုံးပြုကြပါသည်။ အခြား ဓာတုပစ္စည်းအနေဖြင့် မီးလောင်လွယ်စေရန် Potassium Nitrate (KNO3) ကိုအများအားဖြင့် အသုံးပြုပြီး အခြားပါဝင်သော ပစ္စည်းများမှာ မီးလောင်စေရန် လောင်စာအဖြစ် လွှစာမှုန့်နှင့် ကော်များအဖြစ် ပီလောပီနံမှုန့်ကော် စသည်တို့ကို အသုံးပြုကြပါသည်။

ခြင်ဆေးခွေကို မီးရှို့သောအခါတွင် ခြင်ပြေးစေရန်ထည့်ထားသည့် Active Ingredients များမှ ထွက်လာသော အငွေ့(Vapor) များသည် လေထဲတွင် ပျံ့လွင့်ပြီး ရှူမိသူများမှာ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ သာမက ကင်ဆာရောဂါများအထိ ဖြစ်ပွားစေနိုင်ပါသည်။ နိုင်ငံတကာမှ သုတေသနပညာရှင်များ၏ စမ်းသပ်ချက်များအရ ခြင်ဆေးခွေ တစ်ခွေကို မီးရှို့လိုက်လျှင် Volatile Organic ဒြပ်ပေါင်း ၇၀ ကျော် ပါဝင်ပြီး ၎င်းတို့ထဲတွင် အလွန်သေးငယ်သည့် (Allathrin) အမှုန်လေးများ၊ သတ္တုလေးများ (Heavy Metals) များ၊ ပေါ်လီဆိုက်ကလစ် အေရိုမက်တစ်ဟိုက်ဒရိုကာဗွန်များ (Polycyclic Aromatic Hydrocarbon)၊ အော်ဒီဟိုက် (AldeYydes)များ၊ ကီတုန်း (Ketone)၊ ဗင်စင်း (Benzene)၊ ဇိုင်လင်း (Xylene) တို့ ထွက်ပေါ်လာပြီး ၎င်းတို့သည် လေထဲတွင်ပျံ့နှံ့နေပါက လေထုတွင်ရှိရမည့် စံချိန်စံညွှန်း (Air Standard) များနှင့်မကိုက်ညီတော့ဘဲ လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ လေထုထဲတွင် ခြင်ဆေးခွေတစ်ခွေ၏ အငွေ့များသည် စီးကရက် ၅၅ လိပ်မှ ၁၃၇ လိပ်အထိ မီးရှို့သည်နှင့် ညီမျှကြောင်း သိရပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ကြောင့် ဖြစ်သည့်ရောဂါများအတိုင်း ဖြစ်ပွားစေနိုင်ပါ ည်။

အခြားနိုင်ငံများမှ ထုတ်လုပ်သော ခြင်ဆေးခွေအချို့တွင် WHO မှ သုံးစွဲခွင့်မပြုသည့် အစွမ်းထက် ဓာတုပစ္စည်း S-2 (Octachlorodipropyl Ether) ကို ထည့်သွင်းအသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိနေရ ပါသည်။ ထို S-2 ပါဝင်ပါက ခြင်ဆေးအငွေ့တွင် Bis Chloro Methyl Ether (BCME) ဆိုသည့် ဓာတ်ပေါင်းတစ်မျိုး ထွက်ပေါ်လာပါသည်။ ၎င်းကို နိုင်ငံတကာတွင် တူညီစွာအသုံးပြုနေသည့် GHS စနစ်ဖြင့် အန္တရာယ်အမျိုးအစားခွဲကြည့်ရာ Category I ဖြစ်သဖြင့် အန္တရာယ်အမြင့်ဆုံး အနေအထားတွင်ရှိပြီး အဆုတ်ကင်ဆာကို ဖြစ်ပွားစေနိုင်ပါသည်။

ယခုအခါ ဈေးကွက်များတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ခြင်ဆေးခွေများတွင် ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် Meper Fluthrin ကို WHO ၏အမြင့်ဆုံး သတ်မှတ်ချက်ထက် ကျော်လွန်၍ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၂၄ သို့ ➲

# ခတ်ဆီ/ဒီဇယ်

## ဒီဇယ် တန်၆၀နီးပါးနဲ့ ခတ်ဆီတန်ချိန် ၇၀၀ နီးပါးတင်သွင်း

စက်တင်ဘာ၄ရက်မှ၁၀ရက်သီတင်းပတ်အတွင်းကန်ဒေါ်လာ ၂၃၇၁၈၃၇ တန်ဖိုးရှိ ဒီဇယ် ၅၉ ဒသမ ၂၅ တန်နဲ့ ကန်ဒေါ်လာ၃၅၁၉၆၇၇၄တန်ဖိုးရှိ ခတ်ဆီ ၆၅၇ ဒသမ ၃၅၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ(92)(95)နဲ့ အဆင့်မြင့်ဒီဇယ်များ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဒီဇယ်အဝင်မှာ တန်ချိန် ၁၂၇၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်တင်သွင်းမှုတော်တော်လေး လျော့နည်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ခတ်ဆီတင်သွင်းမှုမရှိခဲ့ဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၄၈၄ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၁၂၀ နဲ့ ကန်ဒေါ်လာ၂၀၃၇၂ တန်ဖိုးရှိ ခတ်ဆီ ၃၃၀ တန်တင်သွင်းခဲ့သလို တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၁၈၉၅၇၄ တန်ဖိုးရှိ ဒီဇယ် ၄၃၁ ဒသမ ၂၅၂ တန်နဲ့ ကန်ဒေါ်လာ၅၂၇၂၆ တန်ဖိုးရှိ ခတ်ဆီ တန်ချိန် ၁၂၀၊ မြိတ်စခန်းမှ ၄၅၅၅၅၆ တန်ဖိုးရှိ ဒီဇယ်၁၀၂၀တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) တို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ်၅၄၀ ကျပ်၊ အောက်တိန်း (92) ၅၄၀ ကျပ်၊ အောက်တိန်း (95) ၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၇၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စက်တင်ဘာလ ၁၂ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၀၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၅ ရက်က ဝယ်ဈေး ၂၀၀၀ ကျပ်ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျပြီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ စက်တင်ဘာ ၁၂ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီတစ်ဂါလန် တစ်ဂါလန် ၂၈၀၀၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခတ်ဆီတစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၈၀ကျပ်၊ အောက်တိန်း (92) ၅၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ၁၂ ရက် ဒီဇယ်ဝယ်ဈေး ၁၁၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ စက်တင်ဘာ ၁၂ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ကျပ်၊ ခတ်ဆီ ၃၀၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ ဈေးများမှာ ခတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၄၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်၊အောက်တိန်း တစ်ဂါလန် ၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာခတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ရောင်းချတယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ တစ်ဂါလန် ၂၆၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက် ငွေလဲစင်တာများနှင့် ပုဂ္ဂလိကဘဏ်တို့ ၁၀ ကျပ်ကျော်ကွာဟ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများသည် ဆက်လက်မြင့်တက်ခဲ့ကာ အမြင့်ဆုံးဈေးအဖြစ် ၁၂၄၅ ကျပ်သို့ရောက်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ဒေါ်လာဈေးမြင့်တက်လာမှုများကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ သွက်လာခဲ့ကြောင်း၊ ဈေးမြင့်တက်ရခြင်းမှာ စက်သုံးဆီတင်သွင်းသူလုပ်ငန်းရှင်များက ပွင့်လင်းရာသီအမီ စက်သုံးဆီများကို တင်သွင်းကြသဖြင့် ဈေးမြင့်တက်ရသည်ဟု တချို့က သုံးသပ်ထားကြသော်လည်း တချို့ကမူ ဈေးကွက်အတွင်း ဈေးကစားမှု များကြောင့်လည်း ဈေးတက်ရခြင်းဖြစ်သည်ဟု သုံးသပ်လျက်ရှိသည်။

"ငွေလဲဈေးကွက်ထဲမှာ အဝယ်လိုက်နေတာ နှစ်ပတ်ကျော်လောက်ရှိပြီ။ ဒီတစ်ပတ်မှာတော့ ဈေးကွက်ထဲမှာ ဈေးကမြင့်တက်လာတော့ ဝယ်တဲ့သူ ပိုများလာတယ်။ ဘာကြောင့်လဲဆိုတာတော့ အတိအကျမသိရပါဘူး။ စက်သုံးဆီတင်သွင်းတဲ့သူတွေက ဝယ်သလိုမျိုး ပြောနေကြတာလည်းရှိတယ်။ ဈေးကစားတာလည်း ဖြစ်နိုင်ပါတယ်"ဟု ဈေးကွက်တွင် ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် စက်တင်ဘာ ၁၂ ရက်က ရောင်းဈေး ၁၂၂၇ ကျပ်၊ ဝယ်ဈေး ၁၂၂၄ ကျပ်သာရှိခဲ့သော်လည်း စက်တင်ဘာ ၁၅ ရက်တွင် ရောင်းဈေး ၁၂၃၆ ကျပ်၊ ဝယ်ဈေး ၁၂၃၃ ကျပ်သို့မြင့်တက်ခဲ့သည်။

စက်တင်ဘာ ၁၆ ရက်တစ်ရက်တည်းမှာပင် ခုနစ်ကျပ်ခန့် မြင့်တက်ခဲ့ရာ ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၄၅ ကျပ်၊ ဝယ်ဈေး ၁၂၄၁ ကျပ်ရှိခဲ့သည်။ ငွေလဲစင်တာများ၌ ဈေးမြင့်တက်ချိန်တွင် ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းမှာ ၁၂၃၃ ကျပ်သာရှိခဲ့သည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေဈေး ကျဆင်းလာသော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေး အနည်းငယ်သာကျဆင်း

ယခုတစ်ပတ်အတွင်းကမ္ဘာ့ရွှေဈေး ကျဆင်းလာသော်လည်း ပြည်တွင်းငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေးများ အနည်းငယ်သာ ကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားကျဆင်းသွားသည့်အတွက် ဈေးများကျဆင်းလာခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင်မူ အကျနှေးနေခဲ့ကြောင်း၊ ကမ္ဘာ့ရွှေဈေးကျဆင်းလာမှုကြောင့် အမေရိကန်ဒေါ်လာဈေး ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာ အနည်းငယ်သာ ကျရိပ်ရှိနိုင်ကြောင်း ရွှေဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။

"ပြည်တွင်းရွှေဈေးကွက်မှာ ဈေးက သိပ်ကျဖို့တော့မရှိပါဘူး။ အမေရိကန်ဒေါ်လာဈေးက ဆက်တိုက်မြင့်တက်နေတာကြောင့် ပြည်တွင်းရွှေဈေးနှုန်းတွေလည်း သိပ်ပြီးကျဆင်းသွားလိမ့်မယ်လို့ မထင်ပါဘူး။ ဒီတစ်ပတ်မှာလည်း ဈေးက နည်းနည်းပဲကျလာတာ။ ဈေးကျလာမယ်ဆိုလို့ ပြန်ရောင်းကြတဲ့သူတွေ များလာပေမယ့် ဈေးပြန်တက်မယ်လို့ထင်တဲ့သူတွေက ကိုင်ထားကြတုန်းပဲ"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် စက်တင်ဘာ ၁၂ ရက်က ကျပ် ၈၆၆၀၀၀ရှိခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ကျပ် ၈၆၅၀၀၀ သို့ အနည်းငယ်ကျဆင်းခဲ့သည်။ သို့သော် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာမှုကြောင့် စက်တင်ဘာ ၁၆ ရက်တွင် ကျပ် ၈၆၈၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးမှာ စက်တင်ဘာ ၁၂ ရက်က ၁၃၂၆ ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ ၁၆ ရက်တွင် ၁၃၁၅ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရှယ်ယာဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ်တွင်း ပြည်တွင်းရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းခဲ့ကြောင်း သိရသည်။အထူးသဖြင့်မြန်မာနိုင်ငံသားများဘဏ်၏ရှယ်ယာဈေးနှုန်းများမှာ ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသားများဘဏ်၏ရှယ်ယာဈေးနှုန်းများသည် စက်တင်ဘာ ၁ ရက်က ကျပ် ၁၂၀၀၀ ရှိခဲ့သော်လည်း ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်က ကျပ် ၉၄၀၀ သို့ကျဆင်းခဲ့ကာ စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၈၃၀၀သို့ ဆက်လက်ကျဆင်းခဲ့သည်။

"ပြည်တွင်းရှယ်ယာဈေးနှုန်းများ ကျဆင်းရတာကတော့ ဒီမှာက ရှယ်ယာတွေကို ကြိုက်ရောင်းကြိုက်ဝယ် သဘောမျိုးပဲလုပ်နေကြတာ။ တကယ်တမ်း ရှယ်ယာရဲ့သဘောတရားကိုသိလို့ လုပ်နေကြတာမဟုတ်ဘူး။ ဒါကလည်း အစဖြစ်နေလို့ပါ။ နောက်ဆိုရင်တော့ လုပ်ငန်းရဲ့သဘောကိုနားလည်သွားကြရင်တော့ ဈေးကွက်မှာ စာရင်းဝင်ကုမ္ပဏီတွေရဲ့ အခြေအနေတွေကို ကြည့်ပြီး ရှယ်ယာအရောင်းအဝယ်လုပ်ကြမှာပါ"ဟု စတော့ရှယ်ယာကျွမ်းကျင်သူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။

ယခုတစ်ပတ်တွင် MTSH ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၄၂၀၀၀ ရှိခဲ့ပြီး FMI ၏ရှယ်ယာဈေးနှုန်းမှာ ကျပ် ၁၈၅၀၀ရှိခဲ့ကာ မြန်မာနိုင်ငံသားများဘဏ်၏ဈေးနှုန်းမှာ ကျပ် ၈၄၀၀ ဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

September 16, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 78.20 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.67 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.88 |
| I DR | Indonesia Rupiahs | 13139.63 |
| JPY | Japan Yen | 102.08 |
| MYR | Malaysia | 4.13 |
| PKR | Pakistan Rupees | 104.30 |
| PHP | Philippines Pesos | 47.81 |
| RUB | Russia Rubles | 64.78 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1122.64 |
| LKR | Sri Lanka Rupe | 145.40 |
| THB | Thailand Baht | 34.88 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22306.49 |

*Source : xe.com*

## World Gold Price

September, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1329 | 1328 | 1330 |
| 13 | - | - | - |
| 14 | 1318 | 1321 | 1320 |
| 15 | 1317 | 1318 | 1318 |
| 16 | 1312 | 1314 | 1315 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12 -9- 2016 | 866.00 | 865.90 |
| 13 -9- 2016 | - | - |
| 14 -9-2016 | 865.00 | 865.00 |
| 15 -9- 2016 | 868.50 | 867.70 |
| 16 -9- 2016 | 868.80 | 868.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6 .68 | 34.89 | 78.36 | 66.81 |
| 13 | 6. 67 | 34.95 | 78.43 | 67.02 |
| 14 | 6 67 | 34.95 | 78.25 | 66.99 |
| 15 | 6 .67 | 34.92 | 78.35 | 66.99 |
| 16 | 6.67 | 34.83 | 78.20 | 66.88 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12 - September | 18.72 | 2286.82 | 1568.90 | 4694.14 | 1052.00 |
| 13 - September | - | - | - | - | - |
| 14 - September | 19.01 | 2256.58 | 1567.78 | 4715.87 | 1039.00 |
| 15 -September | 18.89 | 2288.16 | 1593.09 | 4815.33 | 1030.00 |
| 16 -September | 18.96 | 2250.08 | 1582.11 | 4832.58 | 1025.00 |

Source:kitco.com

## Energy NYMEX 16-9-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 43.68 | -0.23 | -0.52 |
| Brent Crude Futr (USD/bbl) | 46.39 | -0.20 | -0.43 |
| Gasoline Rbob Fut (Cent/gal) | 143.20 | 0.18 | 0.13 |
| Natural Gas Futr (USD/MMBtu) | 2.91 | -0.02 | -0.61 |
| Heating Oil Futr (Cent/gal) | 141.46 | -0.16 | -0.11 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေ တန်ချိန်လေးသောင်းနီးပါးဝင်



သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အတွင်း ကန်ဒေါ်လာ ၂၉၄၂၅၂၇ တန်ဖိုးရှိ ဘိလပ်မြေ ၃၅၄၈၈ ဒသမ ၆၄၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ ထိုင်းနိုင်ငံမှ ထုတ်လုပ်တဲ့ ဆင်၊ စိန်၊ အင်စီး စတဲ့ တံဆိပ်များ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံထုတ်များသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၁၄၂၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၁၂၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

စက်တင်ဘာလ၄ ရက်မှ ၁၀ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၅၄၀၀ ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၁၄၂၀၀ တန် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၂၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန်၁၁၇၄၀ ကျော်ရှိခဲ့ပြီးယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၀၆၉၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၉၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်လေး ရှိနေတယ်။ ဒီတစ်ပတ်မှာ စိန်ကဈေးငြိမ်နေပေမယ့် ဆင် ၂၀၀ ကျပ်၊ အပါချီ ၃၀၀ ကျပ်၊ ကမ္ဘောဇ ၂၀၀ ကျပ်၊ နဂါး ၁၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၆၆၀၀ ကျပ်၊ စိန်(ထိုင်း) ၆၈၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၄၀၀ ကျပ်၊ ကမ္ဘောဇ ၄၁၀၀ ကျပ်၊ နဂါး ၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိနေသလို ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးက နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ အပါချီ ၃၀၀ ကျပ်၊ ဆင်(ထိုင်း) ၅၀ ကျပ်၊ ကြံ့ ၄၀၀ ကျပ်၊ မြင်းခေါင်း ၁၂၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၀၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၂၀၀ ကျပ်၊ ကြံ့ ၅၀၀၀ ကျပ် မြင်းခေါင်း ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပေမယ့် ဘိလပ်မြေဈေးက မပြောင်းဘဲ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပြည်တွင်းဘိလပ်မြေက ရောင်းအားကောင်းတယ်လို့ သိရပါတယ်။ ထိုင်းပစ္စည်း အနေနဲ့ စိန်ကို ကြိုက်ကြတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၄၆၀၀ ကျပ်၊ မြန်မာ ဆင် ၄၃၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၂၀၀ ကျပ်၊ ကျားခေါင်း ၄၂၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၆၀၀ ကျပ်၊ စိန်(ထိုင်း) ၆၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် တစ်သောင်းလေးထောင်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၄ရက်မှ ၁၀ ရက်အတွင်း ကန်ဒေါ်လာ ၃၂၉၆၃၉၀ တန်ဖိုးရှိ မြေဩဇာ ၁၄၂၃၄ ဒသမ ၁၈၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၆၇၉၂ ဒသမ ၈၄၂တန်၊ ဒိန်းမတ်နိုင်ငံမှ၁၀၅၇ ဒသမ ၇၉၅ တန်၊ အင်ဒိုနီးရှားမှ ၅ ဒသမ ၃၆၅တန်၊ ကိုရီးယားနိုင်ငံမှ ၅၀၃ ဒသမ ၇၀ တန်၊ ရုရှားမှ ၅၂၅ ဒသမ ၃၄ တန်၊ ထိုင်းနိုင်ငံမှ ၄၂၉၂ ဒသမ ၆ တန်နဲ့ အာရပ်မှ ၁၀၅၆ ဒသမ ၅၄၅တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နိုက်တြိုဂျင်၊ ယူရီးယား၊ အမိုးနီးယမ်းဆာလဖိတ်၊ ဇင့်ဆာလဖိတ်၊ ကွန်ပေါင်း၊ Nitrophoska Granular၊ NPK၊ Secondary EXE စတဲ့ မြေဩဇာများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာတင်သွင်းမှုမှာ ၆၉၃၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၇၂၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ရန်ကုန်မြေဩဇာဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၄၂၃၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၆၉၃၈ တန်ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၂၉၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ တန်ချိန် ၂၆၄၁၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၀၇၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

မော်လမြိုင်ဈေးကွက်မှာ မြေဩဇာက ရာသီချိန်လည်း မရောက်သေးတာကြောင့် ဒီတစ်ပတ်အရောင်း အေးသလို ဈေးလည်းအေးနေပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅း၁၅း၁၅ (Grow How-ထိုင်း) ၃၄၈၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅း၁၅း၁၅ (ထိုင်း) ၂၉၂၀၀ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း)၂၀၈၀၀ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)၄၀၀ကျပ်၊ တီစူပါ ၄၆% ၃၀၀ ကျပ် ဈေးကျခဲ့ပြီး ကွန်ပေါင်းက ၁၇၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၇၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၇၇၀၀ကျပ်၊ တီစူပါ(၄၆%-တရုတ်) ၁၈၁၀၀ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၂၀၀ကျပ်၊ မြားသီးစုံ ၁၅၂၀၀ ကျပ်၊ ပန်းသီးစုံ ၁၅၂၀၀ကျပ် ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုလဲနဲ့ ဓာတ်မြေဩဇာများက အဝယ်နည်းနည်း လိုက်ပြီး ကျန်မြေဩဇာများက အရောင်းအေးသလို ဈေးလည်း နည်းနည်းကျလာတယ်လို့ ဆိုပါတယ်။ယူရီးယားက၃၀၀ကျပ်၊ တီစူပါက ၂၀၀ ကျပ်၊ ဓာတ်ဆားက ၅၀၀ ကျပ်၊ မြားကမ္ဘာက ၆၀၀ ကျပ် ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရေတောင်-တရုတ်) ၁၈၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ တီစူပါ ၂၀% (တရုတ်) ၁၂၀၀၀ ကျပ်၊ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၈၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၄၀၀၀ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး)၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၄၀၀ ကျပ်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ယူရီးယားက ၂၀၀၀ ကျပ်၊ တီစူပါက ၁၇၀၀ ကျပ်၊ ကွန်ပေါင်း၂၅း၇း၇ က ၃၀၀ ကျပ်ဈေးကျလာပြီး ပိုတက်က ၁၅၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၁၈၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၉၀၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၁၉၃၀၀ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅-တရုတ်) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (၂၅း၇း၇) ၃၁၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့မှုန့်

### နို့ဆီတန်ချိန် ၄၀၀ ကျော်နဲ့ နို့မှုန့်တန် ၅၀ ကျော်တင်သွင်း

စက်တင်ဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၇၇၅၇၀ တန်ဖိုးရှိ နို့ဆီ ၄၁၃ ဒသမ ၁၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းမှုမှာ တန်ချိန် ၂၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၄၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၅၁၇၈၉၀ တန်ဖိုးရှိ နို့မှုန့် ၅၇ ဒသမ ၇၅၁ တန်ကိုလည်း ဒီတစ်ပတ်မှာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မလေးရှားမှ ၄၃ ဒသမ ၈၁ တန်နဲ့ စင်ကာပူမှ ၁၃ ဒသမ ၉၄၁ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ ၇၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၉ မှ ၉/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၈ မှ ၂/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၄၄.၀၀ | ၁၀၈၂.၀၀ | (+) | ၄၆၂.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၃၀.၀၀ | ၇၇၀.၀၀ | (-) | ၁၄၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀.၀၀ | - | (+) | ၁၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၈၈၀.၀၀ | ၂၅၂၃.၀၀ | (-) | ၆၄၃.၀၀ |
| ၅။ | တာချီလိတ် | - | ၂၃၀.၀၀ | (-) | ၂၃၀.၀၀ |
| ၆။ | မြဝတီ | ၁၁၅၂.၅၄ | ၁၁၆၁.၂၀ | (-) | ၈.၆၆ |
| ၇။ | ကော့သောင်း | ၆၃၇၅.၀၀ | ၁၀၇၇၅.၀၀ | (-) | ၄၄၀၀.၀၀ |
| ၈။ | မြိတ် | ၁၅၀.၀၀ | ၄၁၅၀.၀၀ | (-) | ၄၀၀၀.၀၀ |
| | စုစုပေါင်း | ၁၁၇၄၁.၅၄ | ၂၀၆၉၁.၂၀ | (-) | ၈၉၄၉.၆၆ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၉ မှ ၉/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၈ မှ ၂/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၃၀၈.၁၅၀ | ၂၈၉၃၉.၈၇၅ | (-) | ၁၃၆၃၁.၇၂၅ |
| ၂။ | လွယ်ဂျယ် | ၆၂၀.၅၀၀ | ၆၀၄.၅၀၀ | (+) | ၁၆.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၈၈၆.၅၀၀ | ၇၂၃၂.၀၀၀ | (-) | ၁၃၄၅.၅၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၀၀.၀၀၀ | - | (+) | ၂၀၀.၀၀၀ |
| ၅။ | မြဝတီ | ၃၁၈၇.၁၅၀ | ၂၆၉၇.၃၀၀ | (+) | ၄၈၉.၈၅ |
| ၆။ | ကော့သောင်း | ၁၆၀.၀၀၀ | ၂၁၂.၀၀၀ | (-) | ၅၂.၀၀၀ |
| ၇။ | မြိတ် | ၂၅၀.၀၀၀ | ၂၂၅.၀၀၀ | (+) | ၂၅.၀၀၀ |
| ၈။ | ရိုဒ် | ၈၀၀.၀၀၀ | ၈၀၀.၀၀၀ | | - |
| | စုစုပေါင်း | ၂၆၄၁၂.၃၀၀ | ၄၀၇၁၀.၆၇၅ | (-) | ၁၄၂၉၀.၃၇၅ |

ခင်မိုးသူ

## နှမ်း

# တာချီလိတ်မှလည်း နှမ်းပြန်လည်တင်ပို့ခဲ့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၃ ရက်မှ ၉ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၃၁၁၄၈ တန်ဖိုးရှိ နှမ်းဖြူ တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ဇူလိုင်လကုန်ပိုင်းက နှမ်းနက် ၁၀ တန်တင်ပို့ခဲ့ပြီး၊ ယခု တစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ပုံမှန်တင်ပို့နေကျ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈၂ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၃၅၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားတွေကတော့ နှမ်းဖြူ ၆၆၇ တန်ကျော်၊ နှမ်းနက် ၁၆၀၃ တန်ကျော်နဲ့ နှမ်းညို ၈၈ တန်ခွဲ ဖြစ်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၃ ရက်မှ ၉ ရက် အတွင်း နှမ်းဖြူတစ်တန် (မိမိဘက်ပေါက်စျေး) မှာ ၁၂၄၄၁၂၃ ကျပ်နဲ့ နှမ်းနက်(စမုံ)ဈေးကတော့ ၂၃၂၉၁၁၄ ကျပ်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ပြည်မိုးနှမ်း အဝင်များလာလို့ဈေးကျလာ



ပြည်ဈေးကွက်တွင် ယခုတစ်ပတ်နှမ်းအဝင်များလာ၍ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ နတ်တလင်း၊ ပေါင်းတည်နဲ့ ပေါက်ခေါင်းဘက် မှ တစ်နေ့လျှင် နှမ်းအိတ် ၁၀၀၀ ခန့် ဝင်ရောက်လာသဖြင့် ယခင်တစ်ပတ်ထက်စာလျှင် အဝင်များလာခဲ့ကာ ဈေးလည်းအနည်းငယ်ကျလာတာ တွေ့ရပါတယ်။

နှမ်းနက်ကို မန္တလေးဝယ်လက်များက အဝယ်ရှိသလို၊ နှမ်းနီကိုပြည်ဆီစက်နှင့် မကွေးဆီစက်များက အဝယ်ရှိနေသော်လည်း ဈေးကျလာတာတွေ့ရပါတယ်။ နှမ်းဈေး မှာ နှမ်းနီတစ်တင်းလျှင် ၂၃၀၀၀ ကျပ်၊ နှမ်းနက်(ရိုးရိုး) တစ်တင်းလျှင် ၃၃၀၀၀ ကျပ်နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ၄၃၀၀၀ ကျပ်ဈေးဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဈေးကျလာပေမယ့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုအချိန်တွင် မိုးနှမ်းကိုပွဲရုံများကလှောင်ထားရန်အတွက် ဈေးလျှော့ပြီး အဝယ်ရှိနေသဖြင့် ဈေးကျပေမယ့် တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက် ရှိပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ

# ဝယ်လိုအားကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေး ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးသို့ကျဆင်း



ရင်းဂစ်တန်ဖိုး ကျဆင်းမှုနဲ့ ဩဂုတ်လအကုန် စတော့လက်ကျန်က ခြောက်နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းမှုတွေက စားအုန်းဆီဈေးနှုန်း မြင့်တက်ဖို့ အထောက်အကူဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဝယ်လိုအား ကျဆင်းတဲ့အတွက် စက်တင်ဘာ ၁၄ရက်မှာ မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးနှုန်းက ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးကို ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စက်တင်ဘာ ၁၄ ရက် ဈေးပိတ်ချိန်က နိုဝင်ဘာအတွက် စားအုန်းဆီ ကြိုရောင်းဈေးက ၁ ဒသမ ၁ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၅၆၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၂) နှုန်း ရှိခဲ့ပါတယ်။ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၅၄၇ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့တဲ့အတွက် စက်တင်ဘာ ၂ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးအဖြစ် ရောက်ရှိခဲ့ပါတယ်။

စက်တင်ဘာ ၁၄ ရက်မှာ တစ်ရက်ရောင်းချရတဲ့ ပမာဏက ၂၅တန်ရှိ အတွဲပေါင်း ၆၁၇၆၂တွဲ ရှိခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်း တစ်ရက်ပျမ်းမျှ ရောင်းချရတဲ့ ၄၄၆၀၀ တွဲထက် ပိုမိုခဲ့ပါတယ်။

ရင်းဂစ်တန်ဖိုးကျပြီး စားအုန်းဆီ သိုလှောင်လက်ကျန်က ခြောက်နှစ်အတွင်း အနိမ့်ဆုံးကို ရောက်ခဲ့ပေမယ့် ဈေးနှုန်းက တက်မလာကြောင်း ကွာလာလမ်ပူအခြေစိုက်အရောင်းတာဝန်ခံတစ်ဦးက ပြောပါတယ်။ စားအုန်းဆီနှင့် ပဲပုပ်ဆီဈေးနှုန်း ကွာဟချက်အချိုး ကျဆင်းလာခြင်းကလည်း အတားအဆီးတစ်ခုဖြစ်ကြောင်းလည်း သူက ပြောပါတယ်။

ရင်းဂစ်တန်ဖိုးကလည်း စက်တင်ဘာ ၁၄ ရက်က သုည ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ စားအုန်းဆီရောင်းဝယ်ရာမှာ ဈေးနှုန်းသတ်မှတ်ဖို့အသုံးပြုတဲ့ ရင်းဂစ် တန်ဖိုး ကျဆင်းမှုကြောင့် တခြားငွေကြေးနဲ့ ဖလှယ်ပြီး စားအုန်းဆီဝယ်ယူသူတို့အတွက် ဈေးကို သက်သာစေပါတယ်။ ပို့ကုန်မြင့်တက်မှုနဲ့ ထုတ်လုပ်မှုက ခန့်မှန်းထားတာထက် ကျဆင်းတဲ့အတွက် ဩဂုတ်လအကုန်မှာ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီသိုလှောင်လက်ကျန် ကျဆင်းကာ ခြောက်နှစ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

"စားအုန်းဆီ သိုလှောင်လက်ကျန်က ဇူလိုင်မှာ ၁၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၁ဒသမ ၄၆သန်း ရှိခဲ့ပါတယ်။ ပို့ကုန်ကလည်း ၃၀ ဒသမ ၉ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၈၁ သန်း ရှိခဲ့ပါတယ်။ အထွက်နှုန်းက ၇ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၇၀ သန်းရှိခဲ့ပါတယ်။

စားအုန်းဆီရဲ့ စက်တင်ဘာ ဝယ်လိုအားက ဩဂုတ် ဝယ်လိုအားအောက် ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း မလေးရှားနိုင်ငံမှ တင်ပို့မှုက ဩဂုတ်လကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၅ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့က ပြောပါတယ်။

စားအုန်းဆီ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၅၅၀ ရင်းဂစ်နှုန်းရှိမှာဖြစ်ပြီး ဒီဈေးနှုန်းအောက် ထပ်ပြီးကျဆင်းမယ်ဆိုရင် တစ်တန်ကို ၂၄၈၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိမယ်လို့ ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောပါတယ်။

တခြား ဟင်းရွက်ဆီဖြစ်တဲ့ ပဲပုပ်ဆီဈေးက ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ဒီဇင်ဘာ ကြိုရောင်းဈေးက သုည ဒသမ ၃ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ၊ ဒါလီယံဈေးကွက်မှာ ဇန်နဝါရီအတွက် ကြိုရောင်းဈေးက ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၉-၂၀၁၆)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၄၉၀၀ | ၄၉၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၆၉၀ | ၁၇၀၀ | △ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၃၀၀၀ | ၂၈၀၀ | ▽ | ၁၈၀၀ | ၁၇၉၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၇၆၀ | ၁၈၂၀ | △ |
| မကွေး | ၄၂၀၀ | ၄၃၀၀ | △ | ၃၅၀၀ | ၃၃၀၀ | ▽ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၇၀၀ | ၃၆၀၀ | ▽ | ၂၉၀၀ | ၂၉၀၀ | □ | ၁၈၄၀ | ၁၈၃၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

***Source: mirt***



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၉-၂၀၁၆ **US$/Ton**

| အမျိုးအစား | စက်တင်ဘာပထမပတ် | စက်တင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၅၀.၀၀ | ၇၂၅.၅၀ | ▽ |
| **RBD P.Olein** | ၇၄၄.၀၀ | ၇၃၆.၀၀ | ▽ |
| **RBD P.Strarin** | ၆၇၈.၅၀ | ၆၉၁.၅၀ | △ |

***Source: econ.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆- ၉ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၂၅.၀၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၈၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၇၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၃.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၄.၂၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၉-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၆၅ ဒေါ်လာနှင့် USD ဈေး ၁၂၂၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၆-၉-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၂၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ ၁၆-၉-၂၀၁၆ ရက်သည် မလေးရှားနိုင်ငံ၏ အစိုးရရုံးပိတ်ရက်ဖြစ်ပါသဖြင့် ၁၅-၉-၂၀၁၆ ရက်ဈေးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# jrefmEdkifrS&if;EDjrSfEazdk

# b,fvdkuf;xpdkvdkif;aeMuNyD

|မယ်သီတာ|

အစိုးရသစ်လက်ထက်မှာ မြန်မာ နိုင်ငံကို ပြည်ပနိုင်ငံအတော်များများက စိတ်ဝင်စားနေကြသလို လေ့လာမှုတွေ တော်တော်များများ လုပ်နေကြတာကိုလည်း သိရှိနေရပါတယ်။စိတ်ဝင်တစားနဲ့ မေးမြန်းစုံစမ်းမှုတွေရှိသလို စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတဲ့သူတွေကလည်း ဒုနဲ့ဒေးပါ။

အဲဒီလို စောင့်ကြည့်နေရတဲ့ အကြောင်းရင်းကတော့ ဒေါ်အောင်ဆန်း စုကြည်ဦးဆောင်တဲ့ အစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်းရေးကို ဦးတည်ပြီး လုပ်ဆောင်နေတာဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ နိုင်ငံရဲ့အရေးကိစ္စတွေကို အောင်မြင်အောင် အကောင်အထည် ဖော်ချင်လို့ပဲဖြစ်တယ်ဆိုတာ ငြင်းလို့မရတဲ့ အချက်တစ်ချက်ပါ။

ဒါပေမယ့်လည်း အဲဒီလိုလုပ်ဆောင်ရာမှာ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့တာကိုလည်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကိုလည်း စိတ်ရှည်ရှည်ထားပြီး လုပ်ဆောင်ကြရမှာဖြစ်တယ် လို့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့တဲ့ပင်လုံညီလာခံမှာပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံကို သွားရောက်နေတဲ့အချိန်အတွင်းမှာပဲ မြန်မာနိုင်ငံရဲ့မြို့တော်ကြီးဖြစ်တဲ့ နေပြည်တော်မှာ Myanmar Global Investment Forum ၂၀၁၆ ကို ကျင်းပခဲ့ပါတယ်။

အဲဒီဖိုရမ်ဟာ ပြည်ပနိုင်ငံများက ရင်းနှီးမြှုပ်နှံသူ အများစုကို ဆွဲဆောင် ခေါ်ယူတဲ့ ဖိုရမ်ဖြစ်သလိုမြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေအတွက်လည်း လုပ်သာကိုင်သာဖြစ်စေမယ့် အချက်တွေကို ဆွေးနွေးခဲ့ကြတဲ့ ဖိုရမ်တစ်ခုဖြစ်ခဲ့ပါတယ်။

ဒီဖိုရမ်ကို ၂၀၁၂ ခုနှစ် ဦးသိန်းစိန် အစိုးရလက်ထက်ကတည်းက စတင်ကျင်းပခဲ့တာ အခုဆိုရင် ငါးနှစ်ရှိခဲ့ပါပြီ။ ပထမအကြိမ်ကျင်းပစဉ်က ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်နိုင်ဖို့အတွက် ဆွဲဆောင်ခဲ့ပေမယ့် ပြည်ပက လုပ်ငန်းရှင်တွေအတွက် ခိုင်မာသေချာစေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ရေးဆွဲနိုင်ခဲ့ခြင်းမရှိသေးတာကြောင့် ရင်းနှီးမြှုပ်နှံသူတွေဟာ နိုင်ငံတွင်းကို ခန့်မှန်းထားသလောက် ဝင်ရောက်လာခဲ့ခြင်း မရှိပါဘူး။

၂၀၁၂ ခုနှစ်က ကျင်းပခဲ့တဲ့ဖိုရမ် မှာ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ ရေနံနဲ့သဘာဝ ဓာတ်ငွေ့ကိစ္စ၊ အိမ်ခြံမြေရောင်းဝယ်ရေးကိစ္စ၊ အများပိုင်ရှယ်ယာ လုပ်ငန်းများ ထွန်းကားရေးကိစ္စ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်ရေးကိစ္စနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အခြေခံ အဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးရေး ကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီဖိုရမ်မှာ ပြည်ပနိုင်ငံများက အဖွဲ့အစည်းများဖြစ်တဲ့ ADB, IFC, IMF နဲ့ JICA တို့က မြန်မာနိုင်ငံရဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ အခြေအနေကောင်းတွေကို ကြိုဆိုခဲ့ကြသလို ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ကြိုဆိုပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။



၂၀၁၂ ခုနှစ်က ကျင်းပခဲ့တဲ့ ဖိုရမ်ရဲ့ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှန်ကို ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေ သိရှိလာခဲ့ကြကာ တစ်နှစ်ထက်တစ်နှစ် ရင်းနှီးမြှုပ်နှံမှု ပမာဏတွေ တိုးတက်လာခဲ့ရပါတယ်။

ဒါကြောင့် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဟာ Euro Money နဲ့ ပူးပေါင်းပြီး နှစ်စဉ် စက်တင်ဘာလရောက်တိုင်း Myanmar Global Investment Forum ကို ကျင်းပခဲ့တာ ဒီနှစ်ဆိုရင် ငါးနှစ်မြောက်ခဲ့ပြီဖြစ်ပါတယ်။

ယခင်အစိုးရလက်ထက်မှာ လေးကြိမ်တိုင် ကျင်းပခဲ့တဲ့ဒီဖိုရမ်ကြောင့် မြန်မာနိုင်ငံရဲ့ ဘဏ်စနစ်တွေ ထွန်းကားလာခဲ့သလို Yangon Stock Exchange လို ရှယ်ယာအရောင်းအဝယ် ပြုလုပ်နိုင်တဲ့ စင်တာကြီးတစ်ခုလည်း ပေါ်ပေါက်လာခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေ အဆင်ပြေစေနိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီဥပဒေဟာ နိုင်ငံသားနဲ့ နိုင်ငံခြားသားတွေကို ခွဲခြားဆက်ဆံမှုတွေရှိနေတယ်ဆိုတဲ့ ဝေဖန်မှုတွေကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ဥပဒေကြမ်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။

ဒီနှစ်မှာ ကျင်းပတဲ့ဖိုရမ်ဟာ အစိုးရသစ်အတွက် အသစ်အဆန်းတစ်ခုဖြစ်နေပေမယ့် ဝင်ရောက်လာဖို့ ဟန်ပြင်နေတဲ့ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေအတွက်တော့ မဟာအခွင့်အရေးကြီး တစ်ခုကို ရရှိထားသလို ဖြစ်နေခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာတာနဲ့အမျှ ပြည်တွင်းမှာရှိတဲ့ လူငယ်တွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။

"ဒီဖိုရမ်ဟာ လူငယ်ထုအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ပေးမယ့် ဖိုရမ်တစ်ခုလို့ ပြောလို့ရပါတယ်။ လူငယ်ဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်ပါ။ လူငယ်တွေဟာ ကိုယ့်ကိုယ်ကို ရင်းနှီးမြှုပ်နှံနေရမယ်။ လူငယ်တွေရဲ့ ပညာရေးနဲ့ ဆီလျော်တဲ့ အလုပ်အကိုင်တွေ ရှိရပါမယ်။ ဒါကြောင့်

**"**

**ဒီနှစ်မှာကျင်းပတဲ့ ဖိုရမ်ဟာ အစိုးရသစ်အတွက် အသစ်အဆန်းတစ်ခုဖြစ်နေပေမယ့် ဝင်ရောက်လာဖို့ ဟန်ပြင်နေတဲ့ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေအတွက်တော့ မဟာအခွင့်အရေးကြီးတစ်ခုကို ရရှိထားသလို ဖြစ်နေခဲ့ပါတယ်။**

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တာဟာ ကျွန်မတို့ လူငယ်ထုအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရသွားနိုင်တယ်လို့ ပြောချင်ပါတယ်။ အလုပ်လုပ်နေတဲ့ လူငယ်တွေဟာလည်း အချိန်ကြာလာတာနဲ့အမျှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် တိုင်းပြည်ရဲ့စီးပွားရေးအတွက် အရေးကြီးတဲ့ အနာဂတ်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုကလည်း အရေးကြီးပါတယ်။ အခုအထိ ငါးကြိမ်ရှိလာပြီဆိုတော့ တိုးတက်မှုရှိလာပြီလို့ ပြောရမှာပါ။ ဒါတွေက လုပ်နေရမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ စဉ်ဆက်မပြတ် တိုးတက်ရမယ်လေ။ အခုနှစ်ဆိုရင်ပိုပြီး တော့ လုပ်သင့်ပါတယ်။ အစိုးရသစ်လက်ထက်မှာ အစိုးရသစ်ရဲ့ Policy maker တွေရဲ့ ခေါင်းထဲမှာ ဘာရောက်သွားရမလဲဆိုရင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေဟာ ဘယ်လိုအခြေအနေကောင်းတွေရှိမှ ပြည်တွင်းကို စီးဝင်းရမှာလဲဆိုတာ သိဖို့လိုတယ်။ အဲဒီလိုလာချင်တဲ့ အခြေအနေကောင်းတွေဖြစ်အောင် ကျွန်မတို့ Policy maker တွေအနေနဲ့ ဖန်တီးပေးဖို့လိုပါတယ်။ ဒါကြောင့် ဒီလို ပွဲတွေကို အချိန်မရွေးလုပ်ပေးဖို့လိုပါ တယ်။ နှစ်စဉ်နှစ်တိုင်း ကျင်းပပေးဖို့လိုပါတယ်"ဟု ရွှေနန်းတော်စိန်နန်းတော် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဒေါက်တာ ဒေါ်သက်သက်ခိုင်က ပြောကြားခဲ့သည်။

ထို့ပြင် အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ် ကျင်းပခဲ့တဲ့ ယခု ဖိုရမ်ကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေ ပိုမို များပြားလာနိုင်မှာ ဖြစ်တယ်လို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းကဆိုပါတယ်။ ဒါ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အစိုးရသစ်ရဲ့မူဝါဒတွေကို သေသေချာချာ သိရှိပြီးနားလည်လာဖို့အတွက်လည်း ဒီဖိုရမ်ကို ကျင်းပရတာဖြစ်တယ်လို့ ပြည်ထောင်စုဝန်ကြီးက ထပ်မံပြောကြားပါတယ်။

"အဘတို့ ဒီဖိုရမ်ကိုကျင်းပရတာက နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အစိုးရသစ်ရဲ့ မူဝါဒတွေကို စောင့်ကြည့်နေကြပါတယ်။ အစိုးရသစ်လက်ထက်မှာ ပထမဦးဆုံးအကြိမ်ကျင်းပ တာဖြစ်လို့ ဒီဖိုရမ်ကနေ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူတွေအနေနဲ့ အစိုးရသစ်ရဲ့မူဝါဒ တွေကို သိရှိနားလည်ပြီး ရောက်လာကြလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီဖိုရမ်ကို ကျင်းပရတာပါ။ ဒီဖိုရမ်ကနေ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ မြန်မာနိုင်ငံရဲ့အနေ အထားကို နားလည်အောင်လို့ လုပ်ပေးမှာပါ။ ပိုပြီးနားလည်ရင် ပိုပြီးရောက်လာကြမှာဖြစ်ပါတယ်။ အများကြီးမျှော်လင့်ထားတဲ့အတွက်လည်း ရောက်လာလိမ့်မယ်လို့ ထင်ပါတယ်"လို့ ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဝင်းက အဆိုပါ ဖိုရမ်အပြီးမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန်သမ္မတ အိုဘားမားနဲ့ ဝါရှင်တန်ဒီစီမှာ တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က "အခုချိန် မြန်မာနိုင်ငံဟာ စီးပွားရေးရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူတွေ ကောင်းမွန်စွာ လက်ခံနိုင်တဲ့ အနေအထားကို ရောက်ရှိလာနေတာမို့ စီးပွားရေးပိတ်ဆို့မှုတွေကို ပယ်ဖျက်ပေးဖို့ အချိန်အခါသင့်ပါပြီ။ ဒါကြောင့် မြန်မာနိုင်ငံကို လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီမှာ ရင်းနှီးမြှုပ်နှံမှုလုပ်လို့ နှစ်ဦးနှစ်ဖက် ဘယ်လို အကျိုးရှိမလဲဆိုတာ လာရောက် ကြည့်ရှုနိုင်ပါတယ်"လို့ ထည့်သွင်းပြောဆိုသွားကြောင်း သိရပါတယ်။

ဒီနှစ်မှာကျင်းပခဲ့တဲ့ ပဉ္စမအကြိမ်မြောက် ကျင်းပခဲ့တဲ့ ဒီဖိုရမ်ဟာ နိုင်ငံခြားသားလုပ်ငန်းရှင်တွေရော၊ ပြည်တွင်းက လုပ်ငန်းရှင်တွေပါ ယခင်နှစ်များနဲ့မတူ အများအပြား တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ယခုဖိုရမ်ကို ကျင်းပရတဲ့ရည်ရွယ်ချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးလာအောင် လုပ်တဲ့ ဖိုရမ်ဖြစ်တာကြောင့် ယခုဖိုရမ်အပြီးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမို တိုးတက်များပြားလာမယ်လို့ ယုံကြည်ရကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့ပါတယ်။

"ဒီနှစ်မှာ တက်ရောက်တဲ့ပုဂ္ဂိုလ်က မနှစ်ကထက် များတယ်။ နောက်တစ်ခုက ဖိုရမ်မှာ ဆွေးနွေးကြတဲ့ကဏ္ဍတွေကလည်း လက်တွေ့ကျတဲ့ကဏ္ဍတွေ ဖြစ်တယ်။ Financial Sector Reform တွေ ပါတယ်။ Investment ကိစ္စတွေ ပါတယ်။ ဆွေးနွေးတဲ့ကိစ္စတွေက လက်တွေ့ကျတဲ့ကိစ္စတွေ ဖြစ်နေတယ်။ ဆွေးနွေးတဲ့ပုဂ္ဂိုလ်တွေကလည်း နယ်ပယ်အသီးသီးက ကျွမ်းကျင်သူတွေဖြစ်နေတယ်။ ဒါကြောင့် ဒီဖိုရမ်ပြီးသွားရင် ယနေ့မြန်မာနိုင်ငံအပေါ်ကို ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် ပိုပြီး စိတ်ဝင်စားလာကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီဖိုရမ်ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကလည်း မြန်မာနိုင်ငံအပေါ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံကြမယ့်သူတွေ တိုးလာအောင် လုပ်တာဖြစ်တဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ပိုကောင်းလာမယ်လို့ ထင်ပါတယ်"လို့ ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

စာမျက်နှာ ၁၅ သို့ ➲

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မဲဆောက်အထူးစီးပွားရေးဇုန်တွင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ထောင်မည်

ထိုင်းနိုင်ငံ တပ်ခ်ပြည်နယ်၊ မဲဆောက်ခရိုင်တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်အတွင်း နယ်စပ်ကုန်သွယ်ရေးဇုန် တည်ထောင်ရန်အတွက် မြေနေရာသတ်မှတ်နိုင်ရေးအား Industrial Estate Authority of Thailand (IEAT) နှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဘဏ္ဍာရေးဌာန (Treasury Department) ၏ ညွှန်ကြားရေးမှူးချုပ် Mr Chankkrit ကပြောကြားခဲ့ပါသည်။

မဲဆောက် အထူးစီးပွားရေးဇုန်၏ အကျယ်အဝန်းမှာ မြေရိုင် ၂၀၀၀ (တစ်ရိုင် = သုည ဒသမ ၃၉၅ ဧက) ရှိရာ နယ်စပ်ကုန်သွယ်ရေးဇုန်အတွက် ရိုင် ၆၀၀ ကို လျာထားမည်ဖြစ်ကြောင်းနှင့် ယင်းအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ မြဝတီမြို့နှင့်ချိတ်ဆက်နိုင်သောကြောင့် နယ်စပ် ကုန်သွယ်ရေးဇုန်ဖွံ့ဖြိုးတိုးတက်လာရန်အလားအလာအကောင်းဆုံးနေရာဖြစ်ပါသည်။

ထိုင်းအစိုးရသည် နယ်စပ်ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများကို မြှင့်တင်နိုင်ရန်အတွက် အထူးစီးပွားရေးဇုန်များ အလျင်အမြန်ဖွံ့ဖြိုးလာစေရန် တွန်းအားပေးဆောင်ရွက် လျက်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်တည်ထောင်မည့် ဒေသများတွင် ကုန်သွယ်ရေး တိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် အခွန်အကောက်များကိုလျှော့ချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အထူးစီးပွားရေးဇုန်အတွင်း နယ်စပ်ကုန်သွယ်ရေးဇုန်ထားရှိသကဲ့သို့စက်မှုဇုန်ကိုလည်း တည်ထောင်မည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယအစိုးရက ပဲတန်ချိန် ၉၀၀၀၀ ခန့် ထပ်မံတင်သွင်းမည်

အိန္ဒိယအစိုးရသည် ပြည်တွင်းပဲလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းထောက်ပံ့နိုင်ရန်နှင့်ပဲဈေးနှုန်းများ ထိန်းညှိနိုင်ရန်အတွက် ပဲနီလေးနှင့်ပဲစင်းငုံအပါအဝင်ပဲမျိုးစုံတန်ချိန် ၉၀၀၀၀ ခန့်အား ထပ်မံတင်သွင်းနိုင်ရန် ဩဂုတ် ၂၆ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန အတွင်းဝန်က ဈေးနှုန်းတည်ငြိမ်ရေး ရန်ပုံငွေအဖွဲ့ (Price Stabilisation Fund) အစည်းအဝေး၌ အဆိုပါဆုံးဖြတ်ချက်အား ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတွင် အရန်သိုလှောင်သည့် ပဲများဝယ်ယူမှုနှင့် ဖြန့်ဖြူးမှုအခြေအနေတို့ကို ပြန်လည်လေ့လာသုံးသပ်မှုများလည်း ပြုလုပ်ခဲ့ကြကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံတွင် နှစ်နှစ်ဆက်တိုက် မိုးခေါင်ရေရှားမှုကြောင့် ပြည်တွင်း ပဲအထွက်နှုန်းလျော့ကျခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် ပဲအမျိုးမျိုး၏ ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၁၁၅ ရူပီးမှ ၁၇၅ရူပီး အတွင်းရှိနေကြောင်း၊ အရန်ပဲအဖြစ် ယခုဝယ်ယူမည့် ပဲအမျိုးအစားများနှင့် ပမာဏတို့မှာ ပဲနီလေး တန်ချိန် ၄၀၀၀၀၊ ပဲစင်းငုံ တန်ချိန် ၂၀၀၀၀၊ ကုလားပဲလုံးဖြူတန်ချိန် ၂၀၀၀၀ နှင့် မတ်ပဲတန်ချိန် ၁၀၀၀၀ တို့ ဖြစ်ကြောင်း၊ ယခုတင်သွင်းမည့် ပမာဏအပါအဝင် အစိုးရက အရန်ပဲ အဖြစ် တန်ချိန် ၁ ဒသမ ၇၆ သိန်းခန့် ဝယ်ယူတင်သွင်းထားပြီးဖြစ်ကြောင်း၊ ပြည်တွင်းမှ ဝယ်ယူမှုမှာ တန်ချိန် ၁ ဒသမ ၂ သိန်းခန့်ရှိပြီဖြစ်ကြောင်း၊ ဗဟို အစိုးရအနေဖြင့် ဈေးနှုန်းထိန်းညှိမှုများ ပြုလုပ်ရန် ယခုနှစ်အတွင်း ပြည်တွင်း ဝယ်ယူမှုနှင့် ပြည်ပမှတင်သွင်းမှုတို့မှတစ်ဆင့် အရန်ပဲတန်ချိန် နှစ်သန်းဝယ်ယူရန် လျာထားကြောင်း၊ ထို့ပြင် အရန် ဝယ်ယူထားသည့် ပဲများအား ပြည်နယ်များသို့လည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး တစ်ကီလိုဂရမ်လျှင် ရူပီး ၁၂၀ ထက်မပိုသော လက်လီဈေးနှုန်းဖြင့် ပြန်လည်ရောင်းချရန် ပြည်နယ်အစိုးရများသို့ တိုက်တွန်းထားကြောင်း၊ ယနေ့ အချိန်အထိ ဗဟိုအစိုးရက ဝယ်ယူထားသည့် အရန်ပဲများအနက် တန်ချိန် ၄၀၀၀၀ ခန့်အား ပြည်နယ်အစိုးရများသို့ ခွဲဝေဖြန့်ဖြူးရောင်းချပေးပြီးဖြစ် ကြောင်း၊ ထိုသို့ဖြန့်ဖြူးရာ၌ ပဲစင်းငုံ တစ်ကီလိုဂရမ်လျှင် ၆၇ ရူပီးနှုန်းနှင့် မတ်ပဲ တစ်ကီလိုဂရမ်လျှင် ၈၂ ရူပီးနှုန်း တို့ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရပါ သည်။

ထို့မျှသာမက ယခုနှစ်တွင် ပဲအထွက်နှုန်းကောင်းမွန်မည်ဟု ခန့်မှန်းထားရာ မကြာမီထွက်ရှိလာမည့် ပြည်တွင်းမှ ထွက်ရှိသည့် ပဲမျိုးစုံအား ပိုမိုတိုးမြှင့်ဝယ်ယူရန် အစိုးရအေဂျင်စီများကိုလည်း ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ၂၀၁၅-၁၆ သီးနှံရာသီ (ဇူလိုင်လ-ဇွန်လ) ၏ ပဲအထွက်နှုန်းမှာ နှစ်စဉ်မျှော်မှန်းအထွက်နှုန်းဖြစ်သည့် တန်ချိန် ၂၃ ဒသမ ၅ သန်းခန့်အောက် လျော့နည်းပြီး ၁၆ ဒသမ ၅ သန်း ဝန်းကျင်ခန့်သာ ထွက်ရှိမည်ဟု မျှော်မှန်းထားကြောင်း၊ လိုအပ်သည့်ပမာဏအား ပြည်ပမှ ဝယ်ယူတင်သွင်း ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဖိတ်ခေါ်နိုင်ရန်အတွက် လွတ်လပ်သော စီးပွားရေးဇုန်များဆိုင်ရာ မူဝါဒများကို တောင်ကိုရီးယားနိုင်ငံက ပြန်လည်သုံးသပ်မည်

စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အထူးဇရိယာများသည် ပြည်တွင်းနှင့်နိုင်ငံခြားကုမ္ပဏီများကို လုံလောက်သည့် ဆွဲဆောင်မှုများ၊ မက်လုံးများရရှိမှု နည်းပါးနေသဖြင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် တောင်ကိုရီးယားအစိုးရအနေဖြင့် ၎င်း၏ လွတ်လပ်သော စီးပွားရေးဇုန်များနှင့်ပတ်သက်သည့် မူဝါဒများကိုပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်သွားမည်ဟု တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

လွတ်လပ်သော စီးပွားရေးဇုန်များသည် တောင်ကိုရီးယားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်ဆိုသည်မှာ ငြင်းဆို၍မရသော်လည်း မျှော်လင့်ထားသလောက် အောင်မြင်မှုမရရှိသေးကြောင်းလည်း ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်ကတည်းက စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွတ်လပ်သော စီးပွားရေးဇုန် စုစုပေါင်း ရှစ်ခုကို သတ်မှတ်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အဆိုပါ လွတ်လပ်သော စီးပွားရေးဇုန် ရှစ်ခုတို့မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိခဲ့သည်။

အစိုးရအနေဖြင့်လည်း ကုမ္ပဏီများကို မက်လုံးများပိုမိုပေးခြင်းနည်းလမ်းဖြင့် ဆွဲဆောင်ခြင်း၊ ကြိုးနီစနစ်ကို လျှော့ချခြင်းတို့ဖြင့် လွတ်လပ်သော စီးပွားရေးဇုန်များကို နိုင်ငံ၏ဦးဆောင်စီးပွားရေးနယ်ပယ်များ ဖြစ်ပေါ်လာစေရေးအတွက် တွန်းအားပေးဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

တောင်ကိုရီးယား နိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း တောင်ကိုရီးယားနိုင်ငံ ၏ စီးပွားရေးကို လွတ်လပ်သော စီးပွားရေးဇုန်များမှတစ်ဆင့် အထောက်အကူပြုနိုင်ရေးအတွက် အခြားသော အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းရန် တရုတ်နိုင်ငံသမ္မတ တိုက်တွန်း

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ဩဂုတ်လ ၂၂ ရက်က တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ Qinghai ပြည်နယ်သို့ သွားရောက်သည့် ခရီးစဉ်အတွင်း တိဗက်ကုန်းမြင့် ဒေသ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝ သယံဇာတများ ထုတ်ယူသုံးစွဲမှုကို စနစ်တကျ ကန့်သတ်ရန်နှင့် သဘာဝသယံဇာတများ ထုတ်ယူအသုံးပြုရာတွင် ဂေဟစနစ် မပျက်စီးအောင် ဂရုပြုသုံးစွဲကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

တိဗက်ဒေသရှိ ယန်ဇီမြစ်၊ မြစ်ဝါမြစ်နှင့် လန်ကန်မြစ် သုံးခုဆုံရာဒေသဖြစ်သည့် ဆန်းကျန်းယွမ် ဒေသတစ်လျှောက်တွင် ဂေဟစနစ်များ ပျက်စီးလျက်ရှိကြောင်း၊ ထိုဒေသသည် အဖိုးတန်ရှားပါးသစ်ပင်အမျိုးအစားပေါင်း ၂၂၀၀ ခန့်၊ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၈၅ မျိုးနှင့်သဘာဝကျေးငှက်မျိုးစိတ်ပေါင်း ၂၃၀ ကျော်ခန့်ရှိသည့် နေရာ ဒေသဖြစ်ကြောင်း၊ လူတို့၏ ထုတ်ယူသုံးစွဲမှုကြောင့် ၂၀ ရာစုနှောင်းပိုင်းမှစတင်၍ ပျက်စီးယိုယွင်းလာခဲ့ကြောင်း သိရှိရပါသည်။


ထိုဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန် ပြည်နယ်အစိုးရသို့ သဘာဝသယံဇာတနှင့် ပတ်သက်သည့် သင့်လျော်သည့် နည်းဗျူဟာကို စံနမူနာအဖြစ်ချမှတ်ရန်နှင့် မှန်ကန်စွာ ဆက်လက်ဆောင်ရွက်ရန် ပြော ကြားခဲ့ကြောင်း သိရှိရပါသည်။

ခရီးစဉ်၏ အဓိကအစီအစဉ်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် တရုတ်၌ ကျန်ရှိသည့် ဆင်းရဲသူလူဦးရေ သန်း၅၀ ကျော်၏ ဘဝမြှင့်တင်ဆောင်ရွက်ရေးသည် နိုင်ငံတော်၏ အဓိကလုပ်ငန်းစဉ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၉–၉–၂၀၁၆)

မြင့်ဆွေ



## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျသော်လည်း ရောင်းအားကောင်း

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ဈေးထက် အနည်းငယ်ကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၃၆၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တဲ့ပြောင်းဈေးဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၅၀ ကျပ်(တစ်တန်ကို ၂၁၄၃၃၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းများကို မန္တလေးတိရစ္ဆာန်အစာစပ်စက်ရုံတွေက ဝယ်ယူသည့်အတွက် ယခင်တစ်ပတ်ထက် ငါးဆပိုမိုကာ ပိဿာချိန်နှစ်သိန်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး တစ်ပိဿာ ၃၈၀ ကျပ်(တစ်တန် ၂၃၂၇၀၈ ကျပ်)နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ မူဆယ်လမ်းကြောင်းမှတစ်ဆင့် တရုတ်ပြည်သို့ ယခုတစ်ပတ်မှာ ပြောင်းပိဿာချိန် ၃၆၈၇၉၃ ပိဿာကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ ယခင်တစ်ပတ်ထက် ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ တစ်တန် ၁၃၃၀၀၀၀ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ၁၄၃၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခင်တစ်ပတ်က မတ်ပဲ SQ တစ်တန် ကျပ် ၁၃၅၀၀၀၀ မှ ယခုတစ်ပတ်မှာ တစ်တန်ကို ၁၄၅၆၀၀၀ ကျပ်အထိ ဈေးတက်လာပါတယ်။ ပဲစင်းငုံနီဈေးက ယခင်တစ်ပတ်က တစ်တန် ကျပ် ၁၁၃၀၀၀၀ ဈေးရှိခဲ့ရာ ယခုတစ်ပတ် တစ်တန် ကျပ် ၁၁၄၀၀၀၀ ဈေးဖွင့်ခဲ့တာကြောင့် ဈေးနှုန်းဆက်လက်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၂၁၇၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၂၅ ကျပ်(တစ်တန် ၁၃၀၁၃၂၉ ကျပ်) သို့ ဈေးကျခဲ့ကာ တစ်နေ့ အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းဈေး တစ်ပိဿာ ၁၀၇၉ကျပ်(တစ်တန် ၆၆၀၇၆၉ ကျပ်)နဲ့ တစ်နေ့အိတ် ၂၀၀ မှ ၂၅၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျ၊ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျပြီး၊ ပြောင်းဈေးမှာ ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိဘဲ ဈေး ငြိမ်နေပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၂၁၁၀ ကျပ်ဈေးရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၇၅ ကျပ်(တစ်တန် ၁၂၇၀၇၁ ကျပ်) အထိ ဈေးကျခဲ့ကာ တစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်ပြောင်းဈေးက ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၃၆၅ ကျပ်(တစ်တန် ၂၂၃၅၂၂ ကျပ်)နဲ့ ဈေးငြိမ်ပြီး တစ်နေ့တန် ၅၀ ဝန်းကျင်ခန့်ရောင်းချခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျ

မူဆယ်ဈေးကွက်မှာ ယခုတစ်ပတ်ပြောင်းဈေး အနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးမှာ ၅၀ ကီလို တစ်အိတ်ကို ၈၃ ယွမ်မှ ၈၈ ယွမ်အထိဈေးကွက်ဖွင့်ပြီး ယခုတစ်ပတ်မှာ ၈၂ ယွမ်မှ ၈၇ ယွမ် (တစ်တန် ၁၆၄၀ ယွမ်မှ ၁၇၄၀ ယွမ်)နဲ့ အရောင်းအဝယ် ဖြစ်တာကြောင့် ဈေးအနည်းငယ်ကျခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တစ်ဖက်နိုင်ငံသို့ ပြောင်းတန်ချိန် ၉၈၀၀ ကျော်တင်ပို့နိုင်တယ်လို့သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲဖြူလုံးကြီးနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ်မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲဖြူလုံးကြီး၊ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ပြီး မတ်ပဲဈေးကတော့ ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၈၄ ကျပ်ဈေးပေါက်ခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာတစ်ပိဿာ ၁၂၁၀ ကျပ်(တစ်တန် ၇၄၀၉၉၂ ကျပ်) နဲ့ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၅၃ ကျပ်နဲ့ ရောင်းချခဲ့တဲ့ ကုလားပဲဖြူလုံးကြီးဈေးလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၇၉ ကျပ်(တစ်တန် ၁၂၇၃၁၅၉ ကျပ်)ဈေးရခဲ့ပါတယ်။ ပဲစင်းငုံနီဈေးမှာ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၇၅ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၁၅ ကျပ်(တစ်တန် ၁၁၁၁၄၈ ကျပ်) ဈေးမြင့်ခဲ့ပါတယ်။ ယခုတစ်ပတ်ရဲ့ မတ်ပဲဈေးကတော့ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၁၉၄၇ ကျပ် ( တစ်တန် ၁၁၉၂၃၂၃ ကျပ်) နဲ့ဈေးငြိမ်နေကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်တွင် ပဲတီစိမ်း၊ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီဈေးများကျပြီး၊ ကုလားပဲဖြူလုံးကြီးကတော့ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၂၃၀ ကျပ်နဲ့ဈေးဖွင့်ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၂၅ ကျပ်(တစ်တန် ၇၅၀၁၈၇ ကျပ်)နဲ့ ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီဈေးက ယခင်တစ်ပတ်အထိ တစ်ပိဿာ ၁၈၃၅ ကျပ်နဲ့ ဈေးငြိမ်နေရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၈၀၀ ကျပ် (တစ်တန် ၁၁၀၂၃၀ ကျပ်)ဖြင့် ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၀၅၀ ကျပ်ဈေးရခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၈၀ ကျပ်(တစ်တန် ၁၂၇၃၇၇၁ ကျပ်) အထိ ဈေးတက်ခဲ့ပါတယ်။ ကုလားပဲ 929 က ယခုတစ်ပတ်မှ ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာပြီး တစ်ပိဿာ ၂၀၂၅ ကျပ်(တစ်တန် ၁၂၄၀၀၉၀ ကျပ်) နဲ့ ရောင်းဝယ်လျက်ရှိပါတယ်။ ပခုက္ကူဈေးကွက်မှာ တစ်နေ့ကို ပဲမျိုးစုံ အိတ် ၂၅၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းဖြူ၊ စမုံနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ်မကွေးဈေးကွက်မှာ နှမ်းဖြူ၊ စမုံနဲ့ပဲတီစိမ်းတို့ ဈေးကျပြီး နှမ်းညိုဈေးငြိမ်နေပါတယ်။ နှမ်းဖြူက ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၁၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၇၀ ကျပ် (တစ်တန် ၁၁၄၅၁၆၉ ကျပ်)အထိ ကျပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်က တစ်ပိဿာ ၃၁၅၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၁၁၀ ကျပ် (တစ်တန် ၁၉၀၄၅၃၃ ကျပ်)ဖြင့်ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ နှမ်းညိုကတော့ ယခင်တစ်ပတ်က ဈေးအတိုင်း တစ်ပိဿာ ၁၃၃၅ ကျပ် (တစ်တန် ၈၁၇၅၄၀ ကျပ်) နဲ့ ဆက်လက်ရောင်းချနေပြီး နှမ်းနက်ရဲ့ ယခုတစ်ပတ်ရောင်းဈေးက တစ်ပိဿာ ၂၅၅၅ ကျပ်(တစ်တန် ၁၅၆၄၆၅၆ ကျပ်)ဖြစ်တယ်လို့ သိရပါတယ်။ တစ်ပတ်ကို နှမ်းမျိုးစုံ အိတ် ၅၀၀၀ နဲ့ ၆၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းမှာ ယခင်တစ်ပတ်က တစ်ပိဿာ၁၀၃၀ ကျပ်ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၀၀ (တစ်တန် ၆၁၂၃၉၀ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ ပဲစင်းငုံနီဈေးက တစ်ပိဿာ ၁၇၇၀ ကျပ်(တစ်တန် ၁၀၈၃၉၃၀ ကျပ်)၊ ကုလားပဲ တစ်ပိဿာ ၂၀၈၀ ကျပ်(တစ်တန် ၁၂၇၃၇၇၁ ကျပ်)နဲ့ဈေးဖွင့်ရောင်းချနေကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းနီ၊ သီပွံနှမ်းနဲ့ ပဲစင်းငုံနီတို့ ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းနီ၊ သီပွံနှမ်းနဲ့ ပဲစင်းငုံနီဈေးများ ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနီ တစ်ပိဿာ ၁၇၇၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၃၃ ကျပ် (တစ်တန် ၁၀၆၁၂၇၂ ကျပ်) အထိဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ သီပွံနှမ်းက ယခုတစ်ပတ်မှာ ၃၀၆၇ ကျပ်(တစ်တန် ၁၈၇၈၂၀၀ ကျပ်) နဲ့ဈေးကျခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန် ၁၄၂၈၇၀၆ ကျပ်) နဲ့ယခုတစ်ပတ်အထိ ဈေးငြိမ်နေပါတယ်။ ယခုတစ်ပတ်မှာ ပဲစင်းငုံနီဈေးကတစ်ပိဿာ ၁၇၅၀ ကျပ်(တစ်တန် ၁၀၇၁၆၈၃ ကျပ်) အထိဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းတစ်ပိဿာ ၁၀၅၀ ကျပ် (တစ်တန် ၆၄၃၀၁၀ ကျပ်)၊ ကုလားပဲဟော်လန်တစ်ပိဿာ ၂၀၅၀ ကျပ်(တစ်တန် ၁၂၅၅၄၀၀ ကျပ်) နဲ့ဈေးတက်ခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဖြူလုံးကြီး ဈေးတက်၊ မတ်ပဲဈေးငြိမ်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဖြူလုံးကြီးဈေးတက်ပြီး မတ်ပဲဈေးငြိမ်နေပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၁၉၁ ကျပ်ဈေးရှိရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၄၄ ကျပ် (တစ်တန် ၇၆၁၈၁၃ ကျပ်) အထိဈေးတက်ခဲ့ပြီး တစ်နေ့ အိတ် ၁၅၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးဈေးမှာ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၆၁ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၃၁ ကျပ် (တစ်တန် ၁၃၀၅၀၀၃ ကျပ်) ဈေးရခဲ့ကာ တစ်နေ့အိတ် ၄၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုတစ်ပတ်ရဲ့ မတ်ပဲဈေးကတော့ ယခင်တစ်ပတ်က ဈေးအတိုင်း တစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန် ၁၄၂၈၇၀၅ ကျပ်) နဲ့ အပြောင်းအလဲမရှိဘဲ တစ်နေ့အိတ် ၄၀၀ ဝန်းကျင် ရောင်းချနေရတယ်လို့ သိရပါတယ်။



# ဟောပြောပွဲကပေးတဲ့ပီတိ

စားသုံးသူရေးရာ ဦးစီးဌာနရဲ့ အဓိက လုပ်ဆောင်ချက်ဖြစ်တဲ့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ ပေးဟောပြောပွဲကို စတင်ဟောပြော ဆွေးနွေးလုပ်ဆောင်ခဲ့စဉ်က လုပ်ငန်းရဲ့ အနှစ်သာရကို လေးလေးနက်နက် မတွေးမိ။ ရုံးတက်၊ ရုံးဆင်းချိန်အတွင်း တာဝန်အရ ဟောပြောပွဲလုပ်လိုက်၊ ဟောပြောပွဲ မရှိချိန် ရုံးတက်လိုက် လုပ်နေရင်း အလုပ်ရဲ့တန်ဖိုးကို သိပ်နားမလည်ခဲ့။ တာဝန်အရသာ လုပ်ဆောင်နေရပြီး ကိုယ်လုပ်တဲ့အလုပ်က ဘာအဓိပ္ပာယ်မှ မရှိဘူး လို့တောင် တွေးတောမိပါတယ်။

ယခုနောက်ပိုင်း ကိုယ်လက်လှုပ်ရှားမှုမရှိလောက် လေ့လာပြီး မြို့နယ်၊ ကျေးရွာ၊ စာသင်ကျောင်းများသို့ သွားရောက်ကာ မိဘပြည်သူများနဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် အန္တရာယ်ဖြစ်စေတတ်တဲ့ အစားအသောက်များကို ခွဲခြားသိရှိစေပြီး ရွေးချယ်စားသုံးတတ်ရန် စားသုံးသူ ကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ဟောပြောပြီး မိဘပြည်သူ၊ ကလေးလူငယ်များရဲ့ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းတွေ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ရပါတယ်။

ဒီနောက် ကိုယ်လုပ်တဲ့ အလုပ်ဟာ အဓိပ္ပာယ်ရှိရဲ့လား။ မိမိ ဟောပြောပြီး ပြန်သွားရင် စားသုံးသူ မိဘပြည်သူတွေ ဘာပြောကြသလဲ သိချင်စိတ်နဲ့ ကိုယ်လက်လှုပ်ရှားမှုမရှိလောက် ကျောင်းဆရာ၊ ဆရာမများနဲ့ မိဘပြည်သူများကို လေ့လာစူးစမ်း မေးမြန်းမိတဲ့အခါမှာ မထင်မှတ်တဲ့ အဖြေစကားကြားရတဲ့အတွက် အလွန် အံ့သြဝမ်းသာ သွားမိပါတယ်။ မိမိတို့ ဟောပြောဖူးတဲ့ ကျောင်းအတော်များများမှာဆိုရင် တချို့ကလေးတွေက မြန်မာစာတမ်းမပါတဲ့ မုန့်ဆို ဝယ်မစားကြတော့ဘူး။ ကျောင်းသားငယ်လေးတွေက မသိနားမလည်လို့ ဝယ်စားမယ်ဆိုရင်လည်း အရွယ်ရောက်ပြီး သိတတ်နားလည်တတ်တဲ့ ကလေးတွေက ဒါတွေက ဟောပြောတဲ့ အန်တီတွေပြောတဲ့ အချက်တွေ မပါဘူး၊ ဝယ်မစားနဲ့ဆိုတဲ့ ပြောသံတွေ ကြားရပါတယ်။ တချို့ကျောင်းက ကလေးတွေဆို မုန့်တစ်ခုဝယ်လာရင် ဆရာမ ဒါက စားလို့ရလား၊ ဟောပြောတဲ့ အန်တီတို့ပေးတဲ့ မစားရတဲ့မုန့်စာရင်း စာရွက်ထဲ ကြည့်ပေးပါလို့ လာခိုင်းကြတယ်လို့လည်း ပြောကြပါတယ်။ လူကြီးမိဘတွေ အနေနဲ့လည်း အရင်ကတော့ မသိပါဘူး၊ ဆေးဝယ်လည်း ဘာမှ ကြည့်မနေဘူး၊ ကိုယ်လိုချင်တဲ့ ဆေးနာမည်ပြောပြီး ဝယ်လိုက်တာပဲ၊ အခု ဟောပြောတဲ့သူ တွေလာမှ ဆေးဝယ်သောက်ရင် စာဖတ်ပြီးမှ ဝယ်တယ်၊ ကိုယ်နားမလည်ရင် ဖတ်ပြခိုင်းတယ်၊ ဘယ်နေ့နောက်ဆုံး သောက်ရမှာလဲဆိုပြီး ကုန်ဆုံးရက်ကို ကြည့်တတ်လာတယ်ဆိုပြီး ပြောသံတွေ ကြားခဲ့ရပါတယ်။ ကျောင်းဆရာ၊ ဆရာမတွေ တော်တော်များများကလည်း တစ်ယောက်စကား တစ်ယောက်နားနဲ့ ကြားရင်း သူတို့စာသင်ကျောင်းတွေမှာ လာရောက် ဟောပြောဖို့ ဖိတ်ကြားတာတွေနဲ့လည်း ကြုံခဲ့ရပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ လုပ်ဆောင်ရင်းနဲ့ပင် အစားအသောက် အသုံးအဆောင်များကြောင့် စားသုံးသူများကို ကျန်းမာရေး ထိခိုက်မည့်ကိစ္စများ မိမိက ကြိုတင်လေ့လာထားပြီး ဖြစ်သလို ကာကွယ်တားဆီးပေးနေတာကိုလည်း သိရတဲ့အတွက် ထူးကဲစွာ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ကိုယ် လုပ်ဆောင်တဲ့ အလုပ်ဟာ ကုသိုလ်ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့အတွက် စားသုံးသူ အကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးဟောပြောရတော့မယ်လို့ဆိုတာနဲ့ ကြည်နူးတဲ့ စိတ်က အလိုလိုပေါ်လာခဲ့ပါတယ်။

စားသုံးသူ မိဘပြည်သူတွေအနေနဲ့ အသိပညာရရှိကာ ဘဝကို လေးလေးနက်နက်ထားပြီး မိမိတစ်ဦးချင်းအနေနဲ့ရော မိသားစုအတွက်ပါ ဘယ်လို အစားအစာမျိုးကို ရှောင်ကြဉ်ရမယ်။ ဘယ်လို အသုံးအဆောင်တွေကို ရှောင်ကြဉ်ရမယ်ဆိုတာကို သိရှိနားလည်ပြီး အသိဉာဏ် တိုးပွားကာ ချင့်ချိန်စားသုံးတတ်လာရင် မိမိအတွက် ဘယ်လောက်ဝေးတဲ့ နေရာမှာ ဟောပြောရပါစေ ပင်ပန်းရကျိုးနပ်ပါတယ်လို့ ခံယူမိပါတယ်။

ရှေ့ဆက်၍လည်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲအနေနဲ့ လူအယောက် ၁၀၀ ရှိရင် အယောက် ၅၀ က မိမိပြောသမျှထဲမှ နှစ်ချက်သုံးချက် မှတ်မိပြီး လိုက်နာနိုင်အောင် လုပ်ရမယ်။ နောက်ထပ် ၇၅ ယောက်ကို လိုက်နာနိုင်အောင် ထပ်ကြိုးစားပြီး ဟောပြောနိုင်ရမယ်။ နောက်ဆုံး အယောက် ၁၀၀ လုံး မှတ်သားပြီး လိုက်နာနိုင်ရင်ဖြင့် စားသုံးသူ မိဘပြည်သူများအားလုံး ကျန်းမာစွာဖြင့် အသက်ရှည်ရှည် နေနိုင်တော့မှာပဲဆိုတဲ့ အတွေးဖြင့် ကိုယ်လုပ်ဆောင်နေသည့် အလုပ်အတွက် ဝမ်းသာပီတိ ဖြစ်မိပါကြောင်း တင်ပြလိုက်ရပါတော့တယ်။

**မိုးမိုးမြင့် (ဆားလင်းကြီး)**

# ပြည်မြို့ပေါ်ရှိ ခေါက်ဆွဲစက်နှင့် မုန့်ဟင်းခါးစက်များအား ကွင်းဆင်းစစ်ဆေး



ပြည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မိတ်ဖက်ဌာနအဖွဲ့အစည်းများဖြစ်ကြသည့် ခရိုင်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင် သာယာရေးကော်မတီစသည့်ဌာနများမှ တာဝန်ရှိသူ ဝန်ထမ်းများနှင့်အတူ ပြည်မြို့နယ်အတွင်းဖြစ်ပွားလျက်ရှိသော ကူးစက်မြန် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

လုပ်ငန်းစဉ်များ အနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် ပြည်မြို့နယ်အတွင်းရှိ ခေါက်ဆွဲစက်ရှစ်စက်နှင့် မုန့်ဟင်းခါးစက် ၁၂ စက်တို့ထံမှ မုန့်ဖတ်နမူနာများနှင့် ရေနမူနာများ ရယူပြီး အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ အအေးလမ်းကြောင်းစနစ်ဖြင့် ပို့ဆောင်ကာ စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်မြို့နယ်အတွင်းရှိ မြို့မစည်ပင်ဈေးကြီးအပါအဝင် အောင်မင်္ဂလာဈေး၊ ကိုးသောင်းဈေး၊ မြို့သစ်ဈေး၊ ကသည်းဈေး၊ ဘုရားဈေး၊ နဝင်းဈေး စသည့်ဈေးများသို့ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ အဆိုပါဈေးများတွင် ရောင်းချနေသော စားသောက်ဆိုင်များ သန့်ရှင်းစွာ ရောင်းချရေး၊ အဖုံးအကာများ ဖုံးအုပ်ထားရှိရေး၊ လက်အိတ်သုံးစွဲရေး၊ သုံးစွဲရေနှင့်ဆေးကြောရေများ သန့်စင်ရေး၊ ဈေးအတွင်းရှိ ရေတွင်း၊ ရေကန်များကို ကလိုရင်း ဆေးခပ်ခြင်း၊ ဈေးအိမ်သာ သန့်ရှင်းမှုရှိရေး စသည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ဩဂုတ်လကုန်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ဆက်လက်ပြီး ခေါက်ဆွဲနှင့် မုန့်ဟင်းခါးဖတ်များ ထုတ်လုပ်ရာတွင် ဘေးကင်းလုံခြုံစိတ်ချစေရေးအတွက် ယခု စက်တင်ဘာ ၁ ရက်မှ ၇ ရက်နေ့ အထိ ပြည်မြို့နယ်အတွင်းရှိခေါက်ဆွဲစက်နှင့် မုန့်ဟင်းခါးစက် စုစုပေါင်း ၁၄ စက်တို့တွင် သုံးစွဲရေသန့်စင်မှုရှိစေရေး၊ လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား သိရှိလိုက်နာရေးအတွက် ပြည်ခရိုင် စားသုံး သူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိတ်ဖက်ဌာန ဝန်ထမ်းများ ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ကလိုရင်းဆေးခပ်ခြင်းနှင့် စစ်ဆေးခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ဝင်းလှဲ့ဝါ-ပြည်**

■

## ➲ စာမျက်နှာ ၁၂ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြဖို့ ..... ဆောင်းပါးမှ အဆက်

ဒါပေမယ့်လည်း အစိုးရသစ်လက်ထက်မှာ ရင်းနှီးမြှုပ်နှံမှုတွေဟာ ထင်သလောက် ဝင်မလာခဲ့တာကိုလည်း တွေ့ရပါတယ်။ အစိုးရသစ်ကာလဖြစ်တဲ့အတွက် အစိုးရသစ်ရဲ့မူဝါဒတွေကို စောင့်ကြည့်နေကြတာကြောင့် အခုလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တုံ့ဆိုင်းသွားရတာဖြစ်တယ်လို့ ဦးအောင်နိုင်ဦးက ထပ်မံ ပြောကြားပါတယ်။

အစိုးရသစ်လက်ထက်ကာလမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၉၀၀ နီးပါးသာရှိနေသေးပေမယ့် လျာထားချက်ဖြစ်တဲ့ သန်း ၆၀၀၀ ကို ကျော်လွန်နိုင်မှာဖြစ် တယ်လို့လည်း ၎င်းက ပြောကြားခဲ့ပါသေးတယ်။

ယခုနှစ်ကျင်းပခဲ့တဲ့ဖိုရမ်မှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မျက်နှာစာသစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို ဦးစားပေး ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် စိန်ခေါ်မှုများနဲ့ရင်ဆိုင်နေရတဲ့ မြန်မာငွေကြေးကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍ၊ စက်မှုအခြေခံအဆောက် အဦများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍ၊ ရန်ကုန် စတော့အိတ်ချိန်းနဲ့ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကဏ္ဍနဲ့ အိမ်ခြံမြေဆိုင်ရာကဏ္ဍတို့ရဲ့ ကဏ္ဍအသီးသီးအလိုက် ကျွမ်းကျင်သူပညာရှင်များက လိုအပ်ချက်များ၊ အကြံပြုချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြ ပါတယ်။

ပဥ္စမအကြိမ်မြောက်ကျင်းပခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်အပြီးမှာတော့ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူတွေ အများအပြား ဝင်ရောက်လာကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

## ပေါင်းတည်မြတ်စွယ်တော်ပူဇော်ပွဲတွင် ရောင်းချနေသည့် ဈေးဆိုင်များအား စားသုံးရန်၊ သုံးစွဲရန်မသင့်သည့်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိစစ်ဆေး

ပဲခူးတိုင်းဒေသကြီး (အနောက်) ရှိပေါင်းတည်မြို့တွင် ကျင်းပလျက်ရှိသည့် (၁၁၆) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲတွင် စားသုံးပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မြင့်ငွေနှင့် ပေါင်းတည်၊ ပန်းတောင်းမြို့နယ်တို့မှ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပေါင်းတည်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘုရားဂေါပကအဖွဲ့ဝင်များပူးပေါင်း၍ အဖွဲ့သုံးဖွဲ့ခွဲကာ ပွဲတော်ဈေးတန်းများတွင် ရောင်းချလျက်ရှိသည့် ဈေးဆိုင်များတွင် စားသုံးရန်၊ သုံးစွဲရန်မသင့်သည့် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချခြင်းမရှိစေရန်စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် အသုပ်ဆိုင်၊ မုန့်ဆိုင်၊ အအေးဆိုင်များအား သေချာစွာဖုံးအုပ်ရောင်းချရန်၊ ရောင်းချရာတွင် သန့်ရှင်းသောရေကို အသုံးပြု၍ ရောင်းချရန်၊ အချဉ်ရည်များ၊ ဆိုးဆေးများမသုံးစွဲရန် စစ်ဆေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၂ မှ ၁၇ ရက်အထိ ပူးပေါင်း၍ ဆောင်ရွက်ကြကြောင်း ပေါင်းတည်မြို့ မြတ်စွယ်တော်ကျင်းပရေးကော်မတီမှ သတင်းရရှိပါသည်။

**ထွန်းမင်းထွန်း(ပြည်)**

Vol: 16, No.35 Monday September 19 2016

# တမူးကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ် ကုန်သွယ်မှုပမာဏ လျာထားချက် ကျော်လွန်

တမူးကုန်သွယ်ရေး စခန်းရဲ့ ဩဂုတ်လအတွင်း လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုံးသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ တစ်သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄သန်းဖြစ်၍ ပို့ကုန် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၀၇သန်း၊ သွင်းကုန် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၅သန်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၄ဒသမ ၄၆၂ သန်း ဆောင်ရွက်နိုင်ခဲ့၍ ကုန်သွယ်မှုလျာထားချက်အပေါ် ၁၁၆ ဒသမ ၀၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

တမူးကုန်သွယ်ရေးစခန်းရဲ့ ပထမလေးလပတ်ဖြစ်တဲ့ ၂၀၁၆ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်တို့မှာလည်း လျာထားချက်ကို ကျော်လွန်ပြီး ယခု ဩဂုတ်တွင်လည်း လျာထားချက်ကို ကျော်လွန်ကြောင်း သိရသည်။

ယခင်နှစ်ကာလတူတွင် တမူးခရိုင်အတွင်း၌ နှစ်ကြိမ်တိုင်တိုင် ချောင်းရေတိုက်စားမှုကြောင့် တံတားငါးစင်းနဲ့ ကျေးရွာများ ပျက်စီးခဲ့ကာ ကုန်သွယ်မှုလမ်းကြောင်း ပြတ်တောက်ခဲ့ပြီး ယခုနှစ်တွင် ယမန်နှစ်ကဲ့သို့ သဘာဝဘေးအန္တရာယ်မဖြစ်ပေါ်ခြင်းကြောင့် ကုန်သွယ်မှု လျာထားချက် ကျော်လွန်ခြင်းဖြစ်ကြောင်း သိရသည်။

တမူးကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ်လအတွင်း ကုန်သွယ်မှုကို ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၃ဒသမ ၉၇၉ သန်းနဲ့ သွင်းကုန် အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၄သန်း ပိုမိုခဲ့၍ ကုန်သွယ်မှုပမာဏကလည်း အမေရိကန်ဒေါ်လာ ၃ဒသမ ၉၈၄ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဩဂုတ်နဲ့ နှိုင်းယှဉ်ပါက တမူးကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီး၊ သရက်သီး၊ ပဲပုပ်စေ့၊ အုန်းသီး၊ ပန်းသီး၊ ကြက်သွန်ဖြူတို့ကို အမေရိကန်ဒေါ်လာ ၂ဒသမ ၆၆၂ သန်းဖိုး ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပြီး၊ သွင်းကုန်ပိုင်းတွင်လည်း လူသုံးကုန်ပစ္စည်းများဖြစ်တဲ့ ပဲရာဇာ၊ ဘတ္တရီ၊ လက်နှိပ် ဓာတ်မီး၊ အနာကပ်ပလာစတာ၊ ဆပ်ပြာရည်၊ ဖိနပ်မျိုးစုံ၊ ပလပ်စတစ်လက်ကောက်နဲ့ ခေါင်းလျှော်ရည်တို့ ပိုမို တင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ **ခင်မိုးသူ**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လအတွင်း ကုန်သွယ်မှုပမာဏ လျာထားချက်ကို ရာနှုန်းပြည့်နီးပါး ဆောင်ရွက်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ဩဂုတ်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၃၂၈ဒသမ ၂၄၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၄၆ဒသမ ၅၈၄သန်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၄၇၄ ဒသမ ၈၂၄သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဩဂုတ်အတွက် ကုန်သွယ်မှု ပမာဏ လျာထားချက်မှာ အမေရိကန်ဒေါ်လာ သန်း၅၀၀ ဖြစ်သဖြင့် လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ၉၄ဒသမ ၉၆ရာခိုင်နှုန်း ဖြစ်ပါသည်။



အနီးစပ်ဆုံး ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၃၀ဒသမ ၈၄၃သန်း ပိုမိုပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၉၆ သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။

ယခင် ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၀၃၁ သန်း လျော့နည်းပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၄၀ သန်း ပိုမိုခဲ့ကြောင်း သိရပါသည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ အခြားကုန်ပစ္စည်းအုပ်စုတို့ကို အနီးစပ်ဆုံး ကာလထက် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ဩဂုတ်လတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ ကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ (နေပြည်တော်)မှ ရောင်းချသည့် ကျောက်စိမ်း (အရိုင်း)များ တင်ပို့ခြင်းနှင့်အတူ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ပဲမျိုးစုံ၊ ငါးရှဉ့်၊ ကဏန်း၊ ကျောက်မျက်အချောထည်နှင့် စက်သုံးဆီစသည့် ကုန်ပစ္စည်းများ တစ်ဖက်နိုင်ငံသို့ ပိုမိုတင်ပို့ခဲ့ခြင်းကြောင့် ဇူလိုင်လထက် ပို့ကုန်ပမာဏပိုမိုခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

သွင်းကုန်တင်ပို့မှုအနေဖြင့် အနီးစပ်ဆုံး ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ ၉၈ဒသမ ၀၀၉သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းတွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄၈၂သန်း၊ လူသုံးကုန်ပစ္စည်းတွင် အမေရိကန်ဒေါ်လာ ၂၄ဒသမ ၀၉၃ သန်း တင်သွင်းခဲ့၍ စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၆ဒသမ ၅၈၄ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလထက် အမေရိကန်ဒေါ်လာ ၁၃ဒသမ ၂၉၆ သန်း လျော့နည်းခဲ့ကြောင်း သိရပါသည်။

ယခုဘဏ္ဍာနှစ်ဩဂုတ်လဆန်းပိုင်းမှစ၍ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းများသာမက ယွမ်လဲလှယ်နှုန်းများ တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ အနေဖြင့် ငွေဈေး အတက်အကျ စောင့်ကြည့်လျက် ပို့ကုန်သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ပို့ကုန်တင်ပို့မှုများ ပိုမို တိုးတက်စေရန်၊ အမယ်သစ်များ တိုးတက်တင်ပို့နိုင်ရန်၊ ဆန်၊ ပြောင်း၊ ရော်ဘာ၊ ပဲမျိုးစုံ၊ ရေထွက်ကုန်များ ပိုမိုတိုးတက်တင်ပို့နိုင်စေရန်အတွက် သက်ဆိုင်ရာ O.S.S ဌာန များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**မော်မော်အောင်**

## စက်တင်ဘာပထမပတ်အတွင်း ထိုင်းနယ်စပ်မှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၀၉၂သန်း တန်ဖိုးရှိရေထွက်ကုန်ပစ္စည်း ၁၉၈၈ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၆၉၀တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၇၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ရေထွက်ကုန်ပစ္စည်းများကို မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၁၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်နဲ့ အခြားရေထွက်ကုန်စုစုပေါင်း တန် ၁၀၀ ကျော်ကိုလည်းကောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၂၄၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ် ငါးရှဉ့်၊ အခြားရေထွက်ပစ္စည်း တန်၂၀၀ကျော်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ဒသမ ၇၃၉သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ရေခန်ပုစွန်၊ ကင်းမွန်၊ သဲကဏန်းနဲ့ ငါးအသားလွှာတို့ကို တန်ချိန် ၁၆၀၀ ကျော် အသီးသီး တင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သော်လည်း ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့မြိတ် ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့မှု လျော့ကျခဲ့တာကြောင့် ထိုင်းနယ်စပ်မှ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှု လျော့ကျရခြင်းဖြစ်တယ်လို့ သတင်းရရှိပါတယ်။**ခင်မိုးသူ**

## ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ဩဂုတ်လအတွင်း ကုန်သွယ်မှုပမာဏ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ တိုးတက်

မြန်မာ- အိန္ဒိယ နယ်စပ်ရှိ ရိဒ် ကုန်သွယ်ရေးစခန်းမှဩဂုတ်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁ဒသမ ၆၂၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၉သန်း စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂ဒသမ ၄၂၇သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇူလိုင်ထက် ပို့ကုန်အမေရိကန်ဒေါ်လာ သုညဒသမ ၃၇၆သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ သုညဒသမ ၁၆၄ သန်း ပိုမိုခဲ့၍ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ သုညဒသမ ၅၄ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုခဲ့၍ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁ဒသမ ၆၅၆သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပိုမိုရခြင်းမှာ ဩဂုတ်လအတွင်း ဆေးရိုး၊ မဝတ်တီရှပ်တို့ တင်ပို့မှု လျော့နည်းခဲ့သော်လည်း ကွမ်းသီး၊ စီးကရက်၊ မုန့်မျိုးစုံ၊ ငါးသေတ္တာ၊ ပလပ်စတစ်အိတ်၊ ကလေးဝတ်တီရှပ်၊ ကလေးဝတ် အနွေးထည်၊ ကလေးဝတ် ဝမ်းဆက်၊ မဝတ်အောက်ခံ ဘောင်းဘီတို့ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင်လည်း ဆံပင်တင်သွင်းမှု လျော့နည်းခဲ့သော်လည်း ဓာတ်မြေဩဇာ (ပုလဲ၊ ပိုတက်)၊ နိုင်လွန်ချည်၊ တောင်လုံးကျော်တို့ ပိုမိုတင်သွင်းခဲ့သဖြင့် အနီးစပ်ဆုံး ကာလထက် ကုန်သွယ်မှု ပိုမိုရတာ ဖြစ်ပါတယ်။

ဩဂုတ်လအတွင်း ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန် ပစ္စည်းများကတော့ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်၊ မုန့်မျိုးစုံ၊ စီးကရက်၊ ပလပ်စတစ်အိတ်၊ ဆပ်ပြာမှုန့်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဓာတ်မြေဩဇာ (ပုလဲ၊ ပိုတက်)၊ ဆံပင်၊ နိုင်လွန်ချည်၊ တောင်လုံးကျော်တို့ ဖြစ်ပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

စက်တင်ဘာ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ဒသမ ၂၇၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်း ၁၀၉၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၅၆ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၂၃၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ငါးလေးခြောက်၊ ငါးမြစ်ချင်း စီဖောင်း၊ ရေခဲငါး၊ ငါးဟောက်နဲ့ငါးလိပ်ကျောက်ရေခွံခြောက် တင်ပို့မှုလျော့နည်းခဲ့ပြီး ကဏန်း၊ ငါးရှဉ့်၊ ငါးဆားနယ်နဲ့ ငါးမှုန့်တို့ ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ယခုသီတင်းပတ်မှာ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုပိုမိုရခဲ့ခြင်းဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံတွင် ယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ၂၅၀၀၀ ယွမ်၊ ကဏန်းတစ်တန်လျှင် ၄၆၈၇၅ ယွမ်ဈေးရရှိခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# အိမ်နီးချင်းနိုင်ငံများမှ စက်တင်ဘာလ ပထမပတ်အတွင်း ဆိုင်ကယ်တင်သွင်းမှု လျော့ကျ

စက်တင်ဘာ ပထမပတ်အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနိုင်ငံတို့မှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၀၄ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၂၀၇၆ စီး တင်သွင်းလာတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က ၁၂၂၈၅ စီး တင်သွင်းခဲ့တာမို့ ယခုတစ်ပတ်မှာ ၂၀၉ စီး လျော့နည်းတင်သွင်းခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းနဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ တင်သွင်းမှု လျော့ကျခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ဆိုင်ကယ်များ ဝင်ရောက်မှုလျော့နည်းခဲ့တာ ဖြစ်ပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ တင်သွင်းမှုအခြေအနေကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၃၀၂ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၆၃ စီး၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၁ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၉၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် အစီး ၈၀ ကိုတင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# A321 လေယာဉ်အစီးသစ် ၂၀ ထပ်မံဝယ်ယူရန်အတွက် Vietjet နှင့် Airbus တို့ သဘောတူလက်မှတ်ရေးထိုး

Vietjet လေကြောင်းကုမ္ပဏီနှင့် Airbus တို့သည် A321 လေယာဉ်အသစ် အစင်း ၂၀ ထပ်မံဝယ်ယူခြင်းအတွက် သဘောတူညီချက်စာချုပ်ကို စက်တင်ဘာ ၆ ရက်က ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့တော်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Vietjet သည် ပြင်သစ်နိုင်ငံအခြေစိုက် Airbus လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၉ ဘီလီယံတန်ဖိုးရှိ A321 လေယာဉ်အစင်း ၂၀ ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။



Airbus ၏အကြီးအကဲနှင့် ဥက္ကဋ္ဌဖြစ်သူ Fabrice Brégier က "Vietjet နဲ့ အခုလို အရောင်းအဝယ်စာချုပ်လက်မှတ်ထိုးရတာ အရမ်းပဲဝမ်းသာမိပါတယ်။ လေယာဉ်အမျိုးအစားအုပ်စုဝင်တစ်မျိုးတည်းကိုသာ အသုံးပြုခြင်းအားဖြင့် Vietjet ဟာ ထူးခြားတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ဆောင်ရင်း အကျိုးကျေးဇူးတွေလည်း ရရှိနိုင်ပါတယ်။ အသွားအလာများတဲ့ ခရီးစဉ်တွေအတွက် A321 ဟာ သူနဲ့အဆင့်တူ အခြားအမျိုးအစားတွေနဲ့ယှဉ်ရင် နေရာ အကျယ်ဝန်းဆုံးနဲ့ လုပ်ငန်းလုပ်ဆောင်ထိန်းသိမ်းစရိတ် အနည်းဆုံးဖြစ်ပါတယ်။ Vietjet နဲ့ နောင်ကိုလည်း ဆက်လက်ပြီးတော့ လုပ်ငန်းတွေအတူ လုပ်ဆောင်ချင်ပါတယ်။ သူတို့အတွက် သင်တန်းပို့ချမှုပိုင်းဆိုင်ရာ အထောက်အကူတွေလည်း ပေးသွားမှာပါ" ဟု ပြောသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် Vietjet ၏ အကြီးအကဲနှင့် ဥက္ကဋ္ဌဖြစ်သူ ငုယင်သီဖောင်သိုက "Vietjet က ခရီးသည်တွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနေတာနဲ့အတူ ဗီယက်နမ်နဲ့ အခြားသောဒေသတွင်းနိုင်ငံများရဲ့ ခရီးသွားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ရင်း ကြံ့ခိုင်စွာနဲ့ ရေရှည်တည်တံ့စွာ တိုးတက်လာခဲ့ပါတယ်၊ ဗီယက်နမ်နဲ့ ပြင်သစ်နိုင်ငံတို့ရဲ့နိုင်ငံရေးနဲ့ ယဉ်ကျေးမှုရေးရာ ကူးလူးဆက်ဆံမှုတွေဟာဆိုရင်လည်း အရင်ခေတ်အဆက်ဆက်ကတည်းက ရင်းနှီးအဆင်ပြေစွာတည်ရှိခဲ့တာပါ။ နိုင်ငံနှစ်နိုင်ငံဟာ စီးပွားရေးအရပူးပေါင်း ဆောင်ရွက်မှုတွေကို ပိုမိုရှေးရှုနေတယ်ဆိုတာ Vietjet နဲ့ Airbus တို့ရဲ့ အရောင်းအဝယ်သဘောတူစာချုပ်က သိသာထင်ရှားစေပါတယ်။ ကျွန်မတို့လုပ်ငန်းကြီးစတင်ကတည်းက Airbus က ကူညီထောက်ကူပေးခဲ့တာတွေအတွက် ဝမ်းသာဂုဏ်ယူမိပါတယ်၊ အထူးဒီဇိုင်းတီထွင်ထားတဲ့ ဒီခေတ်မီလေယာဉ်တွေဟာဆိုရင် ဆီစားလည်းသက်သာပြီး လုပ်ငန်းဆောင်ရွက်ရာမှာလည်း အရမ်းကို ထောက်ကူမှုပေးနိုင်တဲ့အပြင် သင်ကြားလေ့ကျင့်ရေးနဲ့ တိုးတက်မှုဆိုင်ရာစနစ်တွေကြောင့်လည်း Vietjet ဟာ ခရီးသွားတွေ သွားလာရေးမှာ လွယ်ကူအဆင်ပြေစေပြီး Vietjet ကို အမြဲပဲ ရွေးချယ်စီးနင်းနေကြတာ ဖြစ်ပါတယ်" ဟု ပြောခဲ့သည်။

Airbus အနေဖြင့် Vietjet က ဝယ်ယူလိုက်သည့် လေယာဉ်သစ်အစင်း ၂၀ အား ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း Vietjet ထံသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ရက်သတ္တပတ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ရှိ

စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်ကာလအတွင်း ပို့ကုန် တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၄၈၈ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၄၈ ဒသမ ၉၆၂ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၃၁ ဒသမ ၄၅၀ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၇၄ သန်းဖြစ်ပြီး ချုပ်ပြီးအထည်၊ သတ္တုနဲ့ သတ္တုရိုင်းတင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြခဲ့ရခြင်းဖြစ်ပါတယ်။

ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၁၅၈ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန် ဒေါ်လာ ၁၉၂ ဒသမ ၆၃၇ သန်းဖြစ်ပြီး၊ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၄၇၉ သန်းဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၅၂ ဒသမ ၃၃ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန် ဒေါ်လာ ၅၆ ဒသမ ၃၂၅ သန်းဖြစ်ပြီး၊ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၉၅ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးအတွက် ကုန်သွယ်မှု လိုငွေမှာ ၆၆ ဒသမ ၄၇၄ သန်းရှိကြောင်း တွက်ချက်မှုစာရင်းများအရ သိရှိ ရပါတယ်။

**ယဉ်ယဉ်အေး**

# တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ်လအတွင်း ပို့ကုန်တင်ပို့မှု လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏပါ ကျဆင်း

တာချီလိတ် ကုန်သွယ်ရေးစခန်းရဲ့ ဩဂုတ်လအတွင်း ပို့ကုန် ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၉၅၈ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၄၈ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅ဒသမ ၀၀၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တာချီလိတ် ကုန်သွယ်ရေး စခန်းရဲ့ ဩဂုတ်လအတွင်း လုပ်ငန်းဆောင်ရွက်မှုအား အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇူလိုင်နဲ့ နှိုင်းယှဉ်ပါက သွင်းကုန်ဆောင်ရွက်နိုင်မှု အမေရိကန် ဒေါ်လာ သုည ဒသမ ၄၀၈ သန်း ပိုမိုဆောင်ရွက်နိုင်သော်လည်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၉သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၁သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇူလိုင်ထက် ပို့ကုန်တင်ပို့မှု လျော့နည်းရခြင်းမှာ ဩဂုတ်တွင် ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ သတ္တုနှင့် သတ္တုရိုင်းများ တင်ပို့မှု အနည်းငယ်ပိုမိုခဲ့သော်လည်း ပြီးခဲ့တဲ့ ဇူလိုင်က အမယ်သစ် ပို့ကုန်အဖြစ် တင်ပို့ခဲ့တဲ့ နှင်းဆီပန်းခြောက်၊ ကျောက်ကုလန်ရွက်ခြောက်၊ ပန်းနှမ်းပွင့်ခြောက်နဲ့ နှမ်းမဲ၊ ကော်ဖီစေ့၊ ဂန္ဓမာပန်းခြောက် စတဲ့ ပို့ကုန်ပစ္စည်းများမှာ တစ်ဖက်နိုင်ငံက ဝယ်လိုအားရှိသော်လည်း ပစ္စည်းထွက်ရှိမှုနည်းသဖြင့် ဆက်လက် မတင်ပို့နိုင်ခြင်းနဲ့ ကြက်သွန်ဖြူ သစ်ခေါက်စတဲ့ အဓိက ပို့ကုန်ပစ္စည်းများတင်ပို့မှု သိသိသာသာ လျော့နည်းခဲ့ခြင်းတို့ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တာချီလိတ် ကုန်သွယ်ရေးစခန်းရဲ့ အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ ရော်ဘာစေး၊ မဂ္ဂနီစီယမ်ဒိုင်အောက်ဆိုဒ်၊ ကတ်ထူစက္ကူ၊ တစ်သျှူးငှက်ပျော၊ ပုလင်းခွံဟောင်း၊ ပလတ်စတစ်၊ ဘူးခွံဟောင်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ဆပ်ပြာမှုန့်၊ စတီးရေတိုင်ကီ၊ ဆိုင်ကယ်တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# လွယ်ဂျယ်နယ်စပ်မှပါ မျှစ်စိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၃ရက်မှ ၉ ရက် သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၅၈၄၇ တန်ဖိုးရှိ မျှစ်စို ၅၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၇ တန်ဖိုးရှိ မှိုခြောက် တစ်တန်နီးပါးတင် ပို့ခဲ့ပါတယ်။ အလားတူ လွယ်ဂျယ် ကုန်သွယ်ရေး စခန်းမှလည်း အမေရိကန် ဒေါ်လာ ၂၇၈၇ တန်ဖိုးရှိ မျှစ်စို ၂၄ တန်ခွဲ တင်ပို့ပါတယ်။ မူဆယ်မှာ မျှစ်စို တစ်တန်ရဲ့ ယခုတစ်ပတ် လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၈-၁၀၉ ရှိပြီး လွယ်ဂျယ်မှာ အမေရိကန်ဒေါ်လာ ၁၁၄ ရှိတယ်လို့သိရပါ တယ်။

**မော်မော်အောင်**

|ရှင်မင်းအုံ့ (တန့်ဆည်)|

မြန်မာနိုင်ငံ၏ လက်ရှိ ကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်ရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာလ ပထမ ပတ်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ကျော်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၅၀၀ ကျော်ရှိပြီး စုစုပေါင်း ကုန်သွယ်မှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၁၁၀၀၀ ကျော်ရှိရာ ယခင်နှစ်အလား တူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ပို့ကုန်တင်ပို့ မှုတွင် အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော်ပိုမို တင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ သွင်းကုန်တင်သွင်းမှုအနေဖြင့် အမေရိကန် ဒေါ်လာသန်း ၄၂၆ ကျော် လျော့နည်း တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရပါတယ်။

ဒီနှစ်မှာ ပိုမိုတင်ပို့နိုင်တဲ့ ပစ္စည်းတွေကတော့ CMP ချုပ်ပြီးအထည်က တန်ဖိုး အမေရိကန် ဒေါ်လာသန်း ၅၀၀ ကျော်၊ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော မတ်ပဲတန်ဖိုးအမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်၊ ပဲတီစိမ်း အမေရိကန် ဒေါ်လာသန်း ၅၀ ကျော်၊ မြေပဲဆန် အမေရိကန်ဒေါ်လာသန်း ၂၄ သန်း တင်ပို့နိုင်ခဲ့ ကြောင်း၊ Value Added အနေဖြင့် သစ်ပါးလွှာနဲ့အထပ်သား အမေရိကန်ဒေါ်လာ သန်း ၂၄ သန်းကျော်၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၃ သန်းနှင့် Re-export စနစ်နဲ့ တင်ပို့တဲ့ သကြား အမေရိကန်ဒေါ်လာ ၄၇၅ သန်းကျော် ပိုမိုတင်ပို့နိုင်ကြောင်း စုံစမ်းသိရှိရပါတယ်။

ယခင်နှစ်ထက် လျော့နည်းတင်ပို့တဲ့ အဓိက ပို့ကုန်ဖြစ်တဲ့ အမေရိကန်ဒေါ်လာသန်း ၇၇၀ ကျော် တန်ဖိုးရှိတဲ့ သဘာဝဓာတ်ငွေ့တင်ပို့မှု ကျဆင်းတာကို ကြည့်ခြင်းအားဖြင့် သဘာဝသယံဇာတပစ္စည်းများ ထုတ်လုပ်ထွက်ရှိမှုနှင့် ကမ္ဘာ့ဈေးကွက်









ပေါ်တွင် မူတည်၍ ဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ရရှိပါတယ်။ ကျောက်စိမ်း၊ သတ္တုနဲ့ သတ္တုရိုင်းများတင်ပို့မှုကတော့ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် လျော့နည်းနေတာ တွေ့ရပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများအနေနှင့် အမေရိကန်ဒေါ်လာ သန်း ၄၀ တန်ဖိုးရှိ ဆန်တန်ချိန် တစ်သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၃၂ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ကိုးသောင်းကျော်၊ အမေရိကန် ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိ ပြောင်း တန်ချိန် တစ်သိန်းလေးသောင်းကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ စုံစမ်းသိရှိရပါတယ်။ ဆန်တင်ပို့မှု မှာ ပြည်ပဝယ်လိုအားနဲ့ဈေးနှုန်း ကျဆင်းမှုရှိတဲ့အပြင် မိမိပြည်တွင်း ဆန်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် တင်ပို့မှုလျော့နည်းရခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

➲ စာမျက်နှာ ၂၁ သို့





hi-view
IP Camera System
720P/ 960P / 1080P
ထိုင်းနိုင်ငံမှ နာမည်ကြီး Hi-View Security Products များကို (၁)နှစ် အာမခံ ဖြင့်ရောင်းချပေးနေပါပြီ
AHD Series (support P2P Function)
HA-55D13
HA-7704, HA-7708, HA-7716
IP Series (support 3G & P2P Function)
Hmr-robot06
Hmp-88D10
Hmp-88B10
Hmp-88A10
Hmp-8816N
Speed Dome & Housing
Alarm Security System
Analog Camera & Accessories
Alarm-191 Super T.S
RF Range 50 M
SAFELAND CO., LTD
No.001, Building (3), Kyaikkasan Housing, Kyaikkasan Road, Tamwe Township, Yangon.
www.hiview.co.th , hiview.myanmar@gmail.com
01 - 545786 , 01 - 548343 , 09 - 257188886


maruman GOLD
KM Golf Centre
Exclusive Distributor : Kaung Myat Co.,Ltd.


အသံဆို - မှန်ချီ ရုပ်ရှင်ဂီတအနုပညာရှင်များလက်စွဲ
နိုင်ငံကျော်
မှန်ချီ
သလိပ်ပျော်အသံကောင်း
ချောင်းဆိုးပျောက်ဆေး
အတွင်းလိပ်၊ အပြင်လိပ် အမြန်ဆုံးပျောက်တဲ့
မှန်ချီလိပ်ခေါင်းပျောက်ဆေး
သမားတော်ကြီး ဦးလှငွေ၊ ဒေါက်တာ တင်နွယ်ဦး (တဆ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
မြစ်ပွားနာ-ဂရင်ဂျီနာ-လိပ်ခေါင်း-အနာပေါက်-သွေးတိုး-နှလုံး-ဆီးချို-လေငန်းအထွေထွေရောဂါအထူးကု
အမျိုးသမီးများအတွက် ဆရာမကြီးကိုယ်တိုင်အထူးစမ်းသပ်ကုသပေးသည်။
ဖြန့်ချီရေး - မှန်ချီဆေးတိုက်၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၄၆၅၁၊ ၃၇၅၁၀၃၊ ၃၈၆၇၄၁
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR-012270
TMR-012269


စိတ်အာရုံကို ကြည်လင်လန်းဆန်းစေရမည်။
မှန်ချီ ဒေါက်တာ တင်နွယ်ဦး (တဆ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
ဇက်ကြောတက် ခေါင်းကိုက်ပျောက်ဆေး
မြစ်ပွားနာ-ဂရင်ဂျီနာ-လိပ်ခေါင်း-အနာပေါက်-သွေးတိုး-နှလုံး-ဆီးချို-လေငန်းအထွေထွေရောဂါ အထူးကု
အမျိုးသမီးများအတွက် ဆရာမကြီးကိုယ်တိုင် အထူးစမ်းသပ်ကုသပေးသည်။
ဖြန့်ချီရေး - မှန်ချီဆေးတိုက်၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၄၆၅၁၊ ၃၇၅၁၀၃၊ ၃၈၆၇၄၁

## ပြောင်း

### မြန်မာ-တရုတ်နယ်စပ်မှ ပြောင်းတင်ပို့မှု တန်ချိန်ငါးထောင်ကျော် လျော့နည်း

စက်တင်ဘာ ၃ ရက်မှ ၉ ရက်တာ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းစုံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄၈ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၀၅၄၉ တန် ကျော်ကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၈၇၁၁ တန်ကျော်၊ လွယ်ဂျယ်မှ ၆၅၇ တန်ကျော်၊ ချင်းရွှေဟော်မှ တန် ၁၁၅၀ ခန့်နဲ့ ကန်ပိုက်တီးမှ တန် ၃၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ထိုစခန်းလေးခုပေါင်းမှ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်မှာ ၁၅၆၇၅ တန်ကျော် အထိရှိခဲ့လို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု တန်ချိန် ၅၁၀၀ ခန့်လျော့နည်းသွားခဲ့ပါတယ်။ သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် တစ်ပိဿာ ၄၃-၄၅ ကျပ် ရှိပြီး ကားဝင်ရောက်မှု ၃၉၄ စီးဝင်ရောက်ခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၂ ရက်က ပြောင်းတစ်တန်ကို မိမိဘက်စျေး ၂၇၇၉၇၈ ကျပ်ရှိရာမှ စက်တင်ဘာ ၉ ရက်တွင် ၂၇၈၄၈၁ ကျပ်သို့ စျေးမြင့်တက်လာခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### ရှမ်းပြည်နယ်တောင်ပိုင်းမှာ ရေသွင်းပြောင်းများ စျေးကွက်ဝင်

ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ မိုးပြောင်းတွေ မထွက်ခင်မှာ ရေသွင်းပြောင်းလို့ခေါ်တဲ့ ပြောင်းတွေ စျေးကွက်ကိုဝင်လာပါတယ်။ ရေသွင်းပြောင်းကို ရှမ်းပြည်နယ်ရဲ့ နေရာတချို့တွေမှာ ပုန်းအင်းလို့ခေါ်တဲ့ ရေဝပ်နေတဲ့ ရေအိုင်ကျယ်ကြီးတွေနဲ့ အနီးတစ်ဝိုက်မှာ ရေသွင်းစိုက်ပျိုးကြပါတယ်။ ရေသွင်းပြောင်းတွေက စိုက်ဧကနည်းသလို အထွက်လည်းနည်းပါတယ်။ အရင်နှစ်က လက်ကျန်ပြောင်းတွေ မကုန်ခင်မှာ ရေသွင်းပြောင်းတွေ ဝင်လာတာကြောင့် စျေးကွက်မှာ လက်ကျန်က ပြတ်မသွားဘဲ တစ်နှစ်ပတ်လုံး အရောင်းအဝယ် ပြုလုပ်လို့ရတဲ့ သီးနှံလည်းဖြစ်ပါတယ်။ ဒီတစ်ပတ်မှာလည်း တောင်ကြီးစျေးကွက်မှာ ရေသွင်းပြောင်းတွေစပြီးတော့ ဝင်လာပါပြီ။ မိုးများလို့ အစိုဓာတ်တွေရှိနေပေမယ့် အစိုဓာတ် ၁၅ရာခိုင်နှုန်း ၁၇ ရာခိုင်နှုန်းဆိုရင်တော့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ အဟောင်းလက်ကျန်တွေကလည်း မရှိသလောက် ဖြစ်နေပါပြီ။ ဒီနှစ်ထွက်တဲ့ ရေသွင်းပြောင်းတွေကို မန္တလေးဝယ်လက်တွေက တိရစ္ဆာန်အစားအစာအတွက် ဝယ်ယူနေပါတယ်။ အစာစပ် စက်ရုံကြီးတွေက ဝယ်တာမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံတွေက ဝယ်ယူတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြောင်း(သစ်)တစ်ပိဿာကို ၃၅၀ကျပ် စျေးရှိပြီး ပြောင်း(ဟောင်း) တစ်ပိဿာ ၃၆၅ ကျပ်စျေးရှိတယ်လို့ သိရှိပါတယ်။ **ဧခိုင် (တောင်ကြီး)**

## သီဟိုဠ်

### ကုန်သွယ်ရေးဇုန်များမှ သီဟိုဠ်စေ့ ၁၃ တန်တင်ပို့

စက်တင်ဘာလ ၃ရက်မှ ၉ ရက်သတ္တပတ်အတွင်း တရုတ်နဲ့ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုညဒသမ၀၈၆သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၃တန်ကို တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀ တန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃တန်ကို တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခင်တစ်ပတ်က ထက် မြဝတီ ကုန်သွယ်ရေးဇုန်မှ ပိုမိုတင်ပိုခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်မှ တန် ၄၀ ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးဇုန်များမှ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ပရဆေး

### ပရဆေးကုန်ကြမ်း အမယ်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၇သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ်အမျိုး၂၀ (တန်ချိန်အားဖြင့် တန် ၆၇၀)ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ ကွမ်းသီး၊ ကွမ်းစားဂမုန်း၊ တောချင်း၊ တောဂျုံးမြစ်၊ မုတ်ခါး၊ ဆီးဆံ၊ မိကျောင်း ကွမ်းဖတ်စေ့၊ ခပေါင်းစေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ဝဥခြောက်၊ မာလာဥခေါင်း၊ နနွင်းတက်၊ စမုံနက်၊ ဆေးမြင်းခွာ၊ ဒရင်ကောက် မြစ်၊ ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ) နဲ့ တောင်လုံးကျော်တို့ ဖြစ်ပါတယ်။ ယခင်တစ်ပတ်ကလည်း ပရဆေး အမယ်(၁၈) မျိုးကို တန်ချိန် ၁၀၀၀ကျော်အထိ တင်ပို့နိုင်ခဲ့လို့ ပရဆေးကုန်ကြမ်းတွေ အမယ်စုံ တင်ပို့နေသလိုမူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အပို့သွက်နေတာတွေ့ရပါတယ်။ အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းက လည်းအမေရိကန်ဒေါ်လာ ၇၃၁၅၀ တန်ဖိုးရှိ ကြက်ဆူစေ့ ၁၀၄ တန်ခွဲ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ရော်ဘာ

### ရော်ဘာအပို့လျော့သော်လည်း စျေးအနည်းငယ်တက်

စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ် ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၆၅ သန်းတန်ဖိုးရှိ ရော်ဘာ RSS 3 ၆၈၉ တန်ကျော်နဲ့ တာချီလိတ် ကုန် သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၉ သန်းတန်ဖိုးရှိ ရော်ဘာစေးတန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ကုန်သွယ်ရေးစခန်း များမှ ၁၂၅၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၆၇ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင် ရဲ့ ရော်ဘာပေါက်စျေးမှာ RSS 3 တစ်တန်ကို ၁၅၁၅၃၇၁ ကျပ်ဖြစ်တဲ့ အတွက် ယခင်တစ်ပတ်ထက်တစ်တန် ကို ၂၇၃၃ ကျပ်ပိုမြင့်လာကြောင်း သိရပါတယ်။

စက်တင်ဘာ ၄ ရက်မှ ၁၀ ရက် အထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၂၅ တန်ကျော် မလေးရှား နိုင်ငံသို့ RSS 3 တန် ၁၀၀ နဲ့ စင်ကာပူနိုင်ငံသို့ ၂၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၆၀ လျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာစျေးတစ်တန်လျှင် ၂၅ ဒေါ်လာ ကျော်စျေးတက်လာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာစျေးကို လည်း တစ်တန်လျှင် ၂၅ ဒေါ်လာတိုး၍ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ စျေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၂၅-၁၅၂၅** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၇၅-၁၄၇၅** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၂၅-၁၄၂၅** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၇၅-၁၃၇၅** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၂၅-၁၃၂၅** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၅၇၅-၁၆၇၅** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၂၅-၁၄၂၅** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၇၅-၁၃၇၅** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၇၅-၁၂၇၅** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၂၅-၁၂၂၅** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၇၅ -၁၄၇၅** |
| **Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၆၇၅ -၁၇၇၅** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၈၅ - ၁၀၃၅** |


**ယဉ်ယဉ်အေး**

### ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် ပုံမှန် တင်ပို့

စက်တင်ဘာ၃ရက်မှ၉ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ ၁၇၉၀၉ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၁၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ လက်ဖက်ခြောက်တင်ပို့မှု လျော့နည်းခဲ့ပေမယ့် တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် ပုံမှန်တင်ပို့နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံထွက် လက်ဖက်ခြောက် တန်ချိန် ၃ တန်ခွဲ ကို ပထမဆုံးအကြိမ်အဖြစ် ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားပြီး ယခုနှစ် ခရစ်စမတ် ကာလမတိုင်မီ ဂျာမနီနိုင်ငံစျေးကွက်တွင် မိတ်ဆက်ကာ စတင်ရောင်းချတော့မယ်လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### အိန္ဒိယနယ်စပ်မှ ကွမ်းသီး တန်ကိုးရာနီးပါး တင်ပို့



မြန်မာ-အိန္ဒိယနယ်စပ်မှ စက်တင်ဘာလ ၃ ရက်မှ ၉ရက် အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၉၇ ဒသမ ၅၇ တန်ခန့်ကို တစ်ဖက်အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၈၅၁ ဒသမ ၆၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၅၀ နီးပါးပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၅ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၅၀၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၄၀၀ နီးပါးကို တင်ပို့ခဲ့ပါတယ်။

ဩဂုတ်လအတွင်းက တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတန် ၂၇၀၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတန် ၁၀၀၀ ကျော်ကို တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

စာမျက်နှာ ၁၈ - ပြည်ပပို့ကုန်တိုးမြှင့် . . . မှ အဆက်

ဒီနှစ်မှာ ပြည်ပမှ ပိုမိုတင်သွင်းနိုင်တဲ့ပစ္စည်းတွေကတော့ အမေရိကန်ဒေါ်လာ ၅၈ သန်းတန်ဖိုးရှိဓာတ်မြေဩဇာများ ၊ အမေရိကန်ဒေါ်လာသန်း ၅၀ တန်ဖိုးရှိ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများ၊ အမေရိကန်ဒေါ်လာ ၃၅ သန်း တန်ဖိုးရှိ လုပ်ငန်းသုံး သီးနှံဆီ၊ အမေရိကန်ဒေါ်လာ ၂၈ သန်း တန်ဖိုးရှိ လယ်ထွန်စက်များ ၊ အမေရိကန်ဒေါ်လာ ၂၅ သန်းကျော် တန်ဖိုးရှိ ဆေးဝါးပစ္စည်းများပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ယခင်နှစ်ထက် လျော့နည်းတင်သွင်းတဲ့ အဓိကသွင်းကုန် ပစ္စည်းတွေကတော့ အမေရိကန်ဒေါ်လာ ၆၉၅ သန်းတန်ဖိုးရှိရင်းနှီး မြှုပ်နှံမှုပစ္စည်း ၊ အမေရိကန်ဒေါ်လာ ၁၆၅ သန်းကျော် တန်ဖိုးရှိ စက်နှင့် စက်ပစ္စည်း ၊ အမေရိကန်ဒေါ်လာ ၁၁၅ သန်းကျော် တန်ဖိုးရှိ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးပစ္စည်းကိရိယာများ ၊ အမေရိကန် ဒေါ်လာ ၈၈ သန်းကျော်တန်ဖိုးရှိ ရေနံထွက် ပစ္စည်း ၊ အမေရိကန် ဒေါ်လာ ၃၅ သန်းတန်ဖိုးရှိ သံနှင့်သံမဏိပစ္စည်း ၊ အမေရိကန်ဒေါ်လာ ၂၉ သန်း တန်ဖိုးရှိ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း ၊ လူသုံးကုန်ပစ္စည်းများအနေဖြင့် အမေရိကန်ဒေါ်လာ ၈၆ သန်းကျော် တန်ဖိုးရှိ စားအုန်းဆီ လျော့နည်း တင်သွင်းခဲ့တာ တွေ့ရပါတယ် ။

အဲဒီအချက်တွေကိုကြည့်မယ်ဆိုရင် သွင်းကုန်မှာ အဓိက လျော့နည်းတာက ရင်းနှီးမြှုပ်နှံမှုပစ္စည်း တင်သွင်းမှု ဖြစ်နေတာကို တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေဟာ နိုင်ငံတော်ရဲ့ တည်ဆောက်ရေး လုပ်ငန်းတွေ၊ ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်မှုလုပ်ငန်း တွေ၊ SME လုပ်ငန်းတွေအတွက် ပြည်ပမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေ တင်သွင်းမှုမှာ အစိုးရကဏ္ဍအနေနဲ့ တင်သွင်းမှု လျော့နည်းနေတာဖြစ်တယ်လို့ သိရှိရပါတယ်။

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် Re-export ကုန်သွယ်မှုအား (သကြား၊ ကွမ်းသီး၊ စက်သုံးဆီ) တို့ကို အောင်မြင်အောင် တင်ပို့နိုင်ခဲ့ပြီး ထပ်မံ၍ အဝတ်အထည် ၊ ကြက်သွန်ဖြူနှမ်း(ဖြူ/နက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့ ၊ ချည်မျှင် ၊ သစ်သီးအစို၊ လျှပ်စစ်ပစ္စည်းများ ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနဲ့ စားသောက်ကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကားတာယာတို့ကိုလည်း Re-export စနစ်ဖြင့် တင်ပို့ခွင့်ပြုခဲ့သလို၊ ယခင်ဈေးကွက်ရှိပြီး ဖြစ်တဲ့ အေးခဲအသားကိုလည်း Re-export စနစ်နဲ့ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါ တယ်။

ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ပြည်ပဈေးကွက်များ ရှာဖွေရရှိပြီး ဖြစ်သော်လည်း ပို့ကုန်အမယ်များ အပေါ်မှာ ပြည်ပနိုင်ငံများက ကန့်သတ်ထားရှိတဲ့ ထုတ်လုပ်မှု၊ သတ်မှတ်အမျိုးအစား၊ အရည် အသွေး စတဲ့အချက်တွေကြောင့် ပြည်တွင်းလုပ်ငန်းရှင်များအနေနဲ့ တင်ပို့ရာမှာ အခက်အခဲများရှိနေကြောင်းလည်း စုံစမ်းသိရှိရပါတယ်။

**ရှင်မင်းအံ့ (တန့်ဆည်)**

# အောက်တိုဘာလကုန်တွင် ကရင်ပြည်နယ်၌ DICA ရုံးခွဲ စတင်ဖွင့်လှစ်မည်

ယခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနရုံးခွဲတစ်ခုကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ကရင်ပြည်နယ်မှာ ရုံးခွဲတစ်ခုဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။ လာမယ့် အောက်တိုဘာလကုန်ပိုင်းမှာ ဖွင့်လှစ်မှာပါ။ ကရင်ပြည်နယ်မှာ ဖွင့်လှစ်ပြီးရင် ကျန်တဲ့ပြည်နယ်တိုင်းဒေသကြီးတွေမှာလည်း ဖွင့်လှစ်ဖို့စီစဉ်နေပါတယ်။ ကရင်ပြည်နယ်မှာဖွင့်ပြီးသွားရင် ဒုတိယ ဦးစားပေးအနေနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ဖွင့်လှစ်သွားမှာဖြစ်ပြီး တတိယဦးစား ပေးအနေနဲ့ မကွေးတိုင်းဒေသကြီးမှာ ဖွင့်လှစ်မှာဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံ မှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်နယ်တိုင်းဒေသကြီး ခုနစ်ခုတွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိကာ အဆိုပါဒေသအသီးသီး တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များအား စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ဖွင့်လှစ်ထားရှိပြီးဖြစ်သည့် ရုံးခွဲခုနစ်ခုမှာ နေပြည်တော်ရုံးခွဲ၊ မန္တလေးရုံးခွဲ၊ တောင်ကြီးရုံးခွဲ၊ မော်လမြိုင်ရုံးခွဲ၊ ပုသိမ်ရုံးခွဲ၊ မုံရွာရုံးခွဲနှင့်ထားဝယ်ရုံးခွဲတို့ ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# KBZ Gateway မှ အိုင်တီပညာရပ်ဆိုင်ရာ လုပ်ငန်းခွင် အကြိုသင်တန်း ဖွင့်လှစ်

ကမ္ဘောဇအုပ်စုကုမ္ပဏီကြီး၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် KBZ Gateway ကုမ္ပဏီလီမိတက်သည် သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်တို့နှင့် ပူးပေါင်းကာ အနာဂတ်၏အိုင်တီပညာရှင်များဖြစ်လာမည့် ကျောင်းသားကျောင်းသူများအတွက် လုပ်ငန်းခွင်အကြိုသင်တန်း တစ်ရပ်ကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

KBZ Gateway ၏ HR ဌာနမှ တာဝန်ရှိသူများသည် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သို့ စက်တင်ဘာလ ၁၅ ရက်က သွားရောက်ကာ နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုသင်တန်းအတွက် ကျောင်းသား၊ ကျောင်းသူများကို စိစစ်၍ ရွေးချယ်ခဲ့ကြပါသည်။

အဆိုပါလုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများ လုပ်ငန်းခွင်မတိုင်မီ KBZ Gateway မှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ထိတွေ့စေပြီး တကယ့်လုပ်ငန်းခွင်အတွက် လိုအပ်သည်များကို ပိုမိုကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားနိုင်ရန် ဖြစ်သည်။

KBZ Gateway ၏ မန်းနေဂျင်း ဒါရိုက်တာဖြစ်သူ ဦးနိုင်ထွန်းကျော်သည် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ၎င်းတို့၏ တောက်ပသော အနာဂတ်များအတွက် အကျိုးရှိစေမည့် KBZ Gateway ၏ လုပ်ငန်းများနှင့် မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ အိုင်တီကဏ္ဍဟာ လျင်မြန်စွာကြီးထွားလျက် ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ ကျောင်းသားလူငယ်များနဲ့ နီးကပ်စွာ ထိတွေ့ဆက်ဆံပြီး တိုင်းပြည်ရဲ့လာမယ့် အနာဂတ်အတွက် ပြင်ဆင်စရာများကို ကြိုတင်ပြင်ဆင်နိုင်ဖို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ ကျောင်းသား လူငယ်များရဲ့ လက်ထဲမှာ ပဲရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ KBZ Gateway ဟာ ဒီကျောင်းသားလေးတွေအတွက် သူတို့ရဲ့ကျွမ်းကျင်မှုတွေကို ပိုမိုထက်မြက်လာအောင် မြှင့်တင်ပေးနိုင်မယ့် ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာများနဲ့ ပေါင်းကူးတံတားသဖွယ် ဆောင်ကျဉ်းပေးနိုင်တဲ့ နေရာကောင်းတစ်ရပ်ဖြစ်တယ်လို့ ယုံကြည်ပါတယ်"ဟု ဦးနိုင်ထွန်းကျော်က ပြောကြားခဲ့သည်။

KBZ Gateway သည် အဆိုပါ လုပ်ငန်းခွင် အကြိုသင်တန်းများကို နိုဝင်ဘာလတွင် တစ်ကြိမ်၊ ဧပြီလတွင် တစ်ကြိမ်၊ တစ်နှစ်လျှင် စုစုပေါင်းနှစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အိုင်တီအခြေခံအဆောက်အအုံ ပိုင်းဆိုင်ရာတွင် သာမက လက်ရှိနှင့် အနာဂတ်မြန်မာနိုင်ငံ၏ အိုင်တီကျွမ်း ကျင်ပညာရှင်များအတွက် လိုအပ်သော ကျွမ်းကျင်မှုများအတွက်ပါ ပိုမို တိုးတက်ကောင်းမွန်လာစေမည် ဖြစ်ပါ သည်။

ယခုဖွင့်လှစ်မည့် လုပ်ငန်းခွင် အကြိုသင်တန်း အောင်မြင်စွာပြီးဆုံး သွားသည့်အခါ KBZ Gateway သည် ၂၀၁၇ ခုနှစ် ဒုတိယလေးလပတ်တွင် ဒုတိယအကြိမ်သင်တန်းကို ဆက်လက်ဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများကို ယခုထက် ပိုမိုခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ဩဂုတ်နှင့် စက်တင်ဘာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၁ ခု နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခုနစ်ခုတို့ကို ခွင့်ပြုပေးခဲ့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဩဂုတ်နှင့်စက်တင်ဘာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၁ ခု နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခုနစ်ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် စက်တင်ဘာလ ၁၅ ရက်က ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဩဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၆/၂၀၁၆အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုကို ခွင့်ပြုခဲ့ပြီးအမေရိကန်ဒေါ်လာသန်း ပေါင်း ၁၂ ဒသမ ၅၄၀ နှင့် အလုပ်အကိုင်ပေါင်း ၅၇၀၅ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ထို့ပြင် အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုညဒသမ ၄၈၄ နှင့်ကျပ်သန်း ၇၀၄ ဒသမ ၇၃၃ နှင့်အလုပ်အကိုင် ၂၅၁ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

စက်တင်ဘာ ၉ ရက်ကကျင်းပခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေး အမှတ်စဉ် ၁၇/၂၀၁၆အရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၅ ဒသမ ၁၄ နှင့် ပြည်တွင်းအလုပ်အကိုင်ပေါင်း ၈၉၈၉ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ခြောက်ခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၃၉ ဒသမ ၉၀၃ အပါအဝင် ကျပ်သန်း ၆၀၇၁၂ ဒသမ ၆၄၀ နှင့် အလုပ်အကိုင်ပေါင်း ၁၂၀၁ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ယင်းအစည်းအဝေးနှစ်ကြိမ်မှ ခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၁၇ ဒသမ ၆၄၄ နှင့် အလုပ်အကိုင်ပေါင်း ၁၄၆၉၄ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်း ၂၁ ခုတွင် စက်မှုလုပ်ငန်း ၁၇ ခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းတစ်ခု၊ မွေးမြူရေး/ရေလုပ်ငန်း တစ်ခု၊ အခြားဝန်ဆောင်မှုလုပ်ငန်းတစ်ခုနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ခုနစ်ခု ခွင့်ပြုပေးခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၀ ဒသမ ၃၈၇ အပါအဝင် ကျပ်သန်း ၆၁၄၁၇ ဒသမ ၃၇၃ နှင့် အလုပ်အကိုင် ၁၄၅၂ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းခုနစ်ခုတွင် စက်မှုလုပ်ငန်းနှစ်ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခု၊ မွေးမြူရေးလုပ်ငန်း တစ်ခု၊ လယ်ယာလုပ်ငန်းတစ်ခုနှင့်အခြားဝန်ဆောင်မှုလုပ်ငန်းနှစ်ခုတို့ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Vol: 16, No.35 Monday September 19 2016

## စလစ်ကပ်ကား အရောင်းအဝယ်အေးသော်လည်း ရန်ကုန်လိုင်စင်ကားလေးများ ဈေးအသာဖြင့် အရောင်းအဝယ်ရှိနေ

ယခုလ ဒုတိယပတ်အတွင်း ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ ယခင်လများထက်ပင် အရောင်းအဝယ် အေးလာသော်လည်း နံပါတ်ထွက်ပြီး ရန်ကုန်လိုင်စင်ပေါက် ကားဟောင်းများ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

ကားအရောင်းအဝယ် လုပ်ငန်း အတော်များများနှင့် စင်တာများ သည် ရန်ကုန်အခြေစိုက်များသဖြင့် ကားဈေးကွက်သည် ရန်ကုန်ဈေးကွက်မှာသာ အခြေခံသည့်သဘောဖြစ်နေပြီး ရန်ကုန်ရှိ ဖရီးပါမစ်ကားဈေးကွက် ယခုကဲ့သို့ ရပ်တန့်သည့်အခြေအနေ ဖြစ်ပေါ်သွားခဲ့သည်။ မေလကုန်ပိုင်းက စလစ်ကပ်ကားများ ဈေးပေါလာပြီး အရောင်းအဝယ် ကောင်းခဲ့သော်လည်း ယခုကာလတွင် လိုက်ထရပ်အပ်ကားများနှင့် ပတ်သက်သည့် မူဝါဒတစ်ရပ် ဇူလိုင်လကုန်ခန့်တွင် ထွက်ပေါ်လာပြီးနောက် စလစ်ဈေးများ သိန်း ၁၀၀ ကျော်ခဲ့ကြောင်း၊ တစ်ပတ်ခန့်အကြာတွင် ကျပ်သိန်း ၁၀၀ အောက် ပြန်ရောက်ခဲ့ပြီး ယခုတစ်ဖန် စလစ်ကပ်ကားများထဲမှ အပ်ကုန်စနစ်သွင်းသည့် ကားများ ယခုနှစ် နှစ်ကုန်ပိုင်းတွင် လိုင်စင်မဝင်ဖြစ်ပါက မူရင်းတင်သွင်းခဲ့သည့် နိုင်ငံသို့ ပြန်ပို့ရမည့် ညွှန်ကြားချက်ရှိလာသဖြင့် ရန်ကုန်ကားဈေးကွက်အတွက် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အောက်ကားများ အချိန်မီ စလစ်ဝယ်ယူကြသဖြင့် လိုအပ်ချက်မြင့်မားလာသလို စလစ်ဈေးလည်း သိန်း ၁၀၀ အထက် ပြန်လည်ရောက်ရှိကာ နှစ်ကုန်ခါနီးလေ ဈေးတက်လေဖြစ်ဖို့သာရှိကြောင်း လိုင်ကားရောင်းဝယ်ရေးစခန်းမှ ယာဉ်ဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ယခုကဲ့သို့ စလစ်လိုအပ်ချက်မြင့်မားနေသဖြင့် စလစ်ဈေးတန်းမြင့်မားလာသလို စလစ်ကပ်ကားအဝယ်လည်း နည်းသွားပြီး ဈေးကွက်ထဲတွင် ၂၀၀၆ ခုနှစ်နှင့် အောက်မော်ဒယ်လ်များ၊ ကားစင်တာများမှတစ်ဆင့် ဝင်ရောက်လာပြီး လတ်တလော ပြည်တွင်းရောက်ရှိပြီး ကားများမှအပ ပြည်ပမှ ထပ်မံတင်သွင်းသည့် ကားများ အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းမှုလျော့နည်းသွားကြောင်း၊ လက်ရှိ အရောင်းအဝယ်ဖြစ်နေသော ကားများမှာလည်း သုံးနေဆဲ၊ တင်သွင်းရောက်ရှိပြီး ကားများသာဖြစ်ပြီး၊ ယခင်ကာလများက အဝယ်ရှိခဲ့သော နယ်လိုင်စင်ဖရီးပါမစ်ကားများလည်း အကြားသတင်းများကြောင့် အဝယ်တန့်သွားကာ လက်ရှိသုံးစွဲနေဆဲ အကွာရာတန်းအနိမ့် ရန်ကုန်လိုင်စင်ကားလေးများ ငါးသိန်း မှ ၁၀ သိန်းဈေး အမြင့်ဖြင့် အရောင်းအဝယ်ဖြစ်လာကြောင်း၊ စလစ်ဈေးမြင့်တက်မှုကြောင့် အဝယ်နည်းသွားသော်လည်း ဈေးတန်းကျလာနိုင်ဖွယ် မရှိဘဲ နှစ်ကုန်ခါနီးလေ စလစ်ဈေးတန်းမြင့်လေဖြစ်လာနိုင်ကြောင်း ၎င်းတို့မှပြောသည်။

**SN**

## မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ လေးသန်းကျော်သာရှိ



မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၁၉၈၈-၈၉ခုနှစ်မှ ယနေ့အထိ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုထားရှိငွေ ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၈ သန်းရှိသော်လည်း ယခုအခါတွင် လည်ပတ်ငွေ ပမာဏမှာ အမေရိကန်ဒေါ်လာ လေးသန်းသာရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"အခုအချိန်မှာ အမေရိကန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု လည်ပတ်ငွေ ပမာဏက အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၅၁ သန်းပဲရှိပါတယ်။ တကယ်တမ်းက ၁၉၈၈-၈၉ ခုနှစ်ကတည်းက ခွင့်ပြုပေးထားတဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၂၄၈ သန်းကျော်လောက် ရှိပါတယ်။ ဒါပေမယ့်လည်းအမေရိကန် နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက တိုက်ရိုက်ဝင်မလာပေမယ့်လည်း တခြားက လှည့်လာတာမျိုးတွေရှိပါတယ်။ ဥပမာ ကိုကာကိုလာလိုမျိုးပေါ့။ သူက အမေရိကန်အနေနဲ့ မလာဘဲ စင်ကာပူအနေနဲ့ ဝင်လာတာမျိုးပေါ့။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍမှာလည်းရှိတယ်။ အဲဒါတွေက အမေရိကန်ရဲ့ ခေါင်းစဉ်အောက်မှာမရှိဘဲ တခြားနိုင်ငံတွေရဲ့ ခေါင်းစဉ်အောက်မှာပဲ ရှိနေပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

## လေယာဉ်ခရီးစဉ်များ ဘေးကင်းလုံခြုံရေးအတွက် Vietjet က Samsung Galaxy Note 7 နှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်

Vietjet လေကြောင်းလိုင်းသည် လေယာဉ်စီးခရီးသည်များ ဘေးကင်းလုံခြုံရေးအတွက် Samsung Galaxy Note 7 နှင့် ပတ်သက်၍ သတိပေးချက်ထုတ်ပြန်လိုက်ကြောင်း Vietjet ၏ သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

ဗီယက်နမ်လေကြောင်း ညွှန်ကြား မှုဌာနမှ စက်တင်ဘာ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် ညွှန်ကြားချက် အမှတ် 3729/CT-CHK အရ Vietjet လေကြောင်းလိုင်းမှ Samsung Galaxy Note-7 ဖုန်းအမျိုးအစားကို လေယာဉ်ပေါ်သို့ သယ်ဆောင်ခွင့်မပြုရန် တရားဝင် သတင်းထုတ်ပြန်လိုက်ကြောင်း သိရသည်။

ထို့အပြင် ထပ်မံ၍ ညွှန်ကြားချက် မထွက်မချင်း မည်သည့် စမတ်ဖုန်းအမျိုးအစားကိုမဆို လေယာဉ်ပေါ်တွင် အသုံးပြုခြင်းနှင့် အားသွင်းခြင်းများကိုလည်း မပြုလုပ်ရန် Vietjet က ညွှန်ကြားထားမည်ဖြစ်သည်။

ဤတားမြစ်ချက်များမှာ စမတ်ဖုန်းများ အားသွင်းထားစဉ် ပေါက်ကွဲ၍ မီးလောင်ခြင်းအဖြစ်အပျက်များအား တွေ့ရှိရသဖြင့် ဗီယက်နမ်နိုင်ငံ၏ လေကြောင်းညွှန်ကြားမှုဌာနမှ ထုတ်ပြန်ထားခြင်းဖြစ်သည်။




အဆိုပါ သတိပေးချက်များကို www.vietjetair.com တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ Vietjet ၏ check-in ကောင်တာများတွင်လည်းကောင်း၊ နိုင်ငံတကာ လေဆိပ်များတွင်လည်းကောင်း ထုတ်ပြန်ထားသည်။ Vietjet လေယာဉ်များပေါ်ရှိ တီဗွီများတွင်လည်း ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## 1st Education Fair အမည်ဖြင့် ပထမဆုံးပညာရေးဆိုင်ရာပြပွဲ ကျင်းပမည်

Work.com.mm မှကြီးမှူးကျင်းပမည့် ပထမဦးဆုံး ပညာရေးဆိုင်ရာပြပွဲကို 1st Education Fair အမည်ဖြင့် စက်တင်ဘာ ၂၄ ရက်တွင် မြန်မာပလာဇာအနီးရှိ Melia ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း Work.com. mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ Education Fair ကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အမြဲမပြတ်လေ့လာသင်ယူလျက် မိမိ၏အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ရှာဖွေနိုင်မည့် အခွင့်အရေးများကို ရယူနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ပြည်တွင်းပြည်ပမှ ကျောင်းများစွာ ပါဝင်ပြသမည်ဖြစ်ပြီး အခြားသော ပညာရေးဆိုင်ရာပြခန်းများလည်း ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေးပြပွဲတွင် ပါဝင်ပြသသွားမည့် ပြည်တွင်းပြည်ပသင် တန်းကျောင်းများကလည်း သင်တန်းအလိုက် လျှော့ဈေးများနှင့် ကံစမ်းမဲ အစီအစဉ်များနှင့်အတူ ဆုလက်ဆောင် အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပ သွားမည်ဖြစ်သည်။ Work.com.mm မှပထမဆုံးဦးစီး ကျင်းပသည့် ပညာရေးဆိုင်ရာပြပွဲတွင် မိမိဘဝတက်လမ်းအတွက် မှန်ကန်သော ပညာရေးလမ်းကြောင်းကို ရွေးချယ်နိုင်မည့် အခွင့်အရေးများကို ကိုယ် တိုင် လာရောက်လေ့လာသင့်သည်ဟု Work.com. mm ၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမန်နေဂျာ မကေခိုင်က ပြောကြားခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရက်တစ် (၂၀၁၂) | ယာယီ | ၁၆၀ သိန်း | ပဲခူးလိုင်စင် |
| ၂။ | ဗင်းဂတ် (၂၀၀၆) | ယာယီ | ၄၅၀ သိန်း | မန္တလေးလိုင်စင်၊ 2.4 ဓာတ်ဆီ |
| ၃။ | ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၁၉၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ဒီမီယို (၂၀၀၉) | 5J | ၁၁၂ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၂) | 9K | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ဝင်းရှဒ် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | အေဒီဗင် | ယာယီ | ၁၁၀ သိန်း | ပဲခူးလိုင်စင်၊ 1.3 ဓာတ်ဆီ |
| ၈။ | ပရိုဘောက် (၂၀၁၁) | 3L | ၁၂၅ သိန်း | 1.5 ဓာတ်ဆီ |
| ၉။ | အပ်ကား | နှစ် (၂၀) | ၉၈ သိန်း | ကားကောင်း |

# မန္တလေးမြို့၊ ဘုရားကြီးဈေးတွင် စားသုံးရန် မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များအား ပြန်လည်ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် မြို့နယ်အလိုက် အဖွဲ့များခွဲ၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိကျောင်းမုန့်စားတန်းများ၊ ဈေးဆိုင်များ၊ ကုန်စုံဆိုင်များတွင် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ ကြေညာထားသည့် စားသုံးရန် မသင့်သည့် အစားအစာများ၊ သုံးစွဲရန် မသင့်သည့် လူသုံးကုန်ပစ္စည်းများကို ရောင်းချခြင်း မပြုရန်နှင့် ရောင်းချနေသည့် ကုန်စုံဆိုင်များ၊ မုန့်ဆိုင်များအားလည်း ဆက်လက် ရောင်းချနေသည်ကို တွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားသောက်ကုန်၊ လူသုံးကုန်များသည် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အတွက် ယခုကဲ့သို့ တားမြစ်ရခြင်းဖြစ်ကြောင်းများကို ယခုနှစ် ဧပြီလမှစတင်ကာ ဆွေးနွေးဟောပြောခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် ဧပြီလ ၂၅ ရက်က မန္တလေးမြို့ရှိ ဘုရားကြီးဈေးအတွင်း လှည့်လည်စစ်ဆေးခဲ့ရာ ဈေးအတွင်း ရောင်းချနေသည့် စားသုံးရန် မသင့်သည့် ပဲငါးပိထုတ်များ၊ ကျင်းထုံ အမှတ်တံဆိပ် ခြင်ဆေးခွေများအား စစ်ဆေးတွေ့ရှိခဲ့ရ၍ ဆက်လက်ရောင်းချခြင်းမပြုရန် ပညာပေး ဆွေးနွေးခဲ့ပါသည်။

သို့သော် ဩဂုတ်လ ၃၀ ရက်က အဆိုပါဘုရားကြီးဈေးသို့ ဒုတိယအကြိမ်အဖြစ် ထပ်မံစစ်ဆေးခဲ့ရာ စားသုံးရန် မသင့်ဟုကြေညာထားသည့် ပဲငါးပိထုပ်များ၊ သုံးစွဲရန်မသင့်သည့် ကျင်းထုံခြင်ဆေးခွေထုပ်များ ထပ်မံရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ပူးပေါင်းအဖွဲ့က သိမ်းဆည်းခဲ့ရကြောင်း သတင်းရရှိပါသည်။

**မြင့်ခိုင်(မန္တလေး)**



# မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ မုဒုံမြို့တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မွန်ပြည်နယ် ဦးစီးမှူးရုံးမှ ကြီးမှူး၍ မွန်ပြည်နယ်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ‘ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ’ကို စက်တင်ဘာ ၉ ရက်က မုဒုံမြို့ ရွှေဟသာ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြီး ကုန်သွယ်မှုနှင့် ဈေးကွက်အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမအမျိုးသားအာမခံမှ မော်လမြိုင်ရုံးခွဲ တာဝန်ခံ ဒေါ်ခင်မြင့်က ပထမအမျိုးသားအာမခံက ဆောင်ရွက်နေသော အာမခံလုပ်ငန်းများအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲ တာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများ၊ ဒေသခံရပ်မိရပ်ဖများ၊ အသေးစား အလတ်စား လုပ်ငန်းရှင်များ ၁၀၄ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာ သူများမှ မေးမြန်းချက်များအား မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးနှင့် ပထမအမျိုးသားအာမခံမှ မော်လမြိုင်ရုံးခွဲ တာဝန်ခံ ဒေါ်ခင်မြင့်တို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

# ဖျာပုံမြို့မှ အဏ္ဏဝါဇော်ကုမ္ပဏီလီမိတက်က မြန်မာ့ရေထွက်ပစ္စည်းများအား ASEAN Trade Fair 2016 တွင် သွားရောက်ပြသမည်

တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ ရှိ SETEC တွင် ကျင်းပမည့် ASEAN Trade Fair 2016 ကုန်စည်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့တွင် အသင့်စားရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသည့် အဏ္ဏဝါဇော်ကုမ္ပဏီလီမိတက်က မြန်မာ့ရေထွက်ကုန်ပစ္စည်းများအား သွားရောက်ပြသမည်ဖြစ်ကြောင်း Ayeyar Trade Center မှ ဒုတိယဦးစီးမှူး ဦးနေဝင်းစိုးက ပြောကြားခဲ့ပါတယ်။

အဏ္ဏဝါဇော်ကုမ္ပဏီလီမိတက်သည် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသများမှ ဖမ်းဆီးရရှိတဲ့ ရေထွက်ကုန် ငါး၊ ပုစွန်များအား အသင့် စားသောက်နိုင်သည်အထိ Value-Added အဖြစ် ပြုလုပ်ပြီး အဏ္ဏဝါဇော် အမှတ်တံဆိပ်ဖြင့် ပြည်တွင်းမှာရောင်းချနေတဲ့ ကုမ္ပဏီဖြစ်ပါတယ်။

ASEAN Trade Fair 2016 ကို လာမယ့် နိုဝင်ဘာလ ၂ ရက်မှ ၅ ရက် အတွင်း တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ် မြို့ရှိ SETEC တွင် ကျင်းပမှာဖြစ်ကြောင်း မြန်မာ့ကုန်သွယ်မှု မြှင့်တင် ရေးအဖွဲ့၊ မြန်မာကုန်သွယ်မှု ဗဟိုဌာန (ရန်ကုန်)ရဲ့ အကြောင်းကြားချက်အရ Ayeyar Trade Center အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များအား အဆိုပါကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင်ရန် ဆက်လက်အကြောင်းကြားခဲ့ပါတယ်။

ယင်းကဲ့သို့ အကြောင်းကြားချက်အရ အဏ္ဏဝါဇော်ကုမ္ပဏီလီမိတက်အနေဖြင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း ဦးနေဝင်းစိုးက ထပ်မံပြောကြားခဲ့ပါတယ်။


နိုင်ငံတကာတွင် ကျင်းပသည့် ကုန်စည်ပြပွဲများမှာ ပါဝင်ပြသခွင့်ရတဲ့အတွက် မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းများအား နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မယ့် အခွင့်အရေးတွေ ရရှိနိုင်မှာဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၉-၉-၂၀၁၆ မှ ၂၅-၉-၂၀၁၆ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရိုးသားဖြောင့်မတ်၍ ဘွင်းဘွင်းပြောဆိုနေတတ်မည်။ စီးပွားရေးတွင် ဆေးဖော်၍ ရောင်းခြင်း၊ ဓာတ်သတ္တုလုပ်ငန်းများ အကျိုးပေးကောင်းလိမ့်မည်။ ပညာရေး သင့်တင့်နေမည်။ ကျန်းမာရေးတွင် သည်းခြေမှစ၍ ဖြစ်သောရောဂါ၊ အရေပြား၊ အရိုးထိခိုက်သော ရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှုရှိနေမည်။

**ယတြာ။ ။ဘုရား၊ ရဟန္တာကိုရေသပ္ပာယ်ပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေး တိုးတက်အောင်မြင်မည်။ ငွေကြေးစုဆောင်းမှုမရှိသေးသော်လည်း စုဆောင်းနိုင်ရန် ကြိုးစားရပါမည်။ ပညာရေးကြိုးစား အားထုတ်နေရတတ်သည်။ အချစ်ရေးတွင်လေးနက်မှု မထားတတ်ပါ။ အိမ်ထောင်ရေးတွင်လည်း လေးနက်မှုမရှိဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစားအသောက် မှားယွင်းသဖြင့် အစာအဆိပ်သင့်ခြင်း ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။မွေးနေ့တိုင်း အသက်သတ်လွတ်စား၍ အဓိဋ္ဌာန်ဝင်ပါ။**



**အင်္ဂါသားသမီးများအတွက်** စကားပြောရာတွင် ပွင့်ပွင့်လင်းလင်းရှိပြီး ရိုးသားစွာပြောဆိုတတ်မည်။ လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများသင့်တင့်မှုရှိနေတတ်ပါသည်။ ပညာရေးတွင် ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် မျက်စိနှင့် ပတ်သက်သောရောဂါ၊ အူအတက်ပေါက်ခြင်း၊ ချဉ်ဆီရောဂါ၊ နှလုံးထိခိုက်ခြင်းဝေဒနာတို့ခံစားရတတ်ပါသည်။ အချစ်ရေးတွင် မျှော်လင့်ချက် နှင့်လွဲမှားမှုများရှိနေတတ်ပါသည်။

**ယတြာ။ ။ဘုရား၊ ကျောင်းကန်ဇရပ်တို့တွင် အခင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ပတ်ဝန်းကျင်မှ အမြင်နှင့် မိမိလုပ်ဆောင်ရသောလုပ်ငန်းတို့မှာ ကွဲလွဲမှုရှိနေပါသည်။ ရွှေငွေရောင်းဝယ်ရေးလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းများကို ကြိုးစားနေရသော အချိန်ဖြစ်ပါသည်။ ပညာရေးတွင် ရည်ရွယ်ချက်များ၊ မျှော်လင့်ချက်များ အကောင်အထည်ပေါ် လာလိမ့်မည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုဒဏ်ကြောင့် ဦးနှောက်နှင့် အာရုံကြောရောဂါရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေမည်။

**ယတြာ။ ။ သံဃာတော်နှင့်သက်ကြီးရွယ်အိုများကို ဆေးဝါးအာဟာရ လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** မိမိဖြစ်စေချင်သော ဆန္ဒတူညီမှုမရှိခြင်းကို မကြာခဏ ကြုံရတတ်သည်။ စီးပွားရေးတွင် အမျိုးသမီးများ၏ အသုံးအဆောင်ပစ္စည်း၊ အထည်ချုပ်လုပ်ငန်း၊ ဖိနပ်ပစ္စည်းများအကျိုးပေးပါသည်။ ပညာသင်ကာလတွင် ပညာရေး၊ လူမှုရေး မရောထွေးသင့်ပါ။ ကျန်းမာရေးတွင် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသ၍ ဆေးကုသပါ။ သွေးသားမမှန်ခြင်းများ သတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး တွင် ကိုယ်ချင်းစာစိတ်ရှိနေတတ်သည်။

**ယတြာ။ ။ငါးပါးသီလစောင့်ထိန်းပါ။**



**သောကြာသားသမီးများအတွက်** မိတ်ဆွေများ၊ သူငယ်ချင်းအရင်းများနှင့် သဟဇာတအထူးဖြစ်နေတတ်ပါသည်။ စီးပွားရေးတွင် မြေထွက်သီးနှံများအကျိုးဆောင်လုပ်ငန်းများ အကျိုးပေးနိုင်ပါသည်။ ပညာရေးတွင် မှတ်ဉာဏ်ကောင်းသော်လည်း စိတ်ဝင်စားမှုအားနည်းလိမ့်မည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်ပင်ပန်း၍ နွမ်းနယ်သောရောဂါဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ညှိနှိုင်းမရဖြစ်တတ်သည်။

**ယတြာ။ ။ သက်ကြီးရွယ်အိုတို့အား ဆေးဝါးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** အများနှင့်လိုက်လျောညီထွေအဆင်ပြေအောင်နေထိုင်ပြောဆိုလုပ်ကိုင်တတ်သော်လည်း ပြဿနာတက်တတ်ပါသည်။ စီးပွားရေးလုပ်ငန်းတွင် လူသုံးကုန်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးအောင်မြင်မှု အားကောင်းနေတတ်ပါသည်။ ကျန်းမာရေး နှင့်ပတ်သက်၍ မျိုးရိုးဗီဇ ရောဂါအနာဟောင်း၊ လေရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် မိမိအား ခင်တွယ်သံယောဇဉ်ရှိသူပေါ်များ နေတတ်ပါသည်။

**ယတြာ။ ။ဘုရားကျောင်းကန်ဆောက်ရန် အလှူငွေထည့်ဝင်ပါ။**

# ပြည်သစ်သီးဝလံ ဈေးကွက်သို့ ဩဇာသီးများ စတင်ဝင်ရောက်လာ

ပြည်သစ်သီးဝလံ ဈေးကွက်သို့ ပြည်ဒေသထွက် ဩဇာသီးများ စတင်ဝင်ရောက်လာတာ တွေ့ရပါတယ်။ ပေါ်ဦးပေါ်ဖျား အသီးများဖြစ်၍ ဈေးကောင်းရလျက်ရှိနေပါတယ်။ ပြည်မြို့ဒေသ အနီးတဝိုက်ဖြစ်တဲ့ မှော်ဇာ၊ ဇီးအုပ်၊ ဖိုးဦးတောင်၊ ရွှေဘုံသာ စတဲ့ အနောက်ဘက်ကမ်းဒေသများမှ ဝင်ရောက်လာတာ ဖြစ်ပါတယ်။

ဈေးကွက်အတွင်း ဩဇာသီး ရာခြင်းဈေးကတော့ (အချော) ၃၅၀ ကျပ်နှင့် (လတ်) ၃၀၀ ကျပ် (သေး) ၂၀၀ ကျပ်တို့ ဖြစ်ပါတယ်။ အသီးလှိုင်လှိုင် မရှိသေးတာကြောင့် ဈေးမြင့်နေသော်လည်း အရောင်းအဝယ်ကတော့ အကုန်ဖြစ်လျက်ရှိနေပါတယ်။ ဩဇာသီး ပေါ်စဖြစ်လို့လည်း ဒေသတွင်းဈေးကွက်မှာ ဝင်လာသမျှ အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။ ယခုတစ်ပတ် ရက်ပိုင်းအတွင်း အလုံး ၅၀ ဝင်ခြင်း ၅၀ မှ ၆၀ ခန့် ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ်အကုန်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

➲ စာမျက်နှာ ၈ ခြင်သုံးမျိုးနှင့် ဓာတုဆေးများ၏ အန္တရာယ် သိမှတ်ဆင်ခြင်ဖွယ် •••• ဆောင်းပါးမှအဆက်

ဥပမာအားဖြင့် တရုတ်ပြည်ထုတ် ကျင်းထုံ ခြင်ဆေးအပြာတွင် သုည ဒသမ ဝ၆၇၁ ရာခိုင်နှုန်း၊ အနီတွင် သုည ဒသမ ၁၅၉ ရာခိုင်နှုန်း၊ အစိမ်းတွင် သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်း အထိပါဝင်နေသဖြင့် နိုင်ငံတော်မှ သုံးစွဲခြင်း မပြုရန် တားမြစ်ပိတ်ပင်ထားပါသည်။

ခြင်ဆေးခွေတွင် ထည့်သွင်းထားသော ဓာတုပစ္စည်းများသည် တိုက်ရိုက်ထိတွေ့လျှင်သော် လည်းကောင်း၊ ခြင်ဆေးကိုမီးရှို့၍ ထွက်လာသောအငွေ့များကို ကြာရှည်ရှူရှိုက်မိလျှင်သော်လည်းကောင်း အန္တရာယ်ရှိပါသည်။ GHS စနစ်အရ ခြင်ဆေးခွေတွင် ထည့်သွင်းထားသော ဓာတုပစ္စည်း တော်တော်များများကို အမျိုးအစားခွဲ၍ တံဆိပ်ကပ်ရာ (Classification and Labeling) တွင် တွေ့ ရှိရသော အန္တရာယ်အကြောင်းအရာ ဖော်ပြချက် (Hazard Statements) များကို ခြင်ဆေးသုံးစွဲသူများ သတိထားမိစေရန် ဖော်ပြလိုပါသည်။

(၁) ခြင်ဆေးကို မျိုချမိလျှင် အဆိပ်ဖြစ်နိုင်သည်။
(၂) ထိမိလျှင် အရေပြားကို ယားယံစေသည်။
(၃) ရှူမိလျှင် ဓာတ်မတည့်မှု (သို့) ရင်ကျပ် လက္ခဏာ (သို့) အသက်ရှူခက်ခြင်းများ ဖြစ်နိုင် သည်။
(၄) လူကိုသာမက သက်ရှိရေနေ သတ္တဝါများအတွင်း အချိန်ကြာမြင့်စွာ ပြင်းထန်သောအဆိပ် ဖြစ်စေပါသည်။
(၅) ကင်ဆာဖြစ်စေနိုင်သည်။

လူတို့၏ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်စေသောကြောင့်ကြိုတင်သတိထားရမည့်ဖော်ပြချက်(Precautionary Statements) များထဲမှ ကာကွယ်ရန် အရေးကြီးသည့် (Precaution) အချက်များကိုလည်း အောက်ပါအတိုင်း ဖော်ပြလိုပါသည်။

(၁) ခြင်ဆေးသည် အသားအရေကိုယားယံစေသဖြင့် ၎င်းကိုကိုင်တွယ်ရာတွင် လက်အိတ်နှင့် ကိုင်တွယ်ရပါမည်။
(၂) ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာ၊ ရေတို့နှင့် စင်ကြယ်စွာ ဆေးကြောရပါမည်။
(၃) အစားအသောက်များနှင့် ထိတွေ့ခြင်း မရှိစေရန်နှင့် အသုံးပြုနေစဉ် အစာစားခြင်း၊ အရည်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း မပြုလုပ်ရန် လိုအပ်ပါသည်။
(၄) ကလေးများ လက်လှမ်းမီသော နေရာများတွင်လည်း မထားသင့်ပါ။
(၅) ခြင်ဆေးခွေကို အသုံးပြုလိုပါက လူမရှိသော အခန်းတွင်ထွန်းထားပြီး အငွေ့သေသော အချိန်မှသာ နေထိုင်သင့်ပါသည်။ အလုံပိတ်အခန်းတွင်ထွန်းညှိပြီး လူများနေထိုင်ခြင်း မပြုလုပ်သင့်ပါ။
(၆) ပန်းအနာရင်ကျပ်ရှိသူများ၊ နှလုံးရောဂါရှိသူများ ခြင်ဆေးငွေ့ကို ရှောင်ရှားသင့်ပါသည်။
(၇) ပတ်ဝန်းကျင်သို့ လွတ်ထွက်မသွားအောင် ထားရမည်။
(၈) ကြာရှည်စွာ မရှူရှိုက်မိစေရန် ဆက်တိုက်ထွန်းညှိခြင်းကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာလျှင် တုံ့ပြန်ဆောင်ရွက်ရမည့် Emergency Responses များကိုလည်း သတိထားဆောင်ရွက်နိုင်ရန် ဆက်လက်ဖော်ပြအပ်ပါသည်။

(၁) မြိုချမိလျှင် အဆိပ်ဌာန(သို့) ဆရာဝန် (သို့) သမားတော်ကို ချက်ချင်းခေါ်ပါ။ ပါးစပ်ကို ရေဖြင့် ပလုတ်ကျင်းပါ။ အော့အန်ရန် မလုပ်ပါနှင့်။
(၂) အရေပြားပေါ်ကျလျှင် ဆပ်ပြာနှင့် ရေများများဖြင့် ဆေးကြောပါ။ အရေပြားယားယံခြင်း (သို့) အဖုအပိန့် ထွက်လာလျှင် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်၊ ကုသမှုကိုခံယူပါ။
(၃) ခြင်ဆေးရှူမိ၍ အသက်ရှူရခက်ခဲလျှင် လေကောင်းလေသန့်ရသော နေရာသို့ရွှေ့ပြီး သက်တောင့်သက်သာ အသက်ရှူနိုင်သော အနေအထားမှာ အနားယူပါ။ မသက်မသာဖြစ်လျှင် အဆိပ်ဌာန (သို့) ဆရာဝန် (သို့) သမားတော်ကို ချက်ချင်းခေါ်ပါ။

အစရှိသည်တို့ကို ဆောလျင်စွာ ဆောင်ရွက် သင့်ပါသည်။

ထို့ကြောင့် ခြင်ဆေးတွင်ထည့်သွင်း အသုံးပြုထားသော ဓာတုပစ္စည်းများသည် တိုက်ရိုက်ထိတွေ့လျှင်သော်လည်းကောင်း၊ ခြင်ဆေးခွေကို မီးရှို့၍ထွက်လာသော အငွေ့ များကို ကြာရှည် ရှူရှိုက်မိလျှင်သော်လည်းကောင်း လူတို့၏ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်နိုင်သည်။ ထို့အပြင် ခြင်ဆေးထုတ်လုပ်သူများဘက်မှလည်း ထည့်သွင်းအသုံးပြုသည့် Active Ingredient များကို WHO မှ သတ်မှတ်ထားသည့် အမျိုးအစားများအတိုင်းသာ ထည့်သွင်းအသုံးပြုရန်နှင့် ခွင့်မပြုဓာတုပစ္စည်းများကို ထည့်သွင်းအသုံးမပြုကြရန် လေးစားလိုက်နာကြရန် လိုအပ်ပါသည်။

ဖြစ်နိုင်ပါက ဓာတုပစ္စည်းများအစား သဘာဝမှရရှိနိုင်သော သစ်ကြပိုးခေါက်ဆီ (Cinnamon Oil)၊ တမာဆီ (Neem Oil)၊ ရှောက်သီးဆီ (Citronella Oil)၊ ယူကလစ်ဆီ (Eucalyptus Oil) အစရှိသည်တို့ကို အစားထိုးအသုံးပြုလျှင် ပိုမိုသင့်တော်ပါသည်။ တစ်ဖန် ပြည်သူလူထုဘက်မှလည်း မိမိတို့၏အသိစိတ်ဓာတ်နှင့် အလွယ်တကူ ဆောင်ရွက်နိုင်သည့် ကြိုတင်ကာကွယ်ရမည့် အချက်များဖြစ်သည့် ခြင်မပေါက်ပွားစေရန် ခြင်ပေါက်ပွားနိုင်သည့် ရေမြောင်းများကို ရေစီးရေလာကောင်းမွန်အောင်ပြုပြင်ခြင်း၊ ရေမြောင်းများအား စနစ်တကျဖုံးအုပ်ထားခြင်း၊ ရေမြောင်းတစ်ပတ် တစ်ခါ ဆေးဖြန်းပေးခြင်းနှင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းတို့ကို ပြည်သူလူထု တစ်ရပ်လုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုလျှင် ခြင်အန္တရာယ်နှင့် ဓာတုပစ္စည်းသုံးခြင်ဆေးများ၏ အန္တရာယ်မှ ကာကွယ်ပြီးဖြစ်ကြောင်း အလေးအနက်ထား တင်ပြအပ်ပါသည်။

**References: - Internet Websites**
**- POPs, Hazardous Chemicals List**
**- Purple Book on GHS**
**- Myanmar Industrial Digest 2011**
**- Newspaper**



## မြို့ကြီးများ၏ ၁၉-၉-၂၀၁၆ မှ ၂၃-၉-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၉-၂၀၁၆) | အင်္ဂါ(၂၀-၉-၂၀၁၆) | ဗုဒ္ဓဟူး(၂၁-၉-၂၀၁၆) | ကြာသပတေး(၂၂-၉-၂၀၁၆) | သောကြာ(၂၃-၉-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၉၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၅၀% ၃၀°C/၈၆°F |
| လားရှိုး | ၉၀% ၂၇°C/၈၀°F | ၉၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F | ၅၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၅၀% ၂၇°C/၈၀°F | နေသာ ၂၉°C/၈၄°F | ၃၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၅၀% ၂၇°C/၈၀°F | ၄၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၉၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၄၀% ၂၅°C/၇၇°F | ၄၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| ဘားအံ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F |
| ထားဝယ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| မုံရွာ | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၃၀% ၃၁°C/၈၈°F |
| ပုသိမ် | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F |
| စစ်တွေ | ၅၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F | ၅၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F |
| မကွေး | ၄၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၉၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၁°C/၇၀°F | ၆၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၁°F |



## တရုတ်နိုင်ငံကုန်းတွင်းပိုင်းဒေသအထိ တိုင်ဖွန်းမာရန်တီ ဝင်ရောက်တိုက်ခတ် လူ ၁၁ ဦးသေဆုံး၊ အများအပြား ပျောက်ဆုံးလျက်ရှိ

တရုတ်(တိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်းထန်သည့် စူပါတိုင်ဖွန်းမုန်တိုင်း မာရန်တီသည် တရုတ်နိုင်ငံတောင်ပိုင်းကုန်းတွင်းပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကာ အားပျော့ပျက်ပြယ်သွားခဲ့သည်။

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်းကမ်းခြေဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကာ မြေပြိုကျမှုများလည်း ဖြစ်ပွားခဲ့ကြောင်း အေဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါစူပါတိုင်ဖွန်းမုန်တိုင်းကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဖူကျင့်ပြည်နယ်၊ ရှီကျန်းပြည်နယ်တို့တွင် ၁၉၄၉ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော မုန်တိုင်းတိုက်ခတ်မှုကြီးဖြစ်သည်ဟုဆိုသည်။ ထို့ပြင် အဆိုပါမုန်တိုင်းသည် ယခုနှစ် ကမ္ဘာပေါ်တွင် တိုက်ခတ်ခဲ့သည့်မုန်တိုင်းများအနက် အပြင်းထန်ဆုံးမုန်တိုင်းဖြစ်ပြီး လေတိုက်နှုန်းမှာ မုန်တိုင်းစတင်ဖြစ်ပေါ်ချိန်တွင် တစ်နာရီလျှင် မိုင် ၁၄၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် တစ်နာရီလျှင် မိုင် ၁၉၀ အထိရှိခဲ့ကြောင်း အမေရိကန်မိုးလေဝသဗျူရိုက ထုတ်ပြန်ကြေညာခဲ့သည်။

မာရန်တီမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံတွင် လူပေါင်း ၃၃၀,၀၀၀ ခန့်မှာ အိုးမဲ့အိမ်မဲ့များဖြစ်ခဲ့ရကာ လူ ၁၀ ဦး သေဆုံးခဲ့ရသည်ဟုဆိုသည်။ ထို့ပြင် လူအများအပြား ပျောက်ဆုံးလျက်ရှိနေသည်ဟု ဆိုသည်။

ယင်းမာရန်တီမုန်တိုင်းသည် တရုတ်(တိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်ပြီးမှ တရုတ်နိုင်ငံအရှေ့ပိုင်းကမ်းခြေဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါမုန်တိုင်းအရှိန်ကြောင့် ဖိလစ်ပိုင်နှင့် ကိုးရီးယားကျွန်းဆွယ်ဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရသည်။

စူပါတိုင်ဖွန်းမုန်တိုင်း မာရန်တီကြောင့် ပျက်စီးဆုံးရှုံးမှုစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ သန်းရှိခဲ့ပြီး စုစုပေါင်း လူသေဆုံးမှုမှာ ၁၅ ဦးရှိခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံ၊ ယောင်ချမ်းမြို့ရှိ နှစ်ပေါင်း ၈၇၁ နှစ်သက်တမ်းရှိသည့် ရှေးဟောင်းတံတားတစ်စင်းပြိုကျပျက်စီးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

## တရုတ်(တိုင်ပေ)တွင် မာရန်တီမုန်တိုင်းတိုက်ခတ်ပြီး သုံးရက်အတွင်း မာလာကာမုန်တိုင်းထပ်မံတိုက်ခတ်

တရုတ်(တိုင်ပေ)တွင် မာရန်တီစူပါ တိုင်ဖွန်းမုန်တိုင်း စက်တင်ဘာ ၁၄ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် သုံးရက်ပြည့်သည့် စက်တင်ဘာ ၁၇ ရက်တွင် မာလာကာအမည်ရှိ မုန်တိုင်းထပ်မံတိုက်ခတ်ခဲ့ကြောင်း ဆောက်သ်ချိုင်းနားပို့စ် သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ မာလာကာမုန်တိုင်းသည် တရုတ်(တိုင်ပေ)နိုင်ငံ၏ မြောက်ပိုင်းဒေသများသို့ တစ်နာရီလျှင် ၁၂၅ မိုင်နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဆက်လက်အားကောင်းလာခဲ့ကာ ဂျပန်နိုင်ငံအနောက်တောင်ပိုင်းဒေသများသို့ ဆက်လက်တိုက်ခတ်နိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက ခန့်မှန်းထားသည်။

တရုတ်(တိုင်ပေ)ဝန်ကြီးချုပ် လင်ချန်းသည် စက်တင်ဘာ ၁၄ရက်က တိုက်ခတ်ခဲ့သည့် အင်အားပြင်း စူပါတိုင်ဖွန်းမုန်တိုင်း မာရန်တီကြောင့် ပျက်စီးဆုံးရှုံးမှုများအား လိုက်လံစစ်ဆေးကြည့်ရှုခဲ့သည်။ မာရန်တီကြောင့် တရုတ် (တိုင်ပေ)တွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ထိုင်ဝမ်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိပြီး သစ်ပင်ပေါင်း ငါးသန်းလဲကျခဲ့ရကြောင်း ချိုင်းနားပို့စ်တွင် ဖော်ပြထားသည်။

မာရန်တီဝင်ရောက်တိုက်ခတ်ပြီး သုံးရက်အကြာ တိုက်ခတ်ခဲ့သည့် မာလာကာမုန်တိုင်းသည် အင်အားပြင်းထန်ခြင်းမရှိသော်လည်း လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားဆဲဖြစ်ပြီး စက်တင်ဘာ ၁၈ ရက်မှသာ လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရန်စီစဉ်မည်ဖြစ်ကြောင်း တရုတ်(တိုင်ပေ) မြို့ပြလေကြောင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မာလာကာမုန်တိုင်းသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် အင်အားပြင်းထန်နေဦးမည်ဖြစ်ပြီး ဂျပန်နိုင်ငံကုန်းတွင်းပိုင်းသို့ ရောက်ရှိမှသာ အားပျော့ပျက်ပြယ်သွားမည်ဖြစ်ကြောင်း AccuWeather ၏ မိုးလေဝသပညာရှင် ရစ်ချတ်ရောဘတ်က ခန့်မှန်းခဲ့သည်။

အဆိုပါမုန်တိုင်းမာလာကာကြောင့် တရုတ်(တိုင်ပေ)ရှိ တောင်ပေါ်ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သဖြင့် တောင်ပြိုကျမှုများဖြစ်ပေါ်နိုင်ကြောင်း ရောဘတ်က ၎င်း၏ခန့်မှန်းချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

**မယ်သီတာ**

ဒီနေ့မြို့မဈေးထဲက ဟင်းသီးဟင်းရွက်တန်းဘက် ရောက်ဖြစ်တယ်။ မိုးတွင်းကာလဖြစ်လို့ ဟင်းသီးဟင်းရွက်တို့ အများစုမှာ စိမ်းစိုလန်းဆန်းလျက် ရှိကြပါတယ်။ မုန်ညင်း၊ ဂေါ်ဖီရောင်းသူ အများစုကတော့ ဘေးမှာရှိတဲ့ ဟောင်းနွမ်း၊ ဝါကျင်နေတဲ့ အပြင်က အဖတ်တွေကို ကျင်ကျင်လည်လည် ခွာနေကြတယ်။ ပြီးတော့ ပီနန်အိတ် တစ်အိတ်ထဲမှာ အဖတ်ဟောင်းတွေကို စုပြီး ထည့်ထားတယ်။

ဘာလုပ်တာလဲလို့ မေးတော့ ရောင်းပန်းလှအောင် အမြင်လှအောင် အပြင်ဘက်က ရော်ရင့်ဝါနေတဲ့ အရွက်ဟောင်းတွေကို ဖြတ်ထုတ်နေတာပါ။ အဲဒီ အရွက်ဟောင်းတွေကို အမှိုက်အဖြစ် စွန့်ပစ်လိုက်တာလားလို့ မေးတော့ မပစ်ရပါဘူး၊ ဝက်စာ၊ ကြက်စာ ဝယ်တဲ့လူတွေဆီရောင်းရတယ်။ အစာစိမ်းအဖြစ် ကျွေးတာပေါ့။ တော်ပါသေးရဲ့။ ဖြတ်ထုတ်လိုက်တဲ့ ဂေါ်ဖီထုပ် အရွက်တွေ၊ မုံညင်းအရွက်တွေက အမှိုက်ဖြစ်မသွားဘဲ တိရစ္ဆာန် အစားအစာအဖြစ်တော့ အသုံးဝင်သေးသားပဲ။

နိုင်ငံတော်ရဲ့ သတ်မှတ်တဲ့ သက်တမ်းစေ့ရောက်လို့ သက်ပြည့်ပင်စင် ယူသွားခဲ့ရပေမယ့် စိတ်ထဲကတော့ နေ့စဉ် ရုံးတက်ဆဲ၊ ရုံးချုပ်နဲ့ ပြည်နယ်၊ တိုင်း သတင်းများရဲ့ တိုးတက် ပြောင်းလဲမှုကို စိတ်ဝင်စားဆဲ။ ဟောပြောပို့ချနေကြတဲ့ မြို့နယ်၊ ခရိုင်ကအဖွဲ့တွေရဲ့ သတင်းကို LIKE လုပ်ပြီး အားပေးဆဲ၊ ဖိတ်ကြားမှုများရှိခဲ့ရင် တက်ရောက်ပြီး ဟောပြောဆွေးနွေးဆဲ။ ဂေါ်ဖီထုပ်ရွက်ဟောင်း၊ မုန်ညင်းအခွံရွက်တို့လို အနည်းဆုံး အသုံးကျစေချင်သေးတယ်။ အိပ်မက်တွေကို ဆက်ပြီး မက်ခွင့်ရချင်သေးတယ်။

ပြီးခဲ့တဲ့ တစ်ပတ်ကတော့ စစ်ကိုင်းခရိုင်မှူးက စစ်ကိုင်းရုံးမှာ ဩဂုတ် ၂၂ရက်မှ ၂၄ရက်အထိ သင်တန်း သုံးရက်လုပ်မယ်။ လာပြီး ဆွေးနွေးပေးပါဦး ဖိတ်ကြားလို့ စစ်ကိုင်းတိုင်း ဦးစီးမှူးရဲ့ ခွင့်ပြုချက်နဲ့ ဩဂုတ် ၂၄ရက်က သွားရောက် ဆွေးနွေးခဲ့ပါတယ်။

စစ်ကိုင်းမှာ တိုင်းရုံးရှိစဉ်က တိုင်းစစ်ဆေးရေး မန်နေဂျာလုပ်ခဲ့တာဆိုတော့ ဝန်ထမ်းမိသားစုဟောင်းများ၊ ရုံးဟောင်း၊ သိုလှောင်ရုံဟောင်းများကို အလွမ်းပြေလိုက်ပြီး ကြည့်ဖြစ်တယ်။ ဝန်ထမ်းတွေကလည်း မတွေ့ရတာကြာလို့ ပျော်နေကြတယ်။ အားလုံးကတော့ ဇရာရဲ့ ထုထောင်းဒဏ်ကို မသိယောင်ဆောင်ကာ ခြယ်ကာ၊ သကာ၊ ပြုကာ၊ ပြင်ကာနဲ့ပေါ့။

ဒီစစ်ကိုင်း သင်တန်းမှာ ထူးခြားတာကတော့ စားသုံးသူရေးရာ ဌာနက ဝန်ထမ်းများသာမက ခရိုင်မှူးရဲ့ စီစဉ်ကြီးကြပ်မှုကြောင့် ပြင်ပပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များလည်း တက်ရောက်မှတ်သားကြတာ တွေ့ရပါတယ်။ ဒါ့ကြောင့် ဆွေးနွေးတဲ့နေရာမှာ စီးပွားရေးလုပ်ငန်းရှင်များ အပိုင်းနဲ့ ဦးဆောင်လှည့်လည် ဟောပြောတဲ့ ဝန်ထမ်းများအတွက်လည်း ဟောပြောရာမှာ အထောက်အကူဖြစ်စေမယ့် အချက်များကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များကို ဦးတည်ဆွေးနွေးရာမှာ -

**မိမိ၏ထုတ်ကုန် ပစ္စည်းများကို စေတနာထား၍ ထုတ်လုပ်ကြရန်**

ထုတ်ကုန်များ ထုတ်လုပ်ကြရာမှာ စားသုံးသူများ အကျိုးဖြစ်ထွန်းပါစေ။ ဝမ်းဝကြပါစေ၊ အာဟာရပြည့်ဝကြပါစေ၊ မိမိ၏ထုတ်ကုန်ကြောင့် ဘေးအန္တရာယ် မကျရောက်ကြပါစေနဲ့ စသည်ဖြင့် စေတနာအပြည့်ထားပြီး ထုတ်လုပ်ကြရန်

# tNicpm:qan tyarykf

|armifarmif\ t;(\ idf)|

မှာကြားခဲ့ပါတယ်။

**ကုန်ကြမ်းပစ္စည်းသန့်သန့်များ၊ ခွင့်ပြုပစ္စည်းများကိုသာ အခြေခံအသုံးပြုပြီး ထုတ်လုပ်ကြရန်**

ထုတ်ကုန်ပစ္စည်းများ၏ မူလအခြေခံဖြစ်တဲ့ ကုန်ကြမ်းပစ္စည်းများ ရွေးချယ်အသုံးပြုရာမှာ အစားအသောက်တွင် သုံးစွဲခွင့်ပြုထားတဲ့ ပစ္စည်းများကိုသာ ရွေးချယ်စိစစ် အသုံးပြုရန် ဖြစ်ပါတယ်။

**ဓာတုဆေးများ၊ ခွင့်မပြုဆိုးဆေးများ၊ တားမြစ်ဆေးများ အသုံးပြုပြီး ကုန်စည်မထုတ်လုပ်ကြရန်**

စားသုံးသူများ၏ ကျန်းမာရေးကို အဓိကထိခိုက်စေမည့် ဓာတုဆေးများ၊ ခွင့်မပြုဆိုးဆေးများ၊ တားမြစ်ဆေးများကို လုံးဝ အသုံးမပြုဘဲ သဘာဝအတိုင်း ဖြစ်ပေါ်စေတဲ့ အရောင်အရသာများကိုသာ စားသုံးသူများနဲ့ ရင်းနှီးယဉ် ပါးအောင် ထုတ်လုပ်ကြရန်။

**ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် GMP နည်းစနစ်များအတိုင်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ကြရန်**

သို့မှသာ နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းဈေးကွက်များသို့ တက်လှမ်းရာမှာ အလေ့အကျင့်ကောင်းများ ရရှိမှာဖြစ်ပါတယ်။

**FDA Approved လက်မှတ်များရရှိအောင် ကြိုးပမ်းဆောင်ရွက်ထားရန်**

ယနေ့ခေတ်ဟာ အရေအတွက်ခေတ် မဟုတ်တော့ဘဲ အရည်အသွေးခေတ်ကို ရောက်ရှိနေပြီဖြစ်ရာ အဆင့်မီ၊ အရည်အသွေးမီ၊ အရည်အချင်းပြည့်ဝသော ကုန်ပစ္စည်းသာ ဝယ်လိုအားဈေးကွက်မှာ ကျန်ရစ်မှာဖြစ်ပါတယ်။ ဒါကြောင့် စားသုံးသူများရဲ့ ကျန်းမာရေးရှုထောင့်မှ ဘေးအန္တရာယ်မဖြစ်ကြောင်း အတည်ပြုတဲ့ FDA လက်မှတ်များ ရယူနိုင်တဲ့အဆင့်ရှိတဲ့ ထုတ်ကုန်များကိုသာ ရွေးချယ် ထုတ်လုပ်ကြရန် ဖြစ်ပါတယ်။

စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှာ စနစ်တကျ မှတ်ပုံတင်သတင်းပေးပို့ပြီး တရားဝင်လုပ်ငန်းအဖြစ် ဆောင်ရွက်သွားရန် ရှင်းလင်းတင်ပြ ခဲ့ပါတယ်။

**ကုန်ပစ္စည်းထုပ်ပိုးမှုနဲ့ သတင်းအချက်အလက်**

ကုန်ပစ္စည်းတွေကို စနစ်တကျ သပ်ရပ်စွာ ထုပ်ပိုးပြီး ကုန်ပစ္စည်းတွေရဲ့ သတင်းအချက်အလက် အပြည့်အစုံကို ပြည့်ပြည့်စုံစုံ ဖော်ပြသင့်ပါတယ်။

**ဈေးကွက်ရရှိရေးကိုသာ ဦးတည်ပြီး စားသုံးသူတို့မှာ ဖြစ်ပွားမယ့် ဘေးဥပဒ်အန္တရာယ်များကို လျစ်လျူရှုကာ ဖြတ်လမ်း၊ အလွယ်လမ်းမှန်သမျှ အသုံးမပြုရန်**

မိမိထုတ်ကုန်ပစ္စည်း၏ ဈေးကွက် ဝေစုပိုမိုရရှိရေးကို ဦးတည်ချက်ထားကာ စားသုံးသူတို့၏ ကျန်းမာရေး၊ ဘေးထွက်ဆိုးကျိုးများကို လျစ်လျူရှုပြီး ဖြတ်လမ်းနည်းလမ်းများ၊ အလွယ်လမ်းနည်းများ၊ မသမာသော နည်းလမ်းများ အသုံးပြု ထုတ်လုပ်ခြင်း မပြုကြရန် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

**မိမိတို့ထုတ်လုပ်သော စားသောက်ကုန်များကို မိမိတို့၏ မျိုးဆက်သား၊ သမီးများအား ကျွေးရတဲ့ အစားအသောက်များ ဖြစ်သည်အထိ စနစ်တကျ ထုတ်လုပ်ရန်**

လောကတွင် လူတို့အတွက် အရေးအကြီးဆုံးမှာ မိမိတို့၏ ဆွေမျိုးသားချင်း၊ သားရင်း၊ သမီးရင်းများ ဖြစ်ကြပါတယ်။ မိမိတို့ထုတ်လုပ်တဲ့ စားသောက်ကုန်တွေကို အရေးပါတဲ့ မိမိတို့ရဲ့ ရင်သွေးငယ် ဆွေမျိုးသားချင်းများကိုပါ စားသောက်ခွင့်ပြုနိုင်တဲ့ အစားအသောက်များကို ထုတ်လုပ်နိုင်ဖို့ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများမှာလည်း ဒီလိုမျိုးအသံတွေ ကြားရပါတယ်။ မြန်မာနိုင်ငံဈေးကွက်အတွက်သာ (Myanmar Market Only) ဆိုပြီး ထုတ်လုပ်တယ်လို့ သိရပါတယ်။ သူတို့ပြည်သူပြည်သားတွေနဲ့ ဈေးကွက်မှာ ဖြန့်ခွင့်မရှိအောင် ဥပဒေနဲ့ တားမြစ်ထားတယ်လို့ သိရပါတယ်။ ဒါတွေကိုလည်း တာဝန်ရှိသူများက တားဆီးရမှာပါ။

**ဈေးကွက်ရရှိရေးကိုသာ ဦးတည်ပြီး စားသုံးသူတို့မှာ ဖြစ်ပွားမည့် ဘေးထွက်ဆိုးကျိုး ဘေးဥပဒ်များကို လျစ်လျူရှုကာ ဖြတ်လမ်း၊ အလွယ်လမ်းမှန်သမျှ အသုံးမပြုကြရန်**

စားသောက်ကုန်ပစ္စည်း ထုတ်လုပ်သူများရဲ့ ရည်ရွယ်ချက်က ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ရရှိရေး၊ အရေအတွက်များများ ရောင်းချနိုင်ရေးပါပဲ။ အဲဒီလို ဆောင်ရွက်ရာမှာ စားသုံးသူတွေကို ဘေးဒုက္ခရောက်စေမယ့် ကျန်းမာရေး ထိခိုက်စေမယ့် ဖြတ်လမ်း၊ အလွယ်လမ်းမှန်သမျှ အသုံးမပြုဘဲ ဖြစ်ရိုးဖြစ်စဉ် သဘာဝနည်းလမ်းများကိုသာ အသုံးပြုထုတ်လုပ်ကြရန် နိုးဆော်ခဲ့ပါတယ်။

**မိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်းများကြောင့် စားသုံးသူများ နစ်နာမှုရှိလာပါက သက်ဆိုင်ရာ အငြင်းပွားမှုအဖွဲ့များနှင့် ပူးပေါင်းလိုက်နာဆောင်ရွက်ကြရန်**

စားသုံးသူတွေရဲ့ အခွင့်အရေးများကို နိုင်ငံတော်ကလည်း စိတ်ဝင်စားသလို ဌာနသီးခြားတစ်ခုဖွင့်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပို့ချဟောပြောနေတော့ စားသုံးသူများလည်း အသိဉာဏ်တွေ ပွင့်လင်းကာ အငြင်းပွားမှုတွေဟာ ရှေးယခင်က မရှိခဲ့ပေမယ့် နောက်ပိုင်းမှာ တိုင်ကြားမှုတွေ ရှိလာပြီး ဖြေရှင်းပေးရတာတွေ ရှိလာနိုင်ပါတယ်။ အဲဒီလိုအမှုကိစ္စမှာတော့ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်က အမြင်ကျယ်ကျယ်နဲ့ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ပါတယ်။

**စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ မိမိတို့ရဲ့ ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်ကသာမက နိုင်ငံတကာရှိ ပြည်ပ ဈေးကွက်များမှာပါ တိုးချဲ့ခြင်းဖြင့်** ပြည်ပဝင်ငွေအထိ မျှော်မှန်းရှာဖွေရန်၊

”

, aeaYcwf[ m ta&twGHcwf
r[kfawmbJ
t&nftao;@cwfuk
a&muf&Slyjzpf
tqifhD&nftao;GD
t&nftcsif;ynfhao
ukefypönfom0,fvkm;
aps;uGuf&Sufzpfw,f
'ga\uif.

ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းနဲ့လည်း သက်ဆိုင်ပါတယ်။ “ဘာပဲထုတ်ထုတ် ပြည်ပဈေးကွက်ဝင်အောင်ထုတ်” ဆိုသလိုပဲ ပြည်ပ ကုန်ပစ္စည်းများရဲ့ ဈေးကွက်ယှဉ်ပြိုင်စွမ်းအား၊ ထုပ်ပိုးပုံ၊ အရည်အချင်း သတ်မှတ်ချက်၊ အရည်အသွေး၊ စီးဆင်းမှုများကို လေ့လာရပါမယ်။ အနာဂတ်ရဲ့ နိုင်ငံတကာကုန်သွယ်မှုမှာ ကျွန်တော်တို့နိုင်ငံက ကုန်ကြမ်းသာထွက်တဲ့ နိုင်ငံကနေ ကုန်ချောဈေးကွက်အရလည်း လက်ကျန် ဈေးနှုန်းတွေ ရနိုင်ဖို့အတွက် အလေ့အကျင့်ကောင်းများ ရရှိဖို့အတွက် ဖြစ်ပါတယ်။

စစ်ကိုင်းသင်တန်းအပြီးမှာ စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ အပြန်အလှန်ပြန်လည် ဆွေးနွေးဖြစ်ကြပါတယ်။ အကျိုးလည်း ရှိပါတယ်။

အငြိမ်းစားယူလိုက်လို့ ငါတော့ စည်းဝိုင်းအပြင်ဘက်ရောက်သွားပြီလို့ ခံစားမိရင် ကာယကံရှင်ရဲ့ ကိုယ်ပိုင် ခံစားချက်အပေါ်မှာ မူတည်ပါတယ်။ ဂေါ်ဖီထုပ်၊ မုန်လာထုပ် အပယ်စတွေတောင်မှ တိရစ္ဆာန်အစာစိမ်းအဖြစ် အသုံးဝင်နေသေးရင် ပင်စင်စားတစ်ယောက်ကို အခုလို အရေးပေးအဆက်အဆံမပျက် လက်ခံနေခြင်းအတွက် မိခင်ဌာနကို အထူးကျေးဇူးတင်လျက် . . . . . ။

# ကင်ဆာရောဂါကို အနိုင်ယူခဲ့သည့် ခြေတစ်ဖက်မဲ့ လူငယ် လက်ဝှေ့ကစားသမားလေးအား ဗြိတိန်လက်ဝှေ့ကျော် အာမီယာခန်းတွေ့ဆုံအားပေး

ဗြိတိန်လက်ဝှေ့ကျော် အာမီယာခန်းသည် ၎င်း၏ပရိသတ်တစ်ဦးဖြစ်ပြီး ၎င်းအား လေးစားအားကျနေသည့် လူငယ်လက်ဝှေ့ ကစားသမားလေး ဘင်အိုဘရိုင်ယန်အားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြထားသည်။

ဘင်အိုဘရိုင်ယန်သည် ခြေတစ်ဖက်မဲ့ကစား သမားတစ်ဦးဖြစ်ပြီး တိုကျိုတွင်ပြုလုပ်မည့် ၂၀၂၀ မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။




အသက် ၁၃ နှစ်အရွယ်သာရှိသေးသည့် ဘရိုင်ယန်သည် အရိုးကင်ဆာဝေဒနာကို ခံစားခဲ့ရပြီးနောက် သူ၏ဘယ်ဘက်ခြေထောက်ကို ဖြတ်ပစ်ခဲ့ရသည်။ သို့သော်သူသည် စိတ်ပျက်အားငယ်ခြင်းမရှိဘဲ လက်ဝှေ့ကြိုးဝိုင်းတွင် အာမီယာခန်းနှင့်အတူ လေ့ကျင့်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် အာမီယာခန်းသည် ဘရိုင်ယန်အား ၎င်း၏မွေးရပ်ဖြစ်သည့် ရှက်ဖီးဒေသတွင် သွားရောက်တွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့သည့်အပြင် လက်ဝှေ့ထိုးသတ်သည့် နည်းလမ်းများကို သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော် အာမီယာခန်းကို တွေ့ရလိမ့်မယ်လို့ ဘယ်လိုမှ မထင်ခဲ့မိပါဘူး။ တံခါးကိုဖွင့်ပြီး ဝင်လာတဲ့သူ့ကို မြင်လိုက်တော့ ကျွန်တော့်ဆီကို လာနေတယ်လို့ မထင်မိဘူး။ သူတစ်ခုခုကို မြင်လို့ လာတယ်လို့ပဲထင်ခဲ့မိတာ။ တကယ်တမ်းကျွန်တော့်နားကို ရောက်လာတော့ ကျွန်တော်တကယ့်ကို အံ့ဩမိခဲ့တယ်။ ဒီလက်ဝှေ့ကျော်နဲ့ လက်ဝှေ့ထိုးသတ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ဘူး"ဟု ဘရိုင်ယန်က ပြောကြားခဲ့သည်။

ဘရိုင်ယန်ကို အာမီယာခန်း သာမက လိုက်ဝိတ်တန်းချန်ပီယံ အန်သိုနီကိုရိုလာလည်းလာ ရောက်တွေ့ဆုံခဲ့သည်ဟုဆိုသည်။

# ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေပေါင်သန်းငါးရာကျော်ရရှိသည့် ကလပ်အသင်းအဖြစ် မန်ယူရပ်တည်

ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေ ပေါင် ၅၁၅ ဒသမ ၃ သန်းရရှိခဲ့သဖြင့် ယူနိုက်တက်ကင်းဒမ်း ဘောလုံးအသင်းများအနက် ပထမဦးဆုံး ဝင်ငွေအများဆုံးရရှိသည့် အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် ၂၀၁၆ ခုနှစ်အတွင်း ပရီးမီးယားလိဂ်ချန်ပီယံမဖြစ်ခဲ့သော်လည်း အက်ဖ်အေဖလားကို ရယူနိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်ရာ ကုမ္ပဏီပေါင်း ၁၄ ခုက စပွန်ဆာစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ပြင် ရုပ်သံလွှင့်ခြင်းမှ ရရှိငွေများသည်လည်း တစ်ပွဲထက်တစ်ပွဲ တိုးတက်မြင့်မားလာခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် မရရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် မန်ယူအသင်း၏ ဝင်ငွေသည် ပေါင်သန်း ၅၄၀ ကျော်ရရှိရန် ခန့်မှန်းထားသည်ဟုဆိုသည်။

လက်ရှိတွင် မန်ယူအသင်းကို ဂျိုဆေးမော်ရင်ဟိုက အသင်း၏ မန်နေဂျာအဖြစ် ကိုင်တွယ်လျက်ရှိပြီး ပရီးမီးယားလိဂ်ဇယားတိုင်တွင် အဆင့်သုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဇွန် ၃၀ ရက်အထိ စာရင်းကောက်ယူမှုများအရ ၎င်း၏ဝင်ငွေမှာ ပေါင်သန်းငါးရာကျော်ရရှိခဲ့သော်လည်း စပိန်လာလီဂါပြိုင်ပွဲဝင် ဘာစီလိုနာအသင်းမှာမူ ဇူလိုင်လအထိ ဝင်ငွေ ပေါင်သန်း ၅၇၀ အထိရရှိခဲ့သည်ဟု ဆိုသည်။

"အခုလို ဝင်ငွေတွေ တိုးတက်ရရှိလာတာဟာ အသင်းရဲ့စီးပွားရေးလုပ်ငန်းတွေ အားကောင်းလာတယ်ဆိုတာကို ပြသတဲ့သဘောကို သက်ရောက်စေပါတယ်။ မန်ယူအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ကို ဝင်ခွင့်မရရှိခဲ့ပေမယ့် သူ့ရဲ့ဝင်ငွေကတော့ ထိပ်ဆုံးကို ရောက်ရှိခဲ့ပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် ချန်ပီယံလိဂ်ဝင်ခွင့်ရမှ အသင်းရဲ့ဝင်ငွေကောင်းတယ်ဆိုတဲ့ အသင်းတွေရဲ့ ယူဆချက်ကို ငြင်းပယ်လိုက်သလိုပါပဲ"ဟု မန်ယူအသင်း၏ ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝဲဒ်က ပြောကြားခဲ့သည်။

# ၂၀၁၇ ဘောလုံးရာသီတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုတော့မည့် ဇွဲကပင်အသင်း ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်မည်

လာမည့် ၂၀၁၇ ဘောလုံးရာသီတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုတော့ဟု အသင်း၏ တရားဝင်ဖေ့စ်ဘုတ်အကောင့်တွင် ရေးသားဖော်ပြခဲ့သည့် ဇွဲကပင်ယူနိုက်တက်အသင်းသည် ယခုအခါတွင် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ကော်မတီအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

"ကျွန်တော့်အနေနဲ့ မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ မြန်မာနေရှင်နယ်လိဂ် ပုံရိပ်တိုးတက်မြင့်မားရေးကို ရှေးရှုပြီး အခုပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်လိုက်တာပါ"ဟု ဇွဲကပင်အသင်းပိုင်ရှင်ဦးလှဌေးက ပြောကြားခဲ့သည်။

ဇွဲကပင်ယူနိုက်တက် အသင်းသည် မြန်မာနေရှင်နယ်လိဂ်ကော်မတီသို့ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အကြောင်းကို တရားဝင်စာဖြင့် အကြောင်းကြားထားခြင်း မရှိဘဲ အသင်း၏ ဖေ့စ်ဘုတ်မှတစ်ဆင့် ဖော်ပြခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ဇွဲကပင်ယူနိုက်တက်အသင်းသည် လာမည့် မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီတွင် ဘားအံမြို့၌ အိမ်ကွင်းအသုံးပြုနိုင်ရေးကိုပါ ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

# မနော်မြေအသင်းမှ နည်းပြများ၊ ကစားသမားများနှင့် ဝန်ထမ်းများအား MNL က ကရုဏာကြေးများ ပေးအပ်

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် အသင်းဖျက်သိမ်းခဲ့သည့် မနော်မြေအသင်းမှ နည်းပြများ၊ ကစားသမားများနှင့် ဝန်ထမ်းများအားကရုဏာကြေးအဖြစ် စက်တင်ဘာ ၁၅ ရက်က လစာငွေနှစ်လစာပေးအပ်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။



"ကျွန်တော်တို့ မပေးလည်းဖြစ်ပါတယ်။ ဒါက ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ထားတာဆိုတော့ အသင်းဥက္ကဋ္ဌမှာ တာဝန်အပြည့်ရှိပါတယ်။ ကျွန်တော်တို့က အသင်းဥက္ကဋ္ဌကိုယ်စားပေးတာလည်း မဟုတ်ပါဘူး။ လိဂ်ကော်မတီက နေရှင်နယ်လိဂ်ရဲ့ လိဂ်ရန်ပုံငွေထဲက စိုက်ထုတ်ပေးတာပါ။ လစာငွေမရဘဲနဲ့ တန်းတက်အောင်ကစားရုံမကဘူး။ လိဂ်-၂ဖလားပါရအောင် ကြိုးစားပေးခဲ့တဲ့ ကလပ်ကကစားသမားတွေ၊ နည်းပြတွေကိုလည်း ချီးကျူးချင်ပါတယ်။ လိဂ်ကနေ ဒီလိုလစာနှစ်လစာထုတ်ပေးပြီး သူတို့ကို ကျေအေးခိုင်းတာလည်း မဟုတ်ပါဘူး။ နေရှင်နယ်လိဂ် မိသားစုအချင်းချင်း ကူညီဖေးမတဲ့သဘောပါပဲ"ဟု မြန်မာနေရှင်နယ်လိဂ်၏ စီအီးအို ဦးစိုးမိုးကျော်က ပြောကြားခဲ့သည်။

အဆိုပါလစာကိစ္စနှင့်ပတ်သက်၍ မနော်မြေအသင်းမှ ကစားသမားများနှင့်ဝန်ထမ်းများမှာ ယခုနှစ်နေရှင်နယ်လိဂ်ရာသီဒုတိယပိုင်းမှ စတင်ကာ လစဉ်မှန်မှန် မရရှိခဲ့ကြောင်း၊ အသင်းဖျက်သိမ်းမည့်ကိစ္စကိုလည်း ကြိုတင် သိရှိထားခြင်းမရှိကြောင်း မနော်မြေအသင်း၏ မီဒီယာတာဝန်ခံ ကိုအေးဇော်က ပြောကြားခဲ့သည်။

ထို့ပြင် မနော်မြေအသင်း၏စီအီးအို ဦးဖြိုးသီဟထွန်းကလည်း"ကျန်တဲ့ နစ်နာကြေး တစ်လစာကို လာမယ့် အောက်တိုဘာ ၁၀ ရက်မှာ နောက်ဆုံးပေးနိုင်အောင် ကြိုးစားပေးမှာပါ။ အခုလောလောဆယ် အသင်းဥက္ကဋ္ဌနဲ့ အဆက်အသွယ် မရသေးပါဘူး"ဟု လက်ကျန်နစ်နာကြေး တစ်လစာနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည့် နစ်နာကြေးပေးအပ်မှုတွင် လူကြီးအသင်းမှ ကစားသမား ၂၄ ဦး၊ လူငယ်အသင်းမှ ၂၂ ဦး၊ နည်းပြ အဖွဲ့နှင့် အခြားဝန်ထမ်း ၁၀ ဦး စုစုပေါင်း ၆၅ ဦးရှိကြောင်း သိရသည်။

ကစားသမားများ၏ လစာမှာ လူကြီးအသင်းမှ ကစားသမားများမှာ ကျပ် သုံးသိန်းမှ ငါးသိန်းအထိ ရရှိကြပြီး လူငယ်အသင်းမှ ကစားသမားများမှာမူ ကျပ်ငါးသောင်းစီရရှိကြသည်။

# ဇေယျာရွှေမြေအသင်းမှ နည်းပြနှင့် ကစားသမားများအား အသင်းမှထွက်ခွာခွင့်ပြုကြောင်း တရားဝင်ထုတ်ပြန်ကြေညာ

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ဆုံးဖြတ်ချက်ကြောင့် အသင်းမှ ပိုင်ဆိုင်သည့် မုံရွာအားကစားကွင်းကို ပြန်လည်ပေးအပ်လိုက်ရပြီးနောက် အသင်းကိုပါ ပြန်လည်အပ်နှံခဲ့သည့် ဇေယျာရွှေမြေအသင်းသည် အသင်းမှ နည်းပြများနှင့် ကစားသမားများအား ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်က အသင်း၏တရားဝင်ဖေ့စ်ဘုတ်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်တွင် ဇေယျာရွှေမြေဘောလုံးအသင်းအနေဖြင့် အသင်း၏အိမ်ကွင်း(မုံရွာဘောလုံးကွင်း)အား [စစ်ကိုင်းတိုင်းဒေသကြီး] ပြန်လည်အပ်နှံရေး ကိစ္စကို ဆွေးနွေးအတည်ပြုခဲ့ကြောင်း၊ အဆိုပါ အတည်ပြုချက်ကြောင့် အသင်းအား ငွေအား စိတ်အားများ ရင်းနှီးပြီး အပင်ပန်းခံ လုံးပန်းခဲ့သည့် အသင်းပိုင်ရှင်များအနေဖြင့် ကောင်းကျိုးထက် ဆိုးကျိုးရလဒ်များသာ ရရှိခဲ့ပါသဖြင့် ဇေယျာရွှေမြေဘောလုံးအသင်းနှင့် အသင်းမှ အသုံးပြုခွင့်ရရှိထားသည့် ဘောလုံးကွင်းများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ ဇေယျာရွှေမြေဘောလုံးအသင်းတွင် စိတ်အားလူအင်အားတို့ဖြင့် ပါဝင်ခဲ့ကြသော ဘောလုံးနည်းပြ/ကစားသမားများ အနေ ဖြင့် ဘောလုံးလောကတွင် ဆက်လက်ပါဝင်ယှဉ်ပြိုင်နိုင်ရန် သင့်တော်သော ဘောလုံးအသင်းများတွင် ပြောင်းရွှေ့ကစားနိုင်ကြကြောင်း၊ တခြားကလပ် အသင်းများသို့ ပြောင်းရွှေ့နိုင်ခြင်း မရှိသေးပါကလည်း စာချုပ်သက်တမ်း ကုန်သည်အထိ ဇေယျာရွှေမြေ ဘောလုံးအသင်းမှ လစာနှင့် ခံစားခွင့်များကို စာချုပ်ပါအတိုင်း ခံစားခွင့်ပြုထားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဇေယျာရွှေမြေအသင်းသည် စစ်ကိုင်းတိုင်းကိုယ်စားပြုအသင်းဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ် စတင်ပေါ်ပေါက်ခဲ့သည့် ၂၀၀၉ ခုနှစ်မှစတင်ကာ ဖွဲ့စည်းယှဉ်ပြိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်မတိုင်မီက စီးပွား/ကူးသန်းဝန်ကြီးဌာန ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းတစ်သင်းလည်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည့် အသင်းကောင်းတစ်သင်းဖြစ်သည်။



## မကွေးမြို့၊ စစ်မှုထမ်းဟောင်းသင်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၅ ရက်က မကွေးတိုင်း စစ်မှုထမ်းဟောင်း သင်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပခဲ့ရာ သင်တန်းဆရာများနှင့် သင်တန်းသား ၅၀ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးများ အကြောင်း၊ တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်ငါးခရိုင်တွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုအပိုင်းနှင့် စပ်လျဉ်း၍ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ တံဆိပ်၊ ပါဝင်သည့် ပစ္စည်းအမျိုးအမည်၊ ထုတ်လုပ်သူ၏ လိပ်စာနှင့် FDA ထောက်ခံချက် ပါရှိမှသာ ဈေးကွက်အတွင်း ရောင်းချခွင့်ရှိမည်ဖြစ်ပါကြောင်း၊ အချိုမှုန့် ကွမ်းစားခြင်း အန္တရာယ်၊ ချက်အရက်၊ ဆေးလိပ်သောက်သုံးခြင်း၏ အန္တရာယ်များ၊ ပလပ်စတစ်၊ ဖော့ဗူးတို့၏ အန္တရာယ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ၂၀၁၃ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအထိ FDA မှ ထုတ်ပြန်ထားသည့် စားသုံးရန် မသင့်သော အစားအသောက်များကို ဓာတ်ပုံများနှင့်တကွ ရှင်းပြပြီး ပိုးသတ်ဆေးနှင့် ဟော်မုန်းဆေးများကြောင့် ဇီဝကမ္မ ပြောင်းလဲမှု မှတ်တမ်း ဗွီဒီယိုအား ပြသခဲ့ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင်(မကွေး)**

## စစ်ကိုင်းတိုင်းဒေသကြီး၌ စားသုံးသူ အကာအကွယ်ပေးရေး သင်တန်းဖွင့်လှစ်

မြန်မာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ဂျာမနီ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ EU-GIZ ၏ အကူအညီဖြင့် စားသုံးသူ ရေးရာဦးစီးဌာန၏ “စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရန်” ဆိုသည့် မျှော်မှန်းချက်နှင့်အညီ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်စေရန် ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး သင်တန်းကို မုံရွာမြို့ရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်များမှ စုစုပေါင်း သင်တန်းသား ၅၀ဦး တက်ရောက်ခဲ့ပါတယ်။



သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်ရုံးချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် - ၁ ဦးအောင်မောင်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ပိုမိုပြည့်စုံထိရောက်စေရန် ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိသော်လည်း ယခင်ဥပဒေသည် လိုက်နာကျင့်သုံးရ မည့် ဥပဒေပင်ဖြစ်ကြောင်း၊ မဟာဗျူဟာကျစွာရေးဆွဲထားသည်ကို တိုင်းဒေသကြီး၊ ပြည် နယ်များသို့ ချပြမည်ဖြစ်ကြောင်း၊ Training For Trainer ဖြစ်ရန် သင်တန်းသားများက ပြန်လည် မျှဝေပေးနိုင်အောင် ကြိုးစားစေလိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေ ဘောင်ထက် မကျော်လွန်ဘဲ ဥပဒေအတိုင်း လေးစားလိုက်နာမှသာ အန္တရာယ်ကင်းမည်ဖြစ်ကြောင်း၊ စည်းစနစ်နှင့် မူဘောင်အတွင်းက ဆောင်ရွက်ကြရန် ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ စစ်ကိုင်းတိုင်းဒေသကြီး FDA မှ ပညာရှင် ဆရာ၊ ဆရာမများက နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စီးပွားရေး မူဝါဒများ၊ နိုင်ငံတော်၏ စီးပွားရေး မူဝါဒ ၁၂ ရပ်မှ ကုန်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နေသည့် စီးပွားရေးမူဝါဒ ရှစ်ရပ်အကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီနှင့် ဗဟိုကော်မတီရုံး ဖွဲ့စည်း ဆောင်ရွက်မှုများ မြန်မာနိုင်ငံတွင် စား သုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ အာဆီယံနိုင်ငံအချို့၏ စားသုံးသူတိုင်တန်းမှုနှင့် အရေးယူ ဆောင်ရွက်မှုနည်းလမ်းများ၊ အာဆီယံနိုင်ငံများနှင့် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်နှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်၊ မူဝါဒရေးရာနှင့် စီမံကိန်း စာရင်းအင်းရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ Product Safety and Point to be Trademarks အကြောင်း စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချပေးခဲ့ပါတယ်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား အုပ်စုသုံးစုခွဲ ကာ စားသောက်ကုန်ပစ္စည်း ဝယ်ယူခြင်း၊ ပြည်တွင်းထုတ် အိမ်သုံးလျှပ်စစ်ပစ္စည်း (မီးအားမြှင့်စက်) ဝယ်ယူခြင်းနှင့် ဟိုတယ် ဝန်ဆောင်မှုများကြောင့် စားသုံးသူ နစ်နာခြင်းဟူသော ခေါင်းစဉ်သုံးခုဖြင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လက်တွေ့ ဖြေရှင်း ဆောင်ရွက်ပုံ လုပ်ငန်းအဆင့်ဆင့်ကို လက်တွေ့ သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် (မုံရွာ)**

## မန္တလေးတိုင်းဒေသကြီးတွင် စက်တင်ဘာ ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

မန္တလေးတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ဈေးများနှင့် ရပ်ကွက်၊ ကျေးရွာများ၌ စက်တင်ဘာလ ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြော ဆွေးနွေးပွဲများအား မန္တလေးခရိုင်တွင် လေးကြိမ်၊ မြင်းခြံခရိုင်တွင် လေးကြိမ်၊ ကျောက်ဆည်ခရိုင်တွင် လေးကြိမ်၊ မိတ္ထီလာခရိုင်တွင် နှစ်ကြိမ်၊ စုစုပေါင်း ၁၄ ကြိမ် ကျင်းပပြုလုပ်ရန် လျာထားခဲ့ရာ မန္တလေးခရိုင်တွင် စက်တင်ဘာ ဒုတိယပတ်အတွင်း မဟာအောင်မြေမြို့နယ်၊ စိန်ပန်းဈေး၊ ချမ်းအေးသာစံမြို့နယ်၊ အ. ထ. ကခွဲ(၂၇)၊ အောင်မြေ သာစံမြို့နယ်၊ အ. ထ. က(၂၁)ကျောင်းများနှင့် ဈေးများတွင် ဟောပြောပွဲများ ကျင်းပခြင်း၊ ကွင်းဆင်းစစ်ဆေးများ ကျင်းပခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဥပဒေချုပ်ရုံး၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူအသီးသီးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ အန္တရာယ်ရှိ စားသောက်ကုန်များ၊ ဆိုးဆေးများ၏ အန္တရာယ်များ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေပါ အချက်အလက်များ၊ အစားအသောက်များကို ချက်ပြုတ် စားသောက်ရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်း အာနိသင်လျော့နည်းအောင် ဆောင်ရွက်သင့်သည့် အချက်များ၊ ကျန်းမာရေးနှင့် ညီညွတ်မျှတတဲ့ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများအား ရွေးချယ်ဝယ်ယူစားသုံးရန် အသိပညာပေး ရှင်းလင်း ဟောပြော ဆွေးနွေးခဲ့ပါတယ်။

အခမ်းအနားအပြီးတွင် ပူးပေါင်းအဖွဲ့တို့သည် ဈေးဆိုင်ခန်းများနှင့် ကျောင်းမုန့်ဈေးတန်းများတွင် လုံခြုံစိတ်ချရမှုမရှိသော ပစ္စည်းများ၊ အစားအသောက်များ ရောင်းချခြင်းမပြုရန်နှင့် ဘေးကင်း လုံခြုံမှုရှိသော ပစ္စည်းများနှင့် အစားအသောက်များကိုသာ ရွေးချယ် ရောင်းချတတ်စေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်တင်ခိုင် (မန္တလေး)**

## ပြည်မြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးနှင့် ပြည်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများပူးပေါင်း၍ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်မြို့နယ်၊ အထက(ခွဲ) တပ်နယ်ကျောင်း တွင်လည်းကောင်း၊ စက်တင်ဘာ ၆ ရက်နေ့တွင် ခေတ္တရာမြို့သစ်ဈေး၌လည်းကောင်း၊ စက်တင်ဘာ ၇ ရက်နေ့တွင် ခေတ္တရာမြို့သစ်ရပ်ကွက်၌လည်းကောင်း၊ စက်တင်ဘာလ ၈ ရက် နေ့တွင် ပြည်မြို့နယ် အလက(ခွဲ)တပ်မတော်ကျောင်း၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုင်ရာ သိကောင်းစရာများ၊ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ စားသုံးရန်မသင့် သည့်အစားအသောက်များတွင် ပါဝင်သောတားမြစ်ဆိုးဆေး များအကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဌာနမှ အသိပေးထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် ကုန်အမှတ်တံဆိပ်များနှင့်အစားအသောက်များ၊ အလှကုန်ပစ္စည်းများအကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောခဲ့သလို ဈေးများတွင်လည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်ပြီး ၎င်းနေရာအသီးသီးတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဟောပြောပွဲများသို့ သက်ဆိုင်ရာ ကျောင်းအသီးသီးမှ ဆရာ၊ ဆရာမ ၄၈ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၆၉ ဦးနှင့်ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

**ခင်ဆွေဝင်း**

## ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စာသင်ကျောင်းများတွင် စားသုံးသူရေးရာဟောပြောပွဲများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၏ ကြီးကြပ်မှုအရ ယင်းမာပင် ခရိုင်၊ ပုလဲမြို့နယ်ရှိ စာသင်ကျောင်းများနှင့် ကျေးရွာများတွင် စားသုံးသူရေးရာ ဟောပြောပွဲများ လျာထားချက်ထက် ကျော်လွန်အောင် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းမာပင်ခရိုင်၊ ခရိုင် ဦးစီးမှူး ဦးသန်းပို၏ ကြီးကြပ်မှုဖြင့် ပုလဲမြို့နယ် တာဝန်ခံ ဦးကိုကိုဦး ဦးဆောင်၍ ဦးစွမ်းရည်၊ ဒေါ်သူဇာကျော်၊ ဒေါ်သီတာခိုင် တို့ အဖွဲ့သည် စက်တင်ဘာ ၂ ရက်တွင် နွယ်ရှောက်ကျေးရွာ အလက (ခွဲ)နှင့် လက်ပုကန်ကျေးရွာ အလက (ခွဲ) တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် ရွာသစ်ကျေးရွာ အမက နှင့် ဇီးဖြူကုန်းကျေးရွာ အမက၊ ပုထိုးသာ ကျေးရွာ အလက(ခွဲ) တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၇ရက်တွင် အင်ကြင်းစု ကျေးရွာ အလက(ခွဲ)နှင့် စက်တင်ဘာ ၈ ရက်တွင် ရွာသာနှင့် လိန်ကုန်း ကျေးရွာတို့တွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲ များကို ကျင်းပနိုင်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် ကျန်းမာရေး ဝန်ကြီးဌာနမှ တားမြစ်ထားသော ခွင့်မပြု ဓာတုဆိုးဆေးများ ပါဝင်သည့် အစားအသောက်စာရင်း၊ ရေသန့် စာရင်း၊ စံမညီ မြေပဲဆီများ စာရင်းကို ဖြန့်ဝေပေးခဲ့ပြီး ၎င်းစာရင်းတွင် ပါဝင်သည့် တံဆိပ်များကို ဝယ်ယူရာတွင် သတိထားပြီး ဝယ်ယူကြရန် မျက်စိနှင့် ဈေးမဝယ်ဘဲ ဦးနှောက်နှင့်သာ ရွေးချယ်ဝယ်ယူရန်၊ လတ်ဆတ် သန့်ရှင်းသော အသီးအရွက်နှင့် အသား၊ ငါးများကိုသာ ဝယ်ယူရန်၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ပါရှိပြီး ထုတ်ကုန်လုံခြုံစိတ်ချမှုရှိသော အာမခံချက်ရှိသော မုန့်မျိုးစုံ၊ အစားအသောက်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း မျိုးစုံကိုသာ ရွေးချယ်ဝယ်ယူ စား သောက်သုံးစွဲကြရန်၊ နောင်တစ်ချိန် တွင် မျက်စိမှိတ် ပြီး ဈေးဝယ်ထွက်လို့ ရသည်အထိ မိမိတို့ ဌာနအနေဖြင့် ဆက်လက်ပြီး စားသုံးသူ အကာအကွယ် ပေးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးဟောပြော ခဲ့ပါသည်။ ဆွေးနွေးဟောပြောပွဲများသို့ ဆရာ၊ ဆရာမ ၄၉ဦး၊ ကျောင်းသား၊ ကျောင်းသူ ၉၀၅ဦး၊ ဈေးသည် ၅ဦး၊ လေ့လာသူ ၈၁ဦး၊ စုစုပေါင်း ၁၀၄၀ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ယင်းမာပင်)**

## ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကျင်းပ



ရှမ်းပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးခွန်ကျော်ဌေး ဦးဆောင်သော အဖွဲ့သည် စက်တင်ဘာ ၆ရက်တွင် ကလောမြို့နယ်၊ လမိုင်း ကျေးရွာ အလက(ခွဲ)နှင့် အင်းပြင် ကျေးရွာ အလကတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ဟဲဟိုးမြို့ အင်းခေါင်း ကျေးရွာအထကနှင့် ဝါးရုံ ပင်ကျေးရွာ အလကတို့တွင်လည်း ကောင်း၊ စက်တင်ဘာ ၈ ရက်တွင် ကလောမြို့နယ် လမိုင်း ကျေးရွာနေ တောင်ရိုးတိုင်းရင်းသားများအား လည်း ကောင်း၊ စက်တင်ဘာ ၁၀ရက်တွင် ဟဲဟိုးမြို့၊ အထက(၄)နှင့် ကျောက်ထပ် ကျေးရွာ အလက(ခွဲ)တို့တွင် လည်း ကောင်း စားသုံးသူ အကာအကွယ် ပေး ရေးဆိုင်ရာ အသိပညာပေး ဟောပြော ပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

လမိုင်းအလကခွဲတွင် ကျင်းပ သော ဟောပြောပွဲတွင် လူအင်အား ၂၅၈ ဦးခန့်နှင့် အင်းပြင်အလကတွင် ကျင်းပသော ဟောပြောပွဲတွင် လူအင် အား ၃၃၁ဦးခန့်၊ အင်းခေါင်း အထက တွင် ကျင်းပသော ဟောပြောပွဲတွင် လူအင်အား ၅၁၄ ဦးနှင့် ဝါးရုံပင်ကျေးရွာ အလကတွင် ကျင်းပသော ဟောပြောပွဲ တွင် လူအင်အား ၂၈၈ ဦး၊ ကလောမြို့ နယ်၊ လမိုင်းကျေးရွာတွင် ပြုလုပ်သော ဟောပြောပွဲသို့ လူအင်အား ၇၀ခန့်၊ ဟဲဟိုးမြို့ အထက(၄)တွင် ကျင်းပသော ဟောပြောပွဲသို့ လူအင်အား ၄၅၈ ဦးနှင့် ကျောက်ထပ် ကျေးရွာ အလက (ခွဲ)သို့ လူအင်အား ၃၂၂ဦးတို့ အသီး သီး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါ သည်။

အဆိုပါ ဟောပြောပွဲများတွင် ဦးခွန်ကျော်ဌေးက စားသုံးသူ အကာ အကွယ်ပေးရေးဥပဒေ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုနှင့် ဝန်ဆောင်မှုများအကြောင်း ကိုလည်းကောင်း၊ ဒေါ်ငြိမ်းငြိမ်းထွေးက စားသုံးရန် မသင့်သော စားသောက်ကုန် နှင့် မုန့်ပဲသရေစာများ အကြောင်းကို လည်းကောင်း၊ ဦးတင်ဌေးက ဓာတုဆိုး ဆေးများ အကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြပြီး ဟောပြောပွဲအပြီး တွင် ဦးခွန်ကျော်ဌေးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ် များနှင့် လက်ကမ်း စာစောင်များအား သက်ဆိုင်ရာ အကြီးအကဲများထံသို့ ပေးအပ်ခဲ့ပါသည်။

ဟောပြောပွဲ တက်ရောက်လာသူ များကလည်း စိတ်ပါဝင်စားစွာဖြင့် မိမိ တို့ သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**ထူးဗိုလ် (တောင်ကြီး)**

## အထက(၆)အလုံ၊ အနန္တပညာခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ တာဝန်ရှိသူဝန်ထမ်းများ၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန် ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီး ဌာနတို့ ပူးပေါင်း၍ စက်တင်ဘာလ ၁၄ ရက် ကအလုံမြို့နယ်၊ အမှတ် (၆) အခြေခံပညာအထက် တန်းကျောင်း၊ အနန္တပညာ န်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရပါ တယ်။



ဟောပြောဆွေးနွေးပွဲတွင် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၆)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်နီနီမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ် ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာစုမြတ်ဖြူက စားသုံးသူအကာအကွယ် ပေးရေးအတွက် ဌာနမှလုပ်ဆောင်ပေးနေမှုများ၊ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ သက်တမ်းလွန်နေသော အစားအသောက်၊ အသုံး အဆောင်များကို မသုံးစွဲရန်တို့ကို ဟောပြောဆွေး နွေးပြီး၊ အလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်မြင့်မြင့်နွယ်က ကျောင်းမုန့်ဈေးတန်း ရောင်းချသူများကို ရုံဖန်ရံခါ စစ်ဆေးနေမှု၊ လေထိုးမုန့်များ၊ မစားသင့်သော အစားအစာများနှင့် ပြန်ကြော်ဆီ အန္တရာယ်များ အကြောင်း၊ အိမ်သာသန့်၊ ရေသန့်၊ လက်သန့်နှင့် အစာသန့်များအကြောင်း၊ အစာအုပ်စုကြီးသုံးခုနှင့် ညီညွတ်အောင်စားသောက်သင့်ကြောင်း၊ ယခု အချိန်တွင် ခြင်ကြားကိုက်ခြင်းကြောင့် ဖြစ်ပွား သည့် ဇီကာဗိုင်းရပ်စ်ရောဂါသည် လူကြီးလူငယ် မရွေးဖြစ်ပွားနိုင်သဖြင့် ဂရုပြုနေထိုင်ရန်တို့ကို အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်တို့က စားသုံးသူအကာအကွယ် ပေးရေးဥပဒေ ပေါ်ပေါက်လာပုံနဲ့ စားသုံးသူ အခွင့်အရေး၊ တာဝန်နဲ့ စီးပွားရေးလုပ်ငန်းရှင် များ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက် များ၊ အညွှန်းတွင် မြန်မာလိုရေးသားထားမှုရှိတဲ့ စားသောက်ကုန်နဲ့ အလှကုန်ဆေးဝါးတို့ကို အသိ၊ သတိနှင့်ယှဉ်ပြီး ဝယ်ယူစားသောက်သုံးစွဲရမည်ဖြ စ်ကြောင်း၊ မိမိတို့ဝယ်ယူစားသောက်သုံးစွဲမည့် အစားအသောက်၊ အသုံးအဆောင်များကို ဦးနှောက်နဲ့ ဝယ်ယူသုံးစွဲရန်နဲ့ ဘေးဥပဒ်အန္တရာယ် ကင်းမည့် အစားအသောက်များကို ဝယ်ယူ သုံးစွဲ ရန်တို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနဲ့ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အလုံ မြို့နယ်၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ တာဝန် ရှိသူများ၊ အထက (၆) အလုံမြို့နယ်မှ ကျောင်း အုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား/ သူများ စုစုပေါင်း ၂၆၀ ခန့် တက်ရောက်ခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူးရုံးအနေဖြင့် ကွပ်ကဲမှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ကိုးနေရာ၊ အနောက်ပိုင်းခရိုင် တွင် ကိုးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၇ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၅ နေရာတို့၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ များ ဟောပြောဆွေးနွေးပွဲများနဲ့ အသိပညာပေး ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါ တယ်။

**တင်မမ (စားသုံးသူ)ရန်ကုန်**

# ရွေးချယ်စရာ သဘာဝအလှနှင့် wpfPtvS

|မောင်ပုသိမ်|

သဘာဝအလှဆိုတာကတော့ သဘာဝတရားက လူသားတို့အတွက် ထာဝရဖန်တီးပေးထားတဲ့ အရာတစ်ခုပါ။ တစ်ခဏအလှဆိုတာကတော့ လူတို့ရဲ့ မျက်စိပသာဒကို ဆွဲဆောင်နိုင်စေဖို့ ရည်ရွယ်ပြီး ခေတ်မီနည်းစနစ်မျိုးစုံနဲ့ဖန်တီးထားတဲ့ အရာအားလုံးကို ဆိုလိုပါတယ်။

လူတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝတရားက ဖန်တီးပေးထားတဲ့ သဘာဝအလှဟာ လူတို့အတွက် အဖိုးမဖြတ်နိုင်ပေမယ့် အဲဒီသဘာဝတရားဟာ လူတို့ရဲ့မဆင်မခြင် ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းမှုမှာ အားနည်းလာခဲ့တာကြောင့် တဖြည်းဖြည်းလျော့နည်းလာပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်တွေ မြင့်တက်လာခဲ့ရပါတယ်။ အဲဒီအချက်တွေကြောင့် သဘာဝတရားကို လွန်ဆန်ပြီး စရိတ်သက်သာ အချိန်လည်းသက်သာတဲ့ ခေတ်မီနည်းစနစ်တွေ အသုံး ပြုလာခဲ့ကြပါတယ်။

အဲဒီလိုအသုံးပြုရာမှာ မသမာသူဝိသမသမားတစ်စုကြောင့် စားသုံးသူတွေဟာ တစ်ခဏတာအလှတရားရဲ့ ဝဲဂယက်မှာ နစ်မျောခဲ့ရပါတယ်။ အဲဒီတစ်ခဏတာအလှတရားဆိုတဲ့ ဆိုးဆေးသံသရာ ဝဲဂယက်အောက်မှာ ပိုမိုခံစားကြရတာကတော့ မသိနားမလည်တဲ့ ကလေးသူငယ်တွေ၊ ဆင်းရဲနွမ်းပါးသူတွေနဲ့ အလွယ်လမ်းကို လိုက်ကြသူတွေပါပဲ။

တစ်ခဏတာ အလှတရားဆိုတဲ့ ဓာတုဗေဒဆိုးဆေးပါတဲ့ အစားအသောက်တွေကို ဘာကြောင့်မထုတ်လုပ်သင့်၊ မစားသင့်ပါသလဲ။ ဆိုးဆေးနဲ့ပတ်သက်ပြီး သိရှိထားတာလေးတွေကို ဝေမျှပေးလိုက်ပါတယ်။

ဆိုးဆေးဆိုတာကတော့ အစားအသောက်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းတို့မှာ အမြင်အားဖြင့် မျက်စိပသာဒဖြစ်စေရန် ပြုလုပ်သုံးစွဲထားတဲ့အရာဖြစ်ပါတယ်။ ဒါကြောင့် ဆိုးဆေးအန္တရာယ် ကို စားသုံးသူများ သတိပြုကာကွယ်ဖို့ အထူးလိုအပ်ပါတယ်။ အစားအသောက်ဆိုးဆေးများမှာ သဘာဝဆိုးဆေး(Natural Food Dyes) နဲ့ ဓာတုဆိုးဆေး (Artificial Dyes) လို့နှစ်မျိုးပါ ရှိပါတယ်။ သဘာဝဆိုးဆေးဆိုတာကတော့ သဘာဝအပင်များမှဖြစ်စေ၊ အသီးအပွင့်တို့မှဖြစ်စေ ထုတ်လုပ်ထားသဖြင့် လူတို့ကိုအန္တရာယ်ဖြစ်စေနိုင်မှုနည်းပါးပါတယ်။ ဒါပေမယ့်လည်း ထုတ်လုပ်ရန်ခက်ခဲခြင်း၊ ကုန်ကျစရိတ် များပြားခြင်းတို့ကြောင့် သဘာဝဆိုးဆေးကို အသုံးမပြုကြဘဲ ဓာတုဆိုးဆေးတို့ကိုသာ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်များက အစားထိုးအသုံးပြုလာကြတာကို တွေ့ရှိရပါတယ်။ ဒါပေမယ့် လူတို့ဖန်တီးပြုလုပ်ထားတဲ့ ဓာတုဆိုးဆေးများ၌လည်း အစားအသောက်မှာ အတိုင်းအဆဖြင့် သုံးစွဲရန်ခွင့်ပြုထားတဲ့ ဆိုးဆေးများရှိသလို အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုထားတဲ့ ဆိုးဆေးများလည်းရှိပါတယ်။

မြန်မာနိုင်ငံမှာ အများဆုံးတွေ့ရှိရတဲ့ အစားအသောက်တွေမှာ သုံးစွဲခွင့်မပြုတဲ့ ဆိုးဆေးများမှာ Auramine O , Rhodamine B , Sudan Dyes , Orange II တို့ဖြစ်ကြပါတယ်။ Auramine O (အဝါရောင်) ကို ချည်၊ သိုးမွှေး၊ ပိုးထည်၊ စက္ကူသားရေများကို အရောင်ဆိုးရာမှာ အသုံးပြုကြပါတယ်။ ဒါကိုလုပ်ငန်းရှင်များအနေနဲ့ လက်ဖက်များမှာ အများဆုံးအသုံးပြုကြတာကိုတွေ့ရှိရပြီး အဆိုပါ ဆိုးဆေးမှာ လတ်တလောတွင် အဆိပ်အတောက်မဖြစ်စေနိုင်သော်လည်း ရေရှည်တွင် ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ အသည်းနှင့်ကျောက်ကပ်များ ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါတယ်။ Rhodamine B (အနီရောင်) သည် ရောဂါများ ရှာဖွေရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံး ဆိုးဆေးတစ်မျိုးဖြစ်ကာ ချည်၊ သိုးမွှေး၊ ပိုးထည်၊ စက္ကူ၊ သားရေများကို အရောင်ဆိုးရာမှာလည်း အသုံးပြုကြပါတယ်၊ ထို့ပြင် ငါးပိများကို အညိုရောင်မှပန်းရောင်အဖြစ် အမြင်လှစေရန် အဓိက အသုံးပြုလျက်ရှိပါတယ်၊ ၎င်းဆိုးဆေးမှာ အစာအိမ်လမ်းကြောင်း ယောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်းစသော လတ်တလောဆိုးကျိုးများကို ဖြစ်ပေါ်စေပါတယ်။ Sudan Dyes (အနီရောင်) ဆိုးဆေးသည် ဖိနပ်၊ သားရေများတွင် အရောင်ဆိုးသောဆိုးဆေးဖြစ်ပြီး၊ ငရုပ်သီးမှုန့်၊ အရောင်တင်မှုန့်များတွင် အများဆုံးအသုံးပြုကြောင်း တွေ့ရှိရပါတယ်။ ၎င်းဆိုးဆေးသည် အသည်းကို အဆိပ်အတောက်ဖြစ်စေပြီး ကျောက်ကပ်ပျက်စီးခြင်းများကို ဖြစ်ပေါ်စေနိုင်ပါတယ်။ Orange II (လိမ္မော်ရောင်) ဆိုးဆေးသည် ငရုပ်သီးမှုန့်၊ ယိုစုံ၊ ပဲနီလေး စသည်တို့ကို အရောင်လှစေရန် အသုံးပြုလျက်ရှိပြီး အစာအိမ်အူလမ်းကြောင်း ယောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်း ခြင်းစတဲ့ လတ်တလောဆိုးကျိုးများကိုဖြစ်ပေါ်စေပါတယ်။

ဆိုးဆေးများဟာ အမြင်အားဖြင့် မျက်စိပသာဒဖြစ်စေသည်မှလွဲ၍ မည်သည့်အာဟာရမျှ ပါဝင်ခြင်းမရှိဘဲ စားသုံးသူ၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည့် ဆိုးကျိုးများသာရှိပါတယ်။ ဆိုးဆေးပါသည့် အစားအသောက်သည် နဂိုရှိသင့်သည့် အရောင်ထက် ပိုမိုတောက်ပကာ စားချင့်စဖွယ် ဖြစ်နေတတ်ပါတယ်။ စားသုံးသူများအနေနဲ့ အမြင် တစ်ခဏအလှအတွက် မိမိတို့တစ်ဘဝနှင့်မလဲ သင့်ပါ။ မိမိတို့နှင့်အတူ မျိုးဆက်သစ်ကလေးများအတွက် ဆိုးဆေးပါဝင်သော အစားအသောက်များဟာ အန္တရာယ်ရှိတဲ့အတွက် အဓိက ရှောင်ကြဉ်ရမယ့်အရာများပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက အဆိုပါဆိုးဆေးများကို အစားအသောက်များမှာ ထည့်သွင်းအသုံးမပြုဖို့ တားမြစ်ထားသလို ထည့်သွင်းအသုံးပြုတာကို စစ်ဆေးတွေ့ရှိပါကလည်း အမျိုးသားအစား အသောက်ဥပဒေပုဒ်မ ၂၈ (က) အရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

စားသုံးသူတွေအနေနဲ့ မိမိရဲ့အသိသတိနဲ့ ယှဉ်ပြီး အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသောက်တတ်ဖို့ လိုအပ်သလို ထုတ်လုပ်သူများအနေနဲ့လည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကိုသာ ထုတ်လုပ်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

## ပဲဈေးနှုန်းကျဆင်းတဲ့အတွက် အိန္ဒိယပဲတောင်သူတို့ ဝင်ငွေကျဆင်းမှာစိုးရိမ်

အိန္ဒိယနိုင်ငံရဲ့ ပဲစိုက်ဧရိယာက ၃၄ ရာခိုင်နှုန်း တိုးတက်လာချိန်မှာ ပဲဈေးနှုန်းတွေ ကျဆင်းတာနဲ့ တိုက်ဆိုင်နေပါတယ်။

ပဲဈေးနှုန်းတွေ ကျဆင်းလာတာကို စားသုံးသူတွေက ကြိုဆိုခဲ့ကြပေမယ့် ဈေးကောင်းရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကုလားပဲကို စိုက် ပျိုးခဲ့တဲ့ လယ်သမားတွေအနေနဲ့ စိုးရိမ်မှုတွေ ကြီးထွားနေပါတယ်။ ပဲတီစိမ်း ခွဲခြမ်းဈေးက အစိုးရသတ်မှတ်ပေးတဲ့ အနိမ့်ဆုံးဈေး (Minimum Support Price) အောက်ကို ကျဆင်းနေပါတယ်။ လွန်ခဲ့တဲ့ ငါးလလောက်က ပဲတီစိမ်းခွဲခြမ်းဈေးက တစ်ကီလိုကို ရူပီး၁၆၀နဲ့ ၁၇၀ ရှိခဲ့ရာမှ ယခုအခါ အကောင်းစားပဲခွဲခြမ်း တစ်ကီလိုကို ၁၄၀နဲ့ ရခဲ့ပါတယ်လို့ အိမ်သုံးဖို့ သွားဝယ်တဲ့ စားသုံးသူတစ်ဦးက ပြောပါတယ်။

ပဲမျိုးစုံလက်လီဈေးများက မေမှာ တစ်ဟုန်ထိုး မြင့်တက်ခဲ့ပါတယ်။ စက်တင်ဘာမှာ ပဲမျိုးစုံဈေးနှုန်းတွေအနက် ဒေလီဈေးကွက်မှာ တစ်ကီလိုကို ပဲစင်းငုံက ၁၅၆ ရူပီးမှ ၁၁၉ ရူပီး၊ မတ်ပဲက ရူပီး ၁၇၀မှ ၁၄၀နဲ့ ပဲတီစိမ်းက ၁၀၃ ရူပီးမှ ၈၇ ရူပီးအသီးသီး ကျဆင်းခဲ့ပါတယ်။

ယခုလို ဈေးနှုန်းကျဆင်းတာက ယခုနှစ် ရိတ်သိမ်းရာသီမှာ သီးနှံအထွက်ကောင်းမယ်လို့ ခန့်မှန်းထားတဲ့အတွက်ဖြစ်ကြောင်း ကျွမ်းကျင်သူတွေက ပြောပါတယ်။

"ဈေးကွက်တွေကတော့ အထွက်နှုန်းခန့်မှန်းချက်ကို အခြေခံပြီး ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်ထဲကို တစ်လအတွင်း သီးနှံတွေဝင်လာတဲ့အချိန်မှာ စောစောပိုင်းက သိုလှောင်ဖို့ ဝယ်ယူနေတဲ့ ဈေးနှုန်းတွေအောက် အများကြီး နိမ့်ကျလာနိုင်စရာရှိပါတယ်"လို့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးပညာရှင် အာရှုတ်ဂူလာတီက ပြောပါတယ်။

" မုတ်သုံမိုးကလည်း ကောင်းနေတော့ ကျွန်တော်ကတော့ ဝယ်ထားမယ့် အိတ်အရေအတွက်ကို လျှော့ချထားပါတယ်။ နေ့အလိုက် ဝယ်ရောင်းပုံစံနဲ့ပဲ သိုလှောင်သွားဖို့ စိတ်ကူးထားပါတယ်"လို့ ဒေလီသီးနှံ ကုန်သည်အသင်းအမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စမီးယားဂတ်က NDTV သတင်းဌာနကို ပြောပါတယ်။ အစားအစာနဲ့ ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီး ရမ်ဗီလပ်စ်ပါဆွန်က ကုန်ပစ္စည်းတွေကို သိုလှောင်မထားဖို့ ကုန်သည်တွေကို သတိပေးထားပါတယ်။

အိန္ဒိယမှာ ပဲမျိုးစုံထုတ်လုပ်မှု မြင့်တက်လာမှာဖြစ်တဲ့အတွက် ပစ္စည်းသိုလှောင်သူတွေအတွက် အကျိုးအမြတ်ရမှာမဟုတ်ကြောင်းနဲ့ ဒီနှစ်ထဲမှာ ထုတ်လုပ်မှု မြင့်တက်မှာဖြစ်တဲ့အတွက် ကုန်ပစ္စည်း သိုလှောင်သူတွေအနေနဲ့ သိုလှောင်ကုန်တွေကို ပြင်ပဈေးကွက်ထဲမှာ ထုတ်ရောင်းရတော့မှာဖြစ်ကြောင်း သူက ပြောပါတယ်။

ညဏ်တင်

## ယခုနှစ်မှာ ကမ္ဘာ့သီးနှံ ထုတ်လုပ်မှု မြင့်တက်မယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ခန့်မှန်း

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (အက်ဖ်အေအို)ရဲ့ အက်ဖ်အေအို စားနပ်ရိက္ခာဈေးနှုန်းအညွှန်းကိန်းက ဩဂုတ်မှာ ဇူလိုင်နဲ့ နှိုင်းယှဉ်ရင် ၁ဒသမ ၉ ရာခိုင်နှုန်းနဲ့ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနဲ့ ဒီလို မြင့်တက်ရတာဟာ ဒိန်ခဲနဲ့ စားအုန်းဆီဈေးနှုန်းတွေ မြင့်တက်လာလို့ဖြစ်ကြောင်း တိုင်းမ်အော့ဖ် အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့အစားအစာ ထုတ်လုပ်မှု ခန့်မှန်းချက်ကို ဇူလိုင်က ခန့်မှန်းချက်ထက် တန်ချိန် ၂၂ သန်း ပိုမိုထွက်ရှိမယ်လို့ ခန့်မှန်းပြီး တန် ၂၅၆၆သန်းအထိ ထွက်ရှိမယ်လို့ အက်ဖ်အေအိုက ကြိုတင်ခန့်မှန်းထားပါတယ်။ ယခုလို ထုတ်လုပ်မှု မြင့်တက်လာရတာဟာ ယခုနှစ်အတွင်း ကမ္ဘာ့ဂျုံထုတ်လုပ်မှု စံချိန်တင်မြင့်တက်သလို အမေရိကန် ပြည်ထောင်စုမှာလည်း ပြောင်းထုတ်လုပ်မှု မြင့်တက်လာတဲ့အတွက် ဖြစ်ကြောင်း အက်ဖ်အေအို အစီရင်ခံစာဖြစ်တဲ့ Cereal Supply and Demand Brief မှာ ဖော်ပြထားပါတယ်။

သီးနှံအထွက်တိုးမယ်လို့ ခန့်မှန်းထားတဲ့အတွက် သိုလှောင်မှုတွေလည်း မြင့်တက်ပြီး သိုလှောင်မှုနဲ့ သုံးစွဲမှုအချိုးက ၂၅ဒသမ ၃ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားကြောင်း အက်ဖ်အေအိုက ပြောပါတယ်။

နိုင်ငံအများအပြား အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှာ ပြောင်းထုတ်လုပ်မှု ပိုမိုမြင့်တက်လာမှာ ဖြစ်တဲ့အတွက် ၂၀၁၆ခုနှစ် ကမ္ဘာ့တိရစ္ဆာန်အစားအစာ သီးနှံထုတ်လုပ်မှုက ၂၀၁၅ ခုနှစ်ကထက် ၂ဒသမ ၁ရာခိုင်နှုန်း ပိုမိုမြင့်တက်ပြီး တန်ချိန် ၁၃၂၉ သန်းအထိ ရှိမယ်လို့ ခန့်မှန်းပါတယ်။

ဩစတြေးလျ၊ မြောက်အမေရိက၊ အိန္ဒိယနဲ့ ရုရှားဖက်ဒရေးရှင်းတို့ရဲ့ ထုတ်လုပ်မှု မြင့်တက်မယ်လို ခန့်မှန်းထားတဲ့အတွက် ဂျုံထုတ်လုပ်မှုက တန်ချိန် ၇၄၁သန်းအထိ ရောက်ရှိမယ်လို့ တိုးမြှင့်ခန့်မှန်းထားပါတယ်။ ယခုနှစ်မှာ ဥရောပသမဂ္ဂရဲ့ သီးနှံထုတ်လုပ်မှုက စိုစွတ်တဲ့ ရာသီဥတုကြောင့် သီးနှံအထွက် ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၁၆-၁၇ ခုနှစ်မှာ ရုရှားနိုင်ငံရဲ့ ထုတ်လုပ်မှုက ဥရောပသမဂ္ဂထက် ပိုမိုများပြားလာမယ်လို့ ခန့်မှန်းထားပါတယ်။

ဆန်ထုတ်လုပ်မှုက ယခုနှစ်မှာ တန် ၄၉၆သန်းအထိ စံချိန်တင် မြင့်တက်မယ်လို့ ခန့်မှန်းထားပါတယ်။ ယခုလို မြင့်တက်လာရတာက အာရှဒေသမှာ ရာသီဥတု အခြေအနေ ကောင်းမွန်ခြင်းနဲ့ ဈေးနှုန်းကောင်းလာတဲ့အတွက် အမေရိကန် လယ်သမားတွေက စပါးသီးနှံကို ပိုမိုပြောင်းလဲ စိုက်ပျိုးလာတဲ့အတွက် ဖြစ်ပါတယ်။

ပြောင်းနဲ့ တိရစ္ဆာန်စာအဖြစ် အသုံးပြုမယ့် အရည်အသွေးနိမ့် ဂျုံထုတ်လုပ်မှုက ၁ဒသမ ၆ရာခိုင်နှုန်း တိုးတက်မှာဖြစ်တဲ့အတွက် ၂၀၁၇ခုနှစ်မှာလည်း သီးနှံထုတ်လုပ်မှု မြင့်တက်မယ်လို့ အက်ဖ်အေအိုက ခန့်မှန်းထားပါတယ်။ ဂျုံနဲ့ တိရစ္ဆာန်အစားအစာ သီးနှံထွက်ရှိမှု မြင့်တက်လာတဲ့အတွက် ၂၀၁၆- ၁၇ ခုနှစ်မှာ သီးနှံအထွက်က တန်ချိန် ၉သန်းအထိ မြင့်တက်ခဲ့ပါတယ်။

ညဏ်တင်

# ဖိလစ်ပိုင်နိုင်ငံက ဆန်တင်သွင်းမှုအရေအတွက် မကန့်သတ်ဘဲ ဆန်ရောင်းဝယ်မှုမဟာဗျူဟာ ချမှတ်မည်

လာမယ့်နှစ်မှာ ဖိလစ်ပိုင်နိုင်ငံက ဆန်တင်သွင်းမှု ကန့်သတ်ချက်ကို ရုပ်သိမ်းပြီးတဲ့နောက် လယ်သမားများက သီးနှံအမျိုးမျိုးကို ဖြန့်ကြက်စိုက်ပျိုးလာစေရန်နဲ့ ပြည်ပကိုတင်ပို့နိုင်ပြီး လယ်သမားတွေ ဝင်ငွေတိုးတက်စေမယ့် မဟာဗျူဟာမြောက် ထုတ်ကုန်တွေ ထုတ်လုပ်လာနိုင်အောင် လယ်သမားများကို အားပေးသွားမှာဖြစ်ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

"ကျွန်တော်တို့ တကယ်တမ်းလိုချင်တာက ဆန်စပါးနဲ့ ပတ်သက်တဲ့ မဟာဗျူဟာမြောက် မူဝါဒနဲ့ လယ်ယာစိုက်ပျိုးရေးမှာလည်း မဟာဗျူဟာမြောက် မူဝါဒတွေရှိဖို့ ဖြစ်ပါတယ်။ ယှဉ်ပြိုင်နိုင်စွမ်းရှိစေမယ့် အခြေအနေတွေ ရှိနေတဲ့အတွက် ကမ္ဘာ့ဈေးနှုန်းနဲ့ ယှဉ်ပြီး ထုတ်လုပ်နိုင်တဲ့ လယ်သမားတွေ ဖိလစ်ပိုင်နိုင်ငံမှာ အများကြီး ရှိပါတယ်။ ဒါပေမယ့် ဆန်စပါးအပြင် တခြားအမျိုးအစားတွေကိုလည်း လယ်သမားတွေက ဖြန့်ကြက်ဆောင်ရွက်ဖို့လိုပါတယ်"လို့ အမျိုးသားစီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (NEDA)ရဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ရို့မေရီ အီဒီလန်က ပြောပါတယ်။

သီးနှံတင်သွင်းမှု အရေအတွက် ကန့်သတ်ချက်က လာမယ့်နှစ်မှာ ကုန်ဆုံးပါမယ်။ ဆန်စပါးဈေးနှုန်းကို ဈေးကွက်အင်အားစုများက ဆုံးဖြတ်လုပ်ကိုင်သွားစေလိုတဲ့အတွက် ဒုတာတေးအစိုးရက ဆန်စပါးတင်သွင်းမှု ကန့်သတ်ချက်ကိုပြန်လည် သက်တမ်းတိုးပေးမှာ မဟုတ်ပါဘူး။ ပြည်တွင်းလယ်သမားများရဲ့ အကျိုးစီးပွားကိုကာကွယ်နိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ အမြင့်ဆုံးခွဲတမ်းကို ကျော်လွန်ပြီး ဆန်တင်သွင်းရင် အခွန် ၃၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံဖို့ သတ်မှတ်ထားခဲ့ပါတယ်။

အစိုးရက အရေအတွက် ကန့်သတ်ချက်ကို ပြန်လည်သက်တမ်းတိုးခြင်း မပြုရုံမက ဆန်တင်သွင်းမှု လုပ်ငန်းကို အမျိုးသားအစားအစာ အာဏာပိုင်အဖွဲ့ (NFA) သို့လွှဲပေးပြီး ဆန်တင်သွင်းရေးလုပ်ငန်းကို စွန့်လွှတ်တော့မှာဖြစ်ကြောင်း (NEDA) ညွှန်ကြားရေးမှူးချုပ် အာနက်စတို ပါနီယာက ပြောပါတယ်။ လက်ရှိရေးဆွဲထားတဲ့ဥပဒေမူကြမ်းအရ ပုဂ္ဂလိက ကဏ္ဍမှ ဆန်စပါးတင်သွင်းမှုကို သီးခြားအခွန် သတ်မှတ်ကောက်ခံမှာ ဖြစ်ပါတယ်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့တဲ့အခါမျိုးမှာ ဆန်ကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးနိုင်ဖို့အတွက် NFA က အရန်ဆန် သိုလှောင်တဲ့လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# ဒုတိယသုံးလပတ်အတွင်း စင်ကာပူတွင်အလုပ်အကိုင်ရှာဖွေသူက လစ်လပ်နေရာထက် ပိုမို

အလုပ်အကိုင် ရှာဖွေရာမှာ လစ်လပ်နေတဲ့နေရာ အကန့်အသတ်ရှိနေတဲ့အတွက် စိတ်ဖိစီးမှုဒဏ်ခံနေရတဲ့ အလုပ်အကိုင်ရှာဖွေသူ အရေအတွက် ပိုမိုများပြားလာပြီး စင်ကာပူတွင် အလုပ်လက်မဲ့နှုန်း ပိုမိုများပြားလာကြောင်း စင်ကာပူ SBR သတင်းတွင် ဖော်ပြပါတယ်။



စုစုပေါင်း အလုပ်လက်မဲ့နှုန်းမှာ မတ်လက ၁ ဒသမ ၉ရာခိုင်နှုန်းရှိခဲ့ရာမှ ဇွန်လတွင် ၂ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း စင်ကာပူလူအင်အားဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်တဲ့ ကိန်းဂဏန်းအချက်အလက်များအရ သိရပါတယ်။

"အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း အလုပ်သမားအရေအတွက် တိုးတက်မှုနှုန်း ကျဆင်းခဲ့တဲ့အတွက် ပထမသုံးလပတ်အတွင်း အလုပ်လက်မဲ့နှုန်းကျဆင်းခဲ့ပြီးနောက် ဒုတိယသုံးလပတ်အတွင်းမှာ အမြဲတမ်းနေထိုင်ခွင့်ရသူ အလုပ်လက်မဲ့နှုန်းက ၂ဒသမ ၇ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ နိုင်ငံသားအလုပ်လက်မဲ့နှုန်းမှာ ၂ ဒသမ ၆ ရာခိုင်နှုန်းမှ ၃ဒသမ ၁ ရာခိုင် နှုန်းသို့လည်းကောင်းအသီးသီး တိုးတက်ခဲ့ပါတယ်"လို့ ဝန်ကြီးဌာနရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ် ဇွန်မှာ အလုပ်လက်မဲ့ ဖြစ်နေသူ စင်ကာပူနိုင်ငံသား ၆၀၁၀၀ ဦးအပါအဝင် စုစုပေါင်းအလုပ်လက်မဲ့ဦးရေမှာ ၆၈၄၀၀ ဦးရှိခဲ့ပါတယ်။ အဆိုပါအရေအတွက်မှာ ပထမသုံးလပတ်က နိုင်ငံသားအလုပ်လက်မဲ့ ၅၀၈၀၀ ဦးအပါအဝင် စုစုပေါင်းအလုပ်လက်မဲ့ ၆၀၄၀၀ ဦးကနေ မြင့်တက်လာတာဖြစ်ပါတယ်။ လူအင်အားဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့စာရင်းအရ ဘွဲ့ရအလုပ်လက်မဲ့ အရေအတွက်မှာ ၂၀၀၉ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအထိ ရောက်ရှိခဲ့တာကို တွေ့ရပါတယ်။

ပညာရေးအရကြည့်ပါက ကာလရှည်ကြာစွာ အလုပ်လက်မဲ့ဖြစ်နေတဲ့ ဘွဲ့ရအရေအတွက်မှာ သုညဒသမ ၈ ရာခိုင်နှုန်းကနေ ၁ ဒသမ ၁ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒီအရေအတွက်က ဘွဲ့ရအလုပ်လက်မဲ့ အမြင့်ဆုံးအဖြစ် ၂၀၀၉ ခုနှစ်က ရောက်ရှိခဲ့တဲ့ ၁ဒသမ ၂ ရာ ခိုင်နှုန်းနီးပါးအထိ ရောက်ရှိခဲ့တာကို တွေ့ရကြောင်း လူအင်အားဝန်ကြီးဌာန အစီရင်ခံစာမှာ ဖော်ပြပါတယ်။ လစ်လပ်အလုပ်အကိုင်နေရာနဲ့ အလုပ်အကိုင်ရှာဖွေသူ အချိုးအစားကိုကြည့်ပါက ၂၀၁၆ ခုနှစ် ဇွန်မှာ အလုပ်အကိုင်ရှာဖွေသူ ၁၀၀ မှာ လစ်လပ် နေရာ ၉၃ ခုအထိ ကျဆင်းခဲ့ပါတယ်။

ရာသီအလိုက် ညှိနှိုင်းတွက်ချက်ထားတဲ့ စာရင်းအရ အလုပ်အကိုင် လစ်လပ်နေရာက ၂၀၁၆ ခုနှစ် မတ်မှာ ၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ် ဇွန်မှာ ၄၉၄၀၀ ဦးသာရှိခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်နောက်ပိုင်း ဆက်တိုက်ကျဆင်းခဲ့တာ ဖြစ်ပါတယ်။

အလုပ်အကိုင် ရှာဖွေသူဦးရေ အောက်ကိုလစ်လပ်နေရာ ကျဆင်းတာက ၂၀၁၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

# လွတ်လပ်စွာ ကုန်သွယ်ခွင့်စာချုပ်များက ဗီယက်နမ်နိုင်ငံ ဆေးဝါးလုပ်ငန်းကိုစိန်ခေါ်

ဒေသတွင်းရှိ ဈေးကွက်ဝေစု ပျောက်မသွားစေရန်အတွက် ပစိဖိတ်ပူးပေါင်းဆောင်ရွက်ရေး စာချုပ် (တီပီပီ)ကို လက်မှတ်မရေးထိုးမီ ဗီယက်နမ် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများရဲ့ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကို တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ထားသင့်တယ်လို့ ကျွမ်းကျင်သူတို့ကပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းက အရှေ့တောင်အာရှဒေသမှာ ရောင်းချရမှုက နှစ်စဉ် ၁၆ ရာခိုင်နှုန်း တိုးတက်ပြီး စုစုပေါင်း ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၃ဒသမ ၃ဘီလီယံရှိပါတယ်။

အကယ်၍ ဗီယက်နမ်နိုင်ငံက တီပီပီသဘောတူစာချုပ်မှာပါဝင်တာနဲ့ တစ်ပြိုင်နက် နိုင်ငံခြားမှ ဆေးဝါးတုထုတ်လုပ်ရေးလုပ်ငန်းများလည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာမှာဖြစ်ရာ ဗီယက်နမ်နိုင်ငံရဲ့ ဆေးဝါးဈေးကွက်ကျဆင်းသွားနိုင်ပါတယ်။ ဗီယက်နမ် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းက ကုန်ကြမ်းအပေါ်မှာ အကြီးအကျယ် မှီခိုနေရတဲ့အတွက် နိုင်ငံခြားကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်ရတဲ့အခါ အခက်အခဲတွေ တွေ့နိုင်ပါတယ်။ ဒါ့အပြင် တခြားကုန်သွယ်ရေး သဘောတူစာချုပ်တွေလိုပဲ တီပီပီသဘောတူစာချုပ်ကြောင့် ဗီယက်နမ်နိုင်ငံထဲကို တင်သွင်းလာတဲ့ ဆေးဝါးအရေအတွက်ပမာဏတွေ ပိုမိုမြင့်တက်လာနိုင်ပါတယ်။

တီပီပီသဘောတူစာချုပ်အရ ဆေးဝါးထုတ်ကုန်တွေအပေါ်မှာ ကောက်ခံတဲ့ အခွန်က ၂ဒသမ ၅ ရာခိုင်နှုန်းကနေ သုညရာခိုင်နှုန်းအထိ လျှော့ချပေးရမှာဖြစ်ပါတယ်။ ဒီလို လျှော့ချပေးလိုက်တဲ့အတွက် နိုင်ငံခြား စီးပွားရေးလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်မှုစွမ်းရည်ကို အားပေးသလိုဖြစ်ပြီး ဗီယက်နမ်ဆေးဝါးတွေထက် မှတ်ပုံတင်ထားတဲ့ ဆေးဝါးတွေကပိုပြီး အသာစီးရသွားနိုင်ပါတယ်။

မူပိုင်ခွင့် အမှတ်တံဆိပ်ရှိပြီးသား ဆေးဝါးတွေကို အချက်အလက် အနည်းအပါးပြုပြင်ရုံနဲ့ မူပိုင်ခွင့် သက်တမ်းကို တိုးမြှင့်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အပြည်ပြည်ဆိုင်ရာ ဆေးဝါးတွေရဲ့ မူပိုင်ခွင့်သက်တမ်းပိုရှည်ရင် ပြည်တွင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းတွေအတွက် အခက်အခဲတွေ တွေ့လာနိုင်တယ်လို့ ဗီယက်နမ်ကျန်းမာရေးဝန်ကြီး လေဗန်ထဂူယင်က ပြောပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် ကုန်အမှတ်တံဆိပ် မပါတဲ့ Generic Drug လို့ခေါ်တဲ့ ဆေးတွေကို ထုတ်လုပ်နေ တဲ့ တခြားနိုင်ငံတွေအတွက်လည်း အခွင့်အလမ်းတွေ ဆုံးရှုံးနိုင်ပါတယ်။

# ထိုင်းနိုင်ငံရှိ အရည်အသွေးနိမ့် ခရီးသွားလုပ်ငန်းများကို ထိုင်းခရီးသွားဝန်ကြီးဌာနနဲ့ တရုတ်ခရီးသွားလုပ်ငန်းတို့ ပူးပေါင်းနှိမ်နင်း

ထိုင်းခရီးသွားလုပ်ငန်းနဲ့ အားကစားဝန်ကြီးဌာနနဲ့ တရုတ်အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး Zero-dollar-tourism လို့ခေါ်တဲ့ အရည်အသွေးနိမ့် ခရီးသွားလုပ်ငန်းများနဲ့ ထိုင်းနိုင်ငံရဲ့ နိုင်ငံခြားသားပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ရှောင်ရှားဖို့အတွက် ထိုင်းအမည်ခံ တရုတ်ခရီးသွားလုပ်ငန်းများကို နှိမ်နင်းတော့မှာဖြစ်ကြောင်း နေးရှင်းသတင်း မှာ ဖော်ပြပါတယ်။

အရည်အသွေးနိမ့် ခရီးသွားလုပ်ငန်း အစီအစဉ်တွေ လျော့ပါးသွားဖို့နဲ့ တရုတ်လူမျိုးတွေရဲ့ တရားမဝင်ခရီးသွားလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ကူညီနေတဲ့ ထိုင်းလူမျိုးများကို နှိမ်နင်းဖို့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနဲ့ အားကစားဝန်ကြီး ကော့ဘကန်းဝပ်တာ နာရမ်ကွန်းနဲ့ တရုတ်အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးရုံးမှ ဗန်ကောက်ရုံး ညွှန်ကြားရေးမှူးတို့က စက်တင်ဘာ ၁၂ရက်က ပြောပါတယ်။

Zero-dollar ခရီးသွား အစီအစဉ်အရ ခရီးသွားအော်ပရေတာများက ထိုင်းနိုင်ငံသို့ လာရောက်မယ့် တရုတ်ခရီးသွားတွေကို အဆမတန်နည်းတဲ့ ဈေးနှုန်းများနဲ့ ကမ်းလှမ်းခေါ်ယူပါတယ်။ ဒါပေမယ့် ရောက်လာတဲ့အချိန်မှာ နောက်ထပ်ကုန်ကျစရိတ်တွေ ထပ်တောင်းတတ်ပါတယ်။

ခရီးသည်တွေရဲ့ အကျိုးစီးပွားနဲ့ တိုင်းပြည်ရဲ့စီးပွားရေးကို ကာကွယ်ရန်အတွက် အရည်အသွေးနိမ့် ခရီးသွားလုပ်ငန်းများနဲ့ ထိုင်းနိုင်ငံသားလို့ အမည်ခံထားတဲ့ လုပ်ငန်းတွေကို နှိမ်နင်းဖို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားက ခရီးသွားလုပ်ငန်းအဖွဲ့နဲ့ သက်ဆိုင်ရာအာဏာပိုင်တွေကို အမိန့်ပေးထားပါတယ်။

နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းအက်ဥပဒေ(Foreign Business Act) ကို ရှောင်ကြဉ်ဖို့အတွက် ထိုင်းနိုင်ငံသား အမည်ခံတွေကို အသုံးပြုတဲ့အပြင် စီးပွားရေးလုပ်ငန်းများက နိုင်ငံခြားသား ခရီးသွားတွေကို လိမ်လည်လှည့်ဖျားပြီး အခွန်များကို လည်း တိမ်းရှောင်တတ်ပါတယ်။ Zero-dollar-tourism က ထိုင်းနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကို ဖျက် ဆီးလာခဲ့တာ နှစ်ပေါင်း ၂၀ကျော်ပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဆန်ဖရန်စစ္စကို**

ဖုန်းကြောင့် မီးလောင်မှုဖြစ်နိုင်တဲ့ အလားအလာတွေရှိတယ်ဆိုတဲ့ သတင်းပေါ်လာပြီးနောက် အမေရိကန်ပြည်ထောင်စုမှာ ရောင်းချထားတဲ့ Galaxy Note 7 စမတ်ဖုန်း တစ်သန်းကို ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီလီမိတက်က ပြန်လည်သိမ်းယူခဲ့ပြီးနောက် တချို့ကို အစားထိုးပေးပြီး တချို့ကို ငွေပြန်အမ်းပေးခဲ့ကြောင်း ရိုက်တာသတင်းမှာဖော်ပြပါတယ်။

**တိုကျို**

လုပ်သားအင်အား ကျဆင်းမှုကို မြှင့်တင်ပေးနိုင်ဖို့အတွက် ဂျပန်နိုင်ငံက ကြီးပမ်းဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံအတွင်းသို့ ပြည်ပလုပ်သားခေါ်ယူမှုကို နှစ်ဆထိမြှင့်တင်သွားမယ့် အစီအစဉ်ရှိတယ်လို့ စက်တင်ဘာ ၁၆ ရက်က စင်ကာပူနိုင်ငံမှာပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဂျပန်နိုင်ငံဝန်ကြီးချုပ်ရဲ့ အထူးအကြံပေးတစ်ဦးဖြစ်သူ အာဏာရ လေဘာလစ်ဘရယ်ဒီမိုကရက်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် မာဆာဟိကိုရှီဘာယာမက ပြောကြောင်း ဘလွမ်းဘတ်သတင်းမှာဖော်ပြပါတယ်။

**ဟန်နိုင်း**

၂၀၁၆ ခုနှစ်မှာ ဗီယက်နမ်ရှိ ထိပ်တန်းကုန်အမှတ် ၅၀ရဲ့ဝင်ငွေက အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံအထိရှိခဲ့ရာ ၂၀၁၅ ခုနှစ်ကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံနဲ့နှိုင်းယှဉ်ရင် တိုးတက်မှုရှိပြီး ကုန်အမှတ်တံဆိပ် ပျမ်းမျှတိုးတက်မှုနှုန်းက ၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် တိုးတက်မှုနှုန်း တန့်နေတဲ့ သို့မဟုတ် ကျဆင်းနေတဲ့ အာဆီယံနိုင်ငံများမှ အခြားလုပ်ငန်းများနဲ့ နှိုင်းယှဉ်ရင် တိုးတက်မှုရှိခဲ့တယ်လို့ စက်တင်ဘာ ၁၅ ရက်က ဟန်ွိုင်းမြို့မှာ ထုတ်ပြန်တဲ့ Brand Finance ရဲ့ အစီရင်ခံစာမှာ ဖော်ပြကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**နယူးယောက်**

ဘဏ်များအချင်းချင်း ငွေပေးချေမှုကို အကာအကွယ်ပေးရန်နှင့် နယ်နိမိတ်ဖြတ်ကျော်ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆိုင်ဘာလုံခြုံမှုကို စစ်ဆေးနိုင်ရန်အတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို စက်တင်ဘာ ၁၆ ရက်က ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗဟိုဘဏ်များ ပါဝင်ဖွဲ့စည်းထားတဲ့ ကော်မတီက ဖွဲ့စည်းပေးခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

## SOUTH ASIA

### ကုန်ပစ္စည်းဝန်ဆောင်မှုခွန် ကောင်စီဖွဲ့စည်းရေးအဆိုကို အိန္ဒိယဝန်ကြီးအဖွဲ့ အတည်ပြု

၂၀၁၇ ခုနှစ် ဧပြီမှစပြီး သွယ်ဝိုက်ခွန် ကောက်ခံရေး စနစ်သစ်စတင်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံဝန်ကြီးအဖွဲ့က ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုခွန်ကောင်စီ (Goods and Services Tax. Council) ကို ဖွဲ့စည်းရေး အဆိုပြုချက်ကို စက်တင်ဘာ ၁၂ ရက်က အတည်ပြုပေးလိုက်ကြောင်း ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။

ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုခွန် ဥပဒေဆိုင်ရာ အခြေခံဥပဒေပြင်ဆင်ချက်နဲ့အတူ ကောင်စီဖွဲ့စည်းရေး အဆိုပြုချက်ကို ဝန်ကြီးအဖွဲ့ကအတည်ပြုပေးခဲ့ကြောင်း သတင်းရပ်ကွက်များက ပြောပါတယ်။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုခွန်ဆိုင်ရာ ဥပဒေမူကြမ်းကို အိန္ဒိယနိုင်ငံသမ္မတ ပရာနပ်မူကာဂျီက ဥပဒေအဖြစ် အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအက်ဥပဒေကို စက်တင်ဘာ ပထမပတ်က အစိုးရပြန်တမ်းမှာ ဖော်ပြပေးခဲ့ပါတယ်။

ဥပဒေ အတည်ပြုပြီးနောက် နောက်တစ်ဆင့် အရေးတကြီး ဆောင်ရွက်ရမှာက ကောင်စီဖွဲ့စည်းရေး ဖြစ်ပါတယ်။ ဥပဒေမူကြမ်းကို ဥပဒေအဖြစ် အတည်ပြုပြီး ရက်ပေါင်း ၆၀ အတွင်း သမ္မတကကောင်စီကို ဖွဲ့စည်းပေးရမှာဖြစ်ကြောင်း အခြေခံဥပဒေပြင်ဆင်မှုမူကြမ်းမှာ ဖော်ပြထားပါတယ်။

ကောင်စီမှာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများရဲ့ တာဝန်ခံဝန်ကြီး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး သို့မဟုတ် ပြည်နယ်ကတာဝန်ပေးအပ်ထားတဲ့ ဝန်ကြီးတစ်ဦးတို့ပါဝင်ပြီး ကောင်စီကို ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ကွပ်ကဲသွားမှာ ဖြစ်ပါတယ်။

## USA

### ၂၀၁၅ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုရှိ အိမ်ထောင်စုများရဲ့ဝင်ငွေမြင့်တက်




အမေရိကန်ပြည်ထောင်စု အိမ်ထောင်စု ဝင်ငွေက နှစ်ပေါင်းများစွာ တိုးတက်မှုနှုန်း တုံ့ဆိုင်းနေပြီးနောက် ၂၀၁၅ ခုနှစ်မှာ စံချိန်တင် မြင့်တက်ခဲ့တဲ့အတွက် မဟာစီးပွားရေး ပျက်ကပ်ကြုံရပြီးနောက်ပိုင်း ပြန်လည် နာလန်ထူမှုက အောက်ခြေ လူတန်းစားတို့ရဲ့ အခြေအနေကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်နိုင်ငံရှိ ပျမ်းမျှ အိမ်ထောင်စု ဝင်ငွေက ၂၀၁၅ ခုနှစ်မှာ ၅ ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ပြီး တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၅၆၅၀၀ ရှိခဲ့ကြောင်းနဲ့ အဓိကအားဖြင့် အလုပ်အကိုင်ရရှိမှုအခြေအနေ မြင့်တက်လာခဲ့တဲ့အတွက်ဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက်က သန်းခေါင်စာရင်း ဗျူရိုမှ ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၆၈ ခုနှစ် နောက်ပိုင်းမှာ အမြင့်ဆုံး မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။

အိမ်ထောင်စုအားလုံး ဝင်ငွေမြင့်တက်လာတယ်ဆိုတာ အံ့သြစရာကောင်းကြောင်း၊ အိမ်ထောင်စု အကြီးအကဲတွေထဲက အသက်အုပ်စုအားလုံး မြင့်တက်တာဖြစ်ပြီး လူမျိုးစုအလိုက်ကြည့်ရင်လည်း အမေရိကန်ရှိ အာရှတိုက်သားများမှအပ အားလုံး မြင့်တာဖြစ်ကြောင်း သန်းခေါင်စာရင်း ဗျူရိုလက်ထောက် ဌာနခွဲမှူး ထရူဒီရင်းဝစ်က သတင်းထောက်တွေကို ပြောပါတယ်။

အစီရင်ခံစာကို ကြည့်ခြင်းအားဖြင့် အစိုးရရဲ့ စီးပွားရေးမူဝါဒများ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနိုင်ပြီ ဆိုတဲ့ သက်သေ အထောက်အထားအဖြစ် သမ္မတဘားရက်အိုဘားမားက ချီးကျူးပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အလုပ်လက်မဲ့ဖြစ်နေသေးတဲ့ အမေရိကန်နိုင်ငံသားများ အလုပ်ခွင် ပြန်ဝင်နိုင် ရေးအတွက် ထပ်မံကြိုးစားဖို့လိုဦးမှာ ဖြစ်ကြောင်းလည်း ပြောပါတယ်။

ဒါပေမယ့် ဆင်းရဲနွမ်းပါးမှု အပါအဝင် တခြားပြဿနာများကို ဖြေရှင်းရန်အတွက် အောက်လွှတ်တော်ရှိ ရီပတ်ဗလစ်ကင် ကိုယ်စားလှယ်များကလည်း ကိုယ်ပိုင် အစီအစဉ်ရေးဆွဲဖို့ ကြိုးပမ်းလျက်ရှိပြီး အစီရင်ခံစာမှာ ပါဝင်တဲ့ အပြုသဘောအမြင်များကို ဆန့်ကျင်လျက်ရှိပါတယ်။

## EU

### အီးစီဘီက စီးပွားရေးတွန်းအားပေးအစီအစဉ်သစ် ချမှတ်ရေးကို ဆိုင်းငံ့ထားဖို့လိုအပ်

စောစောပိုင်းက ချမှတ်ထားတဲ့ မူဝါဒများကို အကောင်အထည်ဖော်ဖို့ အချိန်ပေးတဲ့အနေနဲ့ စီးပွားရေး တွန်းအားပေး အစီအစဉ်သစ်များကို ဥရောပဗဟိုဘဏ် (အီးစီဘီ)က မချမှတ်သေးဘဲ ဆိုင်းငံ့ထားဖို့လိုတယ်လို့ စက်တင်ဘာ ၁၃ရက်က အမှုဆောင်ဘုတ်အဖွဲ့ဝင် ဆာဗင်းလောတင်းရှလင်ဂါးက ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒါကြောင့် ကာလရှည် ငွေကြေးစာချုပ်စာတမ်းတွေကို အများအပြားမဝယ်တော့မယ့် သဘောဖြစ်ကြောင်းလည်း ဖော်ပြပါတယ်။

အီးစီဘီက ဆောင်ရွက်နေတဲ့ နိမ့်ကျတဲ့ အတိုးနှုန်းနဲ့ တစ်လကို ငွေကြေး စာချုပ်စာတမ်း ယူရိုဘီလီယံ၈၀ ဝယ်ယူနေတဲ့ အစီအစဉ်က အလုပ်ဖြစ်နေပေမယ့် နောက်ထပ် စီးပွားရေး တွန်းအားပေး အစီအစဉ်တွေကို ဆောင်ရွက်မယ်ဆိုရင် လုပ်ငန်းတွေ ထိရောက်မှု မရှိတဲ့အပြင် ဘေးထွက်ဆိုးကျိုးတွေ ပိုမိုများပြားလာနိုင်ကြောင်း လောတင်းရှလင်းဂါးက ပြောပါတယ်။

မူဝါဒတွေ အဆင်ပြေ ချောမွေ့စွာ အကောင်အထည်ဖော်ဖို့အတွက် အီးစီဘီဘဏ်က နည်းမျိုးစုံရှာဖွေလျက်ရှိကြောင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းက ၂ ရာခိုင်နှုန်းအောက် ကျနေသေးတဲ့အတွက် ငွေကြေးစာချုပ် စာတမ်းတွေ ဝယ်ယူမှုကို ခြောက်လအချိန်တိုးပြီး ဆောင်ရွက်မှာကို ဈေးကွက်က လက်ခံတဲ့ အနေအထားရှိကြောင်း အီးစီဘီဘဏ် ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက စက်တင်ဘာ ပထမပတ်ကပြောပါတယ်။

## EAST ASIA

### Galaxy Note-7 ကို ပြန်လည်သိမ်းယူရတဲ့အတွက် ဆမ်ဆောင်းကုန်အမှတ်တံဆိပ်ကို မထိခိုက်ကြောင်း အွန်လိုင်းစစ်တမ်းအရ သိရ

ဘက်ထရီ ပြဿနာကြောင့် ဆမ်ဆောင်းကုမ္ပဏီရဲ့ ဂလက်ဆီနုတ်ဆဲဗင်း စမတ်ဖုန်းတွေကို အစုလိုက်အပြုံလိုက် ပြန်လည်သိမ်းယူခဲ့ရပေမယ့် ဆမ်ဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီရဲ့ အမှတ်တံဆိပ်တွေကို နိုင်ငံခြား စားသုံးသူတွေရဲ့ကုန်ပစ္စည်းအပေါ် သစ္စာရှိမှုကို အကြီးအကျယ်ထိခိုက်မှာ မဟုတ်ဘူးလို့ စက်တင်ဘာ ၁၂ ရက်ကထုတ်ပြန်ခဲ့တဲ့ သီးခြားဝက်ဘ်ဆိုက် စစ်တမ်းအရ သိရကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ပြည်ထောင်စုရှိ နည်းပညာ ဝက်ဘ်ဆိုက်အသစ်တစ်ခု ဖြစ်တဲ့ Android Police က အင်တာနက်အသုံးပြုသူ ၁၁၆၂၀ ဦးကို စစ်တမ်းကောက်ယူခဲ့ရာ စမတ်ဖုန်းများကို ပြန်လည် သိမ်းယူခဲ့ရတဲ့အတွက် သူတို့ရဲ့ယုံကြည်မှုကို ထိခိုက်မှုမဖြစ်စေခဲ့ကြောင်း စစ်တမ်းမှာ သဘောထားပေးသူ ၃၉ ရာခိုင်နှုန်းက ပြောပါတယ်။ စစ်တမ်းကို စက်တင်ဘာ ၄ ရက်က စတင်ကောက်ခံခဲ့တာ ဖြစ်ပါတယ်။

ဆမ်ဆောင်းက ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာလျင်မြန်ထိရောက်မှုရှိတဲ့အတွက် ပို၍ပင်ယုံကြည်မှုရှိလာကြောင်း စစ်တမ်းတွင်ပါဝင်သူ ၃၆ ရာခိုင်နှုန်းက ပြောပါတယ်။ Note 7 ကို ပြန်လည်သိမ်းယူရတဲ့အတွက် ဆမ်ဆောင်းစမတ်ဖုန်းတွေကို အနည်းငယ်ယုံကြည်မှုနည်းကြောင်း ၁၃ရာခိုင်နှုန်းကသာ ပြောပါတယ်။ Note 7 ပြဿနာကြောင့် ဆမ်ဆောင်းကို ယုံကြည်မှု လုံးဝမရှိတော့ဘူးလို့ပြောကြားသူက ၁၁ ရာခိုင်နှုန်းရှိပါတယ်။

စက်တင်ဘာ ပထမပတ်က Galaxy Note 7 ရဲ့ ဘက်ထရီမှာ ချွတ်ယွင်းမှုရှိတယ်လို့ ကုမ္ပဏီက ကြေညာပြီးနောက် အမေရိကန်ပြည်ထောင်စုရှိ ဆမ်ဆောင်းယူနစ်က အမေရိကန်ပြည်ထောင်စုစားသုံးသူ ထုတ်ကုန်ဘေးကင်းလုံခြုံရေးကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

စားသုံးသူ ဘေးကင်းလုံခြုံရေးက "ကျွန်တော်တို့ရဲ့ ထိပ်တန်းဦးစားပေး အဖြစ်ရှိနေဆဲဖြစ်ကြောင်း ဆမ်ဆောင်းက ဆက်လက်အာမခံပါတယ်။ ဂလက်ဆီတွေရဲ့ပါဝါကို ပိတ်ပြီး ပြန်လဲဖို့ ဖောက်သည်တွေကို ကျွန်တော် တိုက်တွန်းခဲ့ပါတယ်"လို့ ဆမ်ဆောင်းအီလက်ထရွန်းနစ် အမေရိကကုမ္ပဏီဥက္ကဋ္ဌ တင်မ်ဘက်စတားက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်







စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအသီးသီးရှိ အဓိကဗဟိုဘဏ်တွေက ထောက်ပံ့ကူညီနိုင်မယ့် စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိုးရိမ်မှုနဲ့ ရေနံဈေးနှုန်းများကျဆင်းမှုတို့ကြောင့် စွန့်စားမှုများတဲ့ အာရှငွေကြေးတွေကို ဝယ်ယူဖို့ ရင်းနှီးမြှုပ်နှံသူတွေက တွန့်ဆုတ်လျက်ရှိပါတယ်။ ဒါကြောင့် စက်တင်ဘာ ၁၅ ရက်မှာ ထွန်းသစ်စ အာရှငွေကြေးအများစု တန်ဖိုးကျဆင်းပါတယ်။ အမေရိကန်ဗဟိုဘဏ်နဲ့ ဂျပန်ဗဟိုဘဏ်တို့က စက်တင်ဘာ ၂၀ ရက်နဲ့ ၂၁ ရက်မှာ မူဝါဒတွေကို ပြန်လည်သုံးသပ်မှာ ဖြစ်ပါတယ်။

အိန္ဒိယပို့ကုန်တွေကို အထောက်အကူဖြစ်စေဖို့အတွက် ရူပီးငွေကြေးကို တန်ဖိုးချမယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဆိုပြုမှာဖြစ်ကြောင်း ရုပ်သံမှ ကြေညာပြီးနောက် ရူပီးတန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဘဏ္ဍာရေးဝန်ကြီးဌာနက ငြင်းချက်ထုတ်ပြီးနောက် ရူပီးငွေကြေးတန်ဖိုး အနည်းငယ် ပြန်လည်ဦးမော့လာပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗဟိုဘဏ်များက နောက်ထပ် စီးပွားရေးတွန်းအားပေး အစီအစဉ်တွေကို ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး သံသယဝင်စရာတွေကြီးထွားလာတဲ့ အတွက် ဘွန်းစာချုပ်တွေနဲ့ ဒေသတွင်း ငွေကြေးတွေကို ရင်းနှီးမြှုပ်နှံသူတွေက ပြန်လည်ရောင်းချလျက်ရှိပါတယ်။ ဒါကြောင့် ထွန်းသစ်စ အာရှငွေကြေးတွေအပေါ် ဖိအားပေးမှုတွေ ရှိလာနိုင်ပါတယ်။

**တရုတ်ယွမ်**

ဟောင်ကောင်ဈေးကွက်မှာ ဘဏ်တွေက အမေရိကန်ဒေါ်လာကို ရောင်းချလာတဲ့အတွက် စက်တင်ဘာ ၁၄ ရက်မှာ တရုတ် ယွမ် off shore ရဲ့ တန်ဖိုး ခိုင်မာလာခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က စက်တင်ဘာ ၁၆ ရက်မှာ ပျမ်းမျှငွေကြေးဖလှယ်နှုန်းအဖြစ် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၈၉၅ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်က ဖလှယ်နှုန်းဖြစ်တဲ့ ၆ ဒသမ ၆၇၂၆ ယွမ်နှုန်းအောက် တန်ဖိုးကျဆင်းခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၇၆၆ ယွမ်နှုန်းသတ်မှတ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်က ဖလှယ်နှုန်းနဲ့နှိုင်းယှဉ်ရင် သုည ဒသမ ၈၈ ရာခိုင်နှုန်းပိုမိုမြင့်တက်ခဲ့ပါတယ်။ off shore ယွမ်ရဲ့ ဖလှယ်နှုန်းက အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၇၆၁ ယွမ် နှုန်းရှိခဲ့ရာ onshore ယွမ်ရဲ့ တန်ဖိုး အောက် သုည ဒသမ ဝ၈ ရာခိုင်နှုန်း ကျဆင်းပါတယ်။

**အိန္ဒိယရူပီး**

ပြည်တွင်းရှယ်ယာဈေးကွက်မှာ အိန္ဒိယရှယ်ယာဈေးနှုန်းတွေမြင့်တက်နေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာများကို ပိုမိုရောင်းချလာတဲ့အတွက် စက်တင်ဘာ ၁၆ ရက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၆ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၈၆ ရူပီးနှုန်းရှိခဲ့ပါတယ်။ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုး မြင့်တက်မှုကို အထောက်အကူပေးခဲ့တယ်လို့ ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

အာရှဒေသမှာ အမေရိကန်ဒေါ်လာ တန်ဖိုး ဆက်လက်ကျဆင်းခဲ့ရာ ဂျပန်ယန်းငွေနဲ့ ဖလှယ်ရာမှာ စက်တင်ဘာ ၁၆ ရက်က ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ယန်းငွေဖလှယ်နှုန်းက စက်တင်ဘာ ၁၅ ရက်မှာ နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာ ၁၀၂ ဒသမ ၁၀ ယန်းနဲ့ အာရှဈေးကွက်မှာ ၁၀၂ ဒသမ ၂၈ ယန်းနှုန်း ရှိရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၀၁ ဒသမ ၇၈ ယန်းနှုန်းရှိခဲ့ပါတယ်။ ယူရိုနဲ့ အမေရိကန်ဒေါ်လာတို့ရဲ့ ဖလှယ်နှုန်းက စက်တင်ဘာ ၁၅ ရက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၃၅ ဒေါ်လာ နှုန်းရှိခဲ့ရာ မှ နောက်တစ်နေ့မှာ ၁ ဒသမ ၁၂၄၂ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ ယူရိုနဲ့ ယန်းငွေဖလှယ်နှုန်းက တစ်ယူရိုလျှင် ၁၁၄ ဒသမ ၈၁ ယန်းမှ ၁၁၄ ဒသမ ၇၄ ယန်းသို့ ယူရိုတန်ဖိုး ကျဆင်းခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းငွေကြေး ဝယ်လိုအားကျဆင်းခြင်းနဲ့ ဘာဆာမလေးရှား စတော့ရောင်းဝယ်ရေးဒိုင်မှာ ပြည်တွင်းရှယ်ယာများရဲ့ အလားအလာ မှေးမှိန်မှုတို့ကြောင့် စက်တင်ဘာ ၁၅ ရက်နေ့မှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက စက်တင်ဘာ ၁၄ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၁၂၁၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီမှာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၁၃၄၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

**ကိုရီးယားဝမ်**

စက်တင်ဘာ ၁၆ ရက်မှာ တရုတ်၊ တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယားနဲ့ ဟောင်ကောင်ရှိ ဈေးကွက်များကို အများပြည်သူ အားလပ်ရက်အဖြစ် ပိတ်ထားပါတယ်။

စက်တင်ဘာ ၁၃ ရက်မှာရရှိတဲ့ သတင်းများအရ အမေရိကန်အတိုးနှုန်းမြင့်တင်မှုနဲ့ပတ်သက်တဲ့ စိုးရိမ်မှုများကျဆင်းလာခြင်းနဲ့ဈေးကွက်မှာအဓိကကျတဲ့ ဆမ်ဆောင်းအီလက်ထရွန်းနစ်ရဲ့ ရှယ်ယာဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းတို့ကြောင့် စက်တင်ဘာ ၁၃ ရက်မှာ တောင်ကိုရီးယားရှယ်ယာဈေးတွေမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် တောင်ကိုရီးယားဝမ်တန်ဖိုးက စက်တင်ဘာ ၁၂ ရက်နေ့ကနဲ့ နှိုင်းယှဉ်ရင် ၅ ဒသမ ၃၀ ဝမ်ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၁၈ ဒသမ ၈၀ ဝမ်နှုန်း ကျဆင်းခဲ့ပါတယ်။

**ထိုင်းဘတ်**

ယခုရက်များအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ထိုင်းဘတ်ကို အသားတင်ဝယ်ယူမှု မြင့်မားလာတဲ့အတွက် ထိုင်းဘတ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ စက်တင်ဘာ ၁၇ ရက်သတင်းများအရ အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၉၂ ဘတ်နှုန်းရှိခဲ့ပါတယ်။

## ဩဂုတ်လအတွင်း တောင်ကိုရီးယားဘဏ်များတွင် နိုင်ငံခြားငွေဖြင့် အပ်နှံငွေ မြင့်တက်

တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများနဲ့ ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာဖြင့် အပ်နှံငွေများ တစ်ဟုန်ထိုး မြင့်တက်လာတဲ့အတွက် တောင်ကိုရီးယားဘဏ်တွေမှာ နိုင်ငံခြားငွေဖြင့် အပ်နှံငွေက ဇူလိုင်နဲ့နှိုင်းယှဉ်ရင် ဩဂုတ်မှာ မြင့်တက်လာတယ်လို့ စက်တင်ဘာ ၁၂ရက်က ထုတ်ပြန်တဲ့ ဗဟိုဘဏ်ရဲ့ ကိန်းဂဏန်း အချက်အလက်များအရ သိရကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ပြည်တွင်းနေထိုင်သူများရဲ့ နိုင်ငံခြားငွေဖြင့် အပ်နှံငွေက ဩဂုတ်လကုန်မှာ အမေရိကန်ဒေါ်လာ ၆၇ဒသမ ၃၄ဘီလီယံ ရှိခဲ့ရာ ဇူလိုင်က ရှိခဲ့တဲ့ ပမာဏနဲ့နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံမြင့်တက်ခဲ့ကြောင်း ကိုရီးယားဗဟိုဘဏ်စာရင်းများအရ သိရပါတယ်။

နိုင်ငံခြားငွေဖြင့် အပ်နှံငွေများအနက် တောင်ကိုရီးယားနိုင်ငံမှာ ခြောက်လကျော် နေထိုင်တဲ့ နိုင်ငံခြားသားများနဲ့ တောင်ကိုရီးယားရှိ နိုင်ငံခြားကုမ္ပဏီတွေရဲ့ အပ်နှံငွေတွေ ပါဝင်ပါတယ်။ ဩဂုတ်မှာ လအလိုက် အပ်နှံမှု မြင့်မားရတဲ့ အကြောင်းအရင်းက အမေရိကန်ဒေါ်လာနဲ့ အပ်နှံငွေ မြင့်မားလာတဲ့အတွက် ဖြစ်ပါတယ်။

ဒေါ်လာနဲ့အပ်နှံငွေက ဩဂုတ်လအကုန်မှာ အမေရိကန်ဒေါ်လာ ၁ဒသမ၁၈ ဘီလီယံ မြင့်တက်ခဲ့ပါတယ်။ တရုတ်ယွမ်ငွေနဲ့ အပ်နှံငွေက ဒေါ်လာဖြင့် တွက်ချက်ပါက အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၉၂ ဘီလီယံ ရှိခဲ့ရာ ဇူလိုင်လနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း၉၀ ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁ဒသမ ၉ ဘီလီယံ ရှိခဲ့ပါတယ်။ ယူရိုငွေနဲ့ အပ်နှံငွေက အမေရိကန်ဒေါ်လာသန်း ၁၈၀ မြင့်တက်ပြီး အမေ ရိကန်ဒေါ်လာ ၃ဒသမ ဝ၉ ဘီလီယံ ရှိခဲ့ပါတယ်။

အပ်နှံသူအမျိုးအစားအလိုက် ကြည့်ပါက ကုမ္ပဏီများရဲ့ အပ်နှံငွေက အမေရိကန်ဒေါ်လာ ၅၆ဒသမ ၉၉ဘီလီယံ ရှိခဲ့တဲ့အတွက် ဇူလိုင်လနဲ့ နှိုင်းယှဉ်ပါက သန်း ၂၃၀ ပိုမိုခဲ့ပါတယ်။ တစ်ဦးချင်းအလိုက် အပ်နှံငွေက အမေရိကန်ဒေါ်လာ သန်း ၈၈၀ ပိုမိုပြီး အမေရိကန်ဒေါ်လာ ၁၀ဒသမ ၃၅ဘီလီယံ ရှိခဲ့ပါတယ်။

## အိန္ဒိယပို့ကုန်မြှင့်တင်ဖို့ ရူပီးတန်ဖိုးချမည်မဟုတ်

လောလောဆယ်မှာ အိန္ဒိယနိုင်ငံရဲ့ ရူပီးငွေကြေးကို တန်ဖိုးချဖို့ မလိုအပ်သေးကြောင်း အိန္ဒိယ ကုမ္ပဏီတစ်ခုဖြစ်တဲ့ CLSA India မှ အကြီးတန်းစီးပွားရေး ပညာရှင် ရာဂျစ်မာလစ်က ပြောပါတယ်။ လောလောဆယ် ရူပီးငွေကြေးကို တန်ဖိုးချလိုက်ရင် ကုန်ကျစရိတ်တွေ မြင့်တက်လာနိုင်တယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ထိခိုက်ပြီး ငွေကြေးစီးဆင်းမှုကို ဂယက်ရိုက်ခတ်နိုင်တယ်လို့ မာလစ်ကပြောကြားကြောင်း မန်းနီးကွန်ထရိုဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။ ဒါပေမယ့် အိန္ဒိယ အစိုးရကတော့ အိန္ဒိယပို့ကုန်တွေ ယှဉ်ပြိုင်မှုစွမ်းရည် မြင့်တက်လာစေဖို့အတွက် ရူပီးငွေကြေးကို တန်ဖိုးချဖို့ စဉ်းစားနေပါတယ်။

အိန္ဒိယ ဗဟိုဘဏ်ရဲ့အဆိုအရ ရူပီးငွေတန်ဖိုးက ၁၀ ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းအထိ မြင့်တက်နေတယ်လို့ဆိုပါတယ်။ ဒီလိုတန်ဖိုးချလိုက်ရင် အိန္ဒိယပို့ကုန်ပစ္စည်းတွေ ပိုမို ဈေးသက်သာလာပြီး ယှဉ်ပြိုင်မှုစွမ်းရည် မြင့်တက်လာမယ်လို့ ယူဆထားပုံရပါတယ်။ ဒါပေမယ့် ဒီလိုလုပ်မယ့်အစား ထုတ်လုပ်မှု စွမ်းရည်မြင့်တက်ဖို့နဲ့ လုပ်ငန်းတွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ပြင်ဆင်ပြီး ယှဉ်ပြိုင်မှု စွမ်းရည်မြင့်တက်လာအောင် ဆောင်ရွက်ဖို့လိုတယ်လို့ မာလစ်က ပြောပါတယ်။ ဒီလိုဆောင်ရွက်မှသာ ပို့ကုန်ပမာဏမြင့်တက်ပြီး ငွေကြေးဖလှယ်နှုန်းကို အထောက်အကူပေးလိမ့်မယ်လို့ သူက ပြောပါတယ်။

"အစိုးရကဆောင်ရွက်နေတဲ့ Make in India အစီအစဉ်နဲ့ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု လွယ်ကူ ချောမွေ့စေရေး အစီအစဉ်က ခန့်မှန်းထားတဲ့အတိုင်း ဖြစ်လာခဲ့မယ်ဆိုရင် ပို့ကုန်တွေ မြင့်တက်လာနိုင်ပါတယ်" လို့ မာလစ်က ပြောပါတယ်။

အိန္ဒိယနိုင်ငံက ငွေကြေးဖောင်းပွမှုဒဏ်ကို ခံနေရဆဲဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေတဲ့အတွက် ရူပီးတန်ဖိုး အလိုလို ကျဆင်းမယ့် အခွင့်အလမ်းတွေ ရှိနေသေးကြောင်းလည်း သူက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# King White Horse Trading Co.,Ltd.

Dealer of cold drink, food and bakery raw materials.

**Importer** of food flavours, colors essential oil and other food raw material

No.(170), 2nd Floor, (31st Street), 11 Quarter, Pabedan Township,Yangon, Myanmar.
Hp : 09-73224967, 951-242324 Fax : 951-374199
E-mail : kwhmyanmar@gmail.com, kwhtrading@myanmar.com.mm, kwhtrade@myanmar.com.mm
website : www.kingwhitehorse.com





## MMID မန္တလေး–မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေး စီမံကိန်း

မန္တလေး–မြို့သာ စက်မှုဥယျာဉ်တွင် ပါဝင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ

- လယ်ယာသုံးစက်နှင့် စက်အရံအပိုပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ
- သယ်ယူပို့ဆောင်ရေးနှင့် ကုန်သိုလှောင်ရုံများ
- အထည်ချုပ်စက်ရုံများ၊ အိမ်သုံးပရိဘောဂဆိုင်ရာ ထုတ်လုပ်သည့်စက်ရုံများ
- SME - စက်ရုံများ၊ ဟိုတယ်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ
- Electronic & I.T ဆိုင်ရာထုတ်လုပ်သည့် စက်ရုံများ
- လျှပ်စစ်ဓါတ်အားခွဲရုံနှင့် ဆက်သွယ်ရေးဆိုင်ရာဌာနများ
- ဘဏ်များ၊ Shopping Center, Residential ဝန်ထမ်းအိမ်ရာများ
- ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်းများ တည်ဆောက်ခြင်း



www.mmidproject.com

ဆက်သွယ်စုံစမ်းရန် ➡ ၀၂ – ၆၅၉၅၅၈၊ ၀၂ – ၈၂၀၅၀ ၀၉ – ၃၃၀၆၄၈၉၆၊ ၀၉ – ၃၃၀၆၄၈၉၇

မန္တလေး–မြို့သာ စက်မှုဥယျာဉ် အနာဂါတ်ပုံရိပ်






# CHANGI-Light Myanmar Co.,Ltd

SPECIALISED LIGHTING SUPPLIER FOR COMMERCIAL,INDUSTRIAL & RESIDNETIAL BUILDINGS



Download CHANGI-Light For more information
Play Store | Available on the Apps Store

## Office Address

No.B/5(12), Malikha Housing, Yadana Street , Thingangyun Township, Yangon, Myanmar.
Tel : 01-565117, (959)5063679, (959)250076691
Email : sales@changilight-myanmar.com
Website : changi-light.com.sg

# မင်းလမ်း

ရခိုင်ရိုးရာလက်ညှစ်မုန့်တီနှင့် လက်ဆတ်သောပင်လယ်စာ


No.1, Min Lan St, South Saya San Ward,Bahan., Yangan. Tel: 01 551259 , 09263698622
No.16, Parami Road, Mayangone, Yangan. Near RC-2, Tel: 09 73036990 , 0973112984
No.(77/C), Shin Saw Pu Road, Opposite MEP, SanChaung,Yangon. Tel : 0943125152, 09 421149649
Near Inya Lake,(Near Tadar Phyu Bus Stop), Kamayut, Yangon.Tel : 09 73118696, 09 969910409
No.69,Waizayandar Road,Industrial Zone, SouthOkkalarpa, Yangon. Tel : 09 30170200, 09 261451439
\E-mail - office@minlanseafood.com, Website - www.minlanseafood.com



Steamed Crab



Fisherman Curry



Steamed Mantic





Squid Salad (Spicy)



Steamed Lobster






Rakhine Traditional Rice noddle and Fish Soup (with egg)



Bamboo Clem Salad (Spicy)



Bamboo Clam Salad (Spicy)



Bomboo Clam Salad (Sweet)

# ဗီယက်နမ်သစ်သီးပြည်ပတင်ပို့မှုက ဆန်တင်ပို့မှုဝင်ငွေကိုကျော်လွန်

ဆန်တင်ပို့မှု အင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်မလား၊ သစ်သီးတင်ပို့မှု အင်အားကြီးနိုင်ငံအဖြစ် ဆောင်ရွက်သွားမလားဆိုတာကို ရွေးချယ်ဖို့ ဗီယက်နမ်ခေါင်းဆောင်များကို ကျွမ်းကျင်ပညာရှင်တို့က နှိုးဆော်ထားကြောင်း ဗီယက်နမ်နက်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုနှစ်ပထမခုနစ်လမှာ ဗီယက်နမ်ရဲ့ သစ်သီးတင်ပို့မှုမှ ရရှိတဲ့ဝင်ငွေက ဆန်တင်ပို့မှုဝင်ငွေကို ပထမဆုံးအကြိမ်အဖြစ် ကျော်လွန်ခဲ့ကြောင်း၊ အထွေထွေအကောက်ခွန်ဌာနက အသစ်ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

ဗီယက်နမ်သစ်သီးတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံအထိ ရရှိခဲ့ပေမယ့် ဆန်တင်ပို့မှုမှ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၂ ဘီလီယံသာရရှိ ခဲ့ကြောင်း၊ အစီရင်ခံစာမှာဖော်ပြထား ပါတယ်။ ဒီကိန်းဂဏန်းတွေကို ကြည့်ခြင်းအားဖြင့် ကမ္ဘာမှာ ဆန်အများဆုံး တင်ပို့တဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားခဲ့တဲ့ ဗီယက်နမ်အတွက် အံ့ဩစရာ ဖြစ်ခဲ့ရပါတယ်။ ကမ္ဘာ့ဆန်အများဆုံးတင်ပို့ခဲ့တဲ့ နိုင်ငံဆိုတဲ့အမည်ကိုထိန်းထားနိုင်ဖို့အတွက် ဗီယက်နမ်နိုင်ငံက စပါးစိုက်ပျိုးရာ နယ်မြေတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ အမြောက်အမြား ပြုလုပ်ခဲ့ပါတယ်။ ဒီပမာဏဟာ သစ်သီးထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ နှိုင်းယှဉ်ရင် အဆမတန် များပြားခဲ့ပါတယ်။

ဒါပေမယ့် လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း အသစ်ထွန်းကားလာတဲ့ သစ်သီးထုတ်လုပ်မှုက ဆန်ထုတ်လုပ် မှုထက် လျင်မြန်စွာကျော်လွန်လာပြီး ကာလရှည်ကြာစွာ အကျိုးခံစားခွင့်တွေ ရရှိခဲ့ပါတယ်။ မူအားဖြင့်ပြောရရင် အကျိုးအမြတ်နည်းတဲ့ ထုတ်လုပ်မှုနယ်ပယ်မှာ ဘယ်သူမှ ပိုပြီးရင်းနှီးမြှုပ်နှံမှာ မဟုတ်ကြောင်း လေ့လာဆန်းစစ်ရေးမှူးတစ်ဦးက ပြောပါတယ်။ ယခုအချိန်မှာ ဗီယက်နမ်က တကယ့်အဖြစ်အမှန်ကို လက်ခံပြီး ဗီယက်နမ်ဆန်ရဲ့ အနေ အထားကို လက်ခံထားဖို့လိုကြောင်း သူကပြောပါတယ်။

သစ်သီးတင်ပို့မှုက ဆန်တင်ပို့မှုကို ပိုမိုလွှမ်းမိုးလာတော့မယ်ဆိုတာကို ခန့်မှန်းနိုင်ပြီဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးပညာရှင် ငုယင်ကွက်ဗောင်က ပြောပါတယ်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှာ ပူပြင်းခြောက်သွေ့မှု ပြင်းထန်ခြင်းနဲ့ ကမ္ဘာ့ဈေးကွက်ထဲမှာ ဈေးနှုန်းတွေကျဆင်းခြင်းတို့ကြောင့် ယခုနှစ်ပထမနှစ်ဝက်မှာ ဆန်တင်ပို့မှု က စိတ်ကျေနပ်စရာမရှိခဲ့ကြောင်း၊ ဒါကြောင့် သစ်သီးတင်ပို့မှုလုပ်ငန်းက သာလွန်လာတော့မှာ မလွဲပါဘူးလို့ သူက ပြောပါတယ်။ **UNT**


Japan, Korea, Singapore, Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO SERVICES ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO SERVICE FOR MYANMAR

<< AUGUST And SEPTEMBER Sailing Schedule >>

DATE : 19th September 2016

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | | 9.7.2016 | | 13.7.2016 | 14.7.2016 | | | | 23.7.2016 | 27.7.2016 | 4.8.2016 |
| | S/O CUT | | | | | 8.7.2016 | | 5.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | 27.7.2016 | | | | 30.7.2016 | 29.7.2016 | | | | 7.8.2016 | 12.8.2016 | |
| | S/O CUT | | | | | 23.7.2016 | | | | 26.7.2016 | 25.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | | 17.8.2016 | | 15.8.2016 | | 18.8.2016 | 19.8.2016 | | 13.8.2016 | | 27.8.2016 | 1.9.2016 | 8.9.2016 |
| | S/O CUT | | | | | 13.8.2016 | | 11.8.2016 | | 14.8.2016 | 15.8.2016 | | | | | | |
| MV.HOEGH CHENNAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | 31.8.2016 | | | | 1.9.2016 | 2.9.2016 | | | | 12.9.2016 | 16.9.2016 | |
| | S/O CUT | | | | | 27.8.2016 | | | | 28.8.2016 | 29.8.2016 | | | | | | |

***** SUBJECT TO CHANGE WITH OR WITHOUT NOTICE *****

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542, 2306027, 2306028
Mobile : + 95 9 5035797
Fax : + 95 1 2305543
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ),
: docs.gle@gmail.com ( Document ), gleltd.marketing@gmail.com ( Marketing ),
: goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)

Business Development Manager : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Tin Tun Aung (95 9 448049234)
Mr. Thiha Theik (95 9 5145801)
Customer Service : Ms. Hilda (95 9 402794677)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing : Ms. Ja Seng Eain ( 95 9 262611717)
Marketing : Mr.Kyaw Kyaw Aung(959420085073)

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။



